# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့၊ (9-3-2015) (၈၁၃၉)


ကျွန်တော်တို့ ပြောကောင်းရုံကလေးအတွက် ကြိုးပမ်းနေကြတာမဟုတ်ပါဘူး။ ခပ်တိုတိုပြောရရင် လူတန်းစေ့စေ့နေနိုင်အောင် လုပ်ပေးဖို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြတာ၊ အဲဒီတော့ လွတ်လပ်ပြီးတဲ့နောက် လူတန်းစေ့စေ့နေနိုင်ဖို့ အလုပ်တွေကို မလုပ်ရဘဲ ကဖျက်ယဖျက်သမားတွေရဲ့ နှောင့်ယှက်မှုတွေကို တုံ့ပြန်နေရတာနဲ့သာ အချိန်ကုန်နေကြရမယ်ဆိုရင် လွတ်လပ်ရေးရတာဟာ အဓိပ္ပာယ်ကို ရှိမှာမဟုတ်တော့ဘူး။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဧပြီလ ၅ ရက်နေ့ ရေဒီယိုအသံလွှင့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

**နေပြည်တော် မတ် ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် မလေးရှားနိုင်ငံ ဘုရင် ဆူလတန်အဗ္ဗဒူဟာလင်မ် မူအက်ဒ်ဇမ်ရှားနှင့် မိဖုရား ရာဂျာ ပါမိုင်ဆူရီ အက်ဂွန်တွန်ကူ ဟာဂျာ ဟာမီနာတို့၏ ဖိတ်ကြားချက်အရ မကြာမီကာလအတွင်း မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်း အမျိုးသမီးသက်မွေးပညာသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်းများမှထုတ်လုပ်သည့် ထွက်ကုန်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၈

**"လူသားအားလုံးတိုးတက်ဖို့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်လို့ ပံ့ပိုးကြပါစို့" ဦးတည်ချက်ဖြင့် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## မန္တလေးတိုင်းဒေသကြီး၏ ဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်စေရန် လာမည့်နှစ်အတွင်း မိုဘိုင်းဆက်သွယ်ရေး စခန်းပေါင်း ၁၇၂၇ ခု တိုးချဲ့တပ်ဆင်မည်

စာမျက်နှာ » ၅

## အစွန်းရောက်သည့် ပညာရေးလွတ်လပ်ခွင့်မျိုး မဖြစ်သင့်ပါ

စာမျက်နှာ » ၆



## ဇလွန်အဝေးပြေးလမ်းမကြီး အဆင့်မြင့်နည်းပညာဖြင့် တည်ဆောက်

**ဇလွန် မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့၏ အဝေးပြေးလမ်းမကြီးမှာ ရန်ကုန်မြို့မှ ဓနုဖြူ ဇလွန်မြို့ကိုဖြတ်၍ ပြည်မြို့အထိ ဆက်သွယ်ထားသည်။

ဇလွန်မြို့၏ လမ်းပိုင်းအစဖြစ်သည့် ဇလွန်ပြည်သူ့ဆေးရုံလမ်းမကြီးမှ ဓနုဖြူမြို့နယ် သဖြူကျေးရွာအထိ ၂၄ မိုင် ၂ ဖာလုံ လမ်းပိုင်းကို မြန်မာရွှေသရဖူကုမ္ပဏီမှ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ယင်းလမ်းပိုင်းကို ဂျပန်ပညာရှင်များဖြင့် လမ်းအရည်အသွေးအနေအထားများကို ကွင်းဆင်းတိုင်းတာဆောင်ရွက်ပြီး ဂျပန်နည်းစနစ်အတိုင်း တည်ဆောက်လျက်ရှိသည်။ အကျယ် ၂၄ ပေ၊ လမ်းပခုံး ၁၀ ပေ၊ အမြင့် ရေချိန် ၂ ပေ ၆ လက်မခန့်ရှိ အဆိုပါလမ်းပိုင်းတည်ဆောက်မှု နှစ်နှစ်ကျော်ခန့်ကြာမြင့်မည်ဟု သိရသည်။


လမ်း၏ အရည်အသွေးကိုလည်း အမြင့် ၂ ပေ ၆ လက်မ မရောက်မီကြား အလွှာတိုင်းကိုလည်း(မြေစမ်းသပ်)နည်းပညာဖြင့် မြေ၊ သဲ၊ ကျောက်စသည်တို့ စမ်းသပ်အောင်မြင်ပြီးပါမှ နိုင်လွန်ကတ္တရာဖျော်စက်မှ ထွက်ရှိလာသည့် အရည်အသွေးမီနိုင်လွန်ကတ္တရာဖြင့် ထပ်မံတည်ဆောက်လျက်ရှိသည်။

ထို့အပြင် ဓနုဖြူမြို့နှင့် ဇလွန်မြို့မှ ပြည်သူ့ဆောက်လုပ်ရေးအင်ဂျင်နီယာများနှင့်လည်း ဆောင်ရွက်လျက်ရှိသည်။

ဇီးဖြူကုန်း မိုင်တိုင်အမှတ် ၂၅ မိုင် ၁ ဖာလုံတွင် အရည်အသွေးသန့် နိုင်လွန်ကတ္တရာဖျော်စက် တည်ဆောက်ပြီး မိုင်တိုင်အမှတ် ၂၃ မိုင် ၁ ဖာလုံတွင် ရုံးခန်း၊ ဓာတ်ခွဲခန်း၊ ဝန်ထမ်းအိမ်ရာနှင့် စက်ယန္တရားများထားရှိလုပ်ဆောင်လျက်ရှိသည်။

စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဦးအောင်မိုးကလည်း စက်ယန္တရား

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ✳**

a lu ; r p m w n ; ½ a x m i ၉-၃-၂၀၁၅၊ တနင်္လာနေ့

# သမ္မာအာဇီဝပြုမှ လူ့ဘဝချမ်းသာ

လောကလူသားများသည် မိမိတို့ဝမ်းရေးအတွက် တစ်နေ့ကုန်စီးပွားရှာဖွေကြရသည်။ ထိုမှတစ်ဆင့်တက်သော် မိမိတို့မိသားစုဘဝ၏ လိုအပ်ချက်အဝအဝကို ဖြည့်ဆည်းနိုင်ရန် ကြိုးစားရှာဖွေကြသည်။ ထို့ထက်တစ်ဆင့်တက်သော် မိမိတို့မိသားစုဘဝချမ်းသာရေး၊ မိမိတို့၏ရည်မှန်းချက်ပြည့်စုံရေးအတွက် စီးပွားဥစ္စာများကို မနားတမ်းကြိုးစားရှာဖွေကြသည်။

ထိုသို့ရှာဖွေကြရာတွင် ချွေးနဲ့စာကို ရိုးသားစွာဖြင့် ကြိုးစားရှာဖွေကြသူများရှိသလို မရိုးမသား ရှာဖွေကြသူများလည်းရှိမည်။ ဖြတ်လမ်းလိုက်ရှာဖွေကြသူများလည်းရှိမည်။ သမ္မာအာဇီဝမကျသောနည်းလမ်းဖြင့် ရှာဖွေကြသူများလည်းရှိမည်။ မိမိစီးပွားရရှိရေးအတွက် အများအကျိုးမကြည့်ဘဲ ပြီးပြီးလွယ်လွယ် လုပ်ကိုင်ကြသူများ၊ အကျိုးအမြတ်ပိုထွက်အောင် သက်သာရာနည်းလမ်း ရှာကြသူများလည်းရှိမည်။

မည်သို့ပင်ဆောင်ရွက်သည်ဖြစ်စေ မမှန်ကန်သော နည်းလမ်းဖြင့်စီးပွားရှာခြင်းသည် သမ္မာအာဇီဝစီးပွားရှာခြင်း မဟုတ်၍ မိမိစီးပွားဖြစ်သော်လည်း အများအကျိုးကို ထိခိုက်စေပါသည်။ ထို့ကြောင့် မိမိလည်းစီးပွားဖြစ်စေ၊ အများလည်းအကျိုးရှိစေမည့် ထိုက်သင့်သောအကျိုးအမြတ်ရရှိပြီး မိမိ သူတစ်ပါး အကျိုးမျှတသော စီးပွားဥစ္စာရှာဖွေခြင်းတို့ကို ပြုလုပ်ဆောင်ရွက်သင့်ပါသည်။

အပြစ်ကင်းသောအလုပ်၊ အများအကျိုးပြုသောအလုပ်တို့ကို လုပ်ဆောင်ခြင်းဆိုသည်မှာ ဥပုသ်သီလစောင့်ခြင်းနှင့် အလားတူပါသည်။ မိမိအကျိုးနှင့် ရပ်အကျိုး၊ ရွာအကျိုး၊ တိုင်းကျိုးပြည်ကျိုး၊ အမျိုးဘာသာ သာသနာအကျိုးစသော သူတစ်ပါးအကျိုးများကို ပြုလုပ်ဆောင်ရွက်ခြင်းလည်း မည်ပါသည်။ ထိုသို့ ပြုလုပ်ဆောင်ရွက်သောကြောင့် “အနဝဇ္ဇာနိ ကမ္မာနိ”ဟူသော မင်္ဂလာတရားနှင့်ညီပါသည်။

အချို့သော စီးပွားဥစ္စာရှာဖွေမှုမျိုးတွင် လူတို့ကို ချက်ချင်းလက်ငင်းမထိခိုက်သေးသဖြင့် အပြစ်မရှိ၊ အန္တရာယ်မရှိဟု ထင်မိကြမည်ဖြစ်သော်လည်း တစ်ချိန်ချိန်တွင် လူတို့ကိုထိခိုက်စေသောကြောင့် မကောင်းသော အသက်မွေးမှုဟုလည်း ဆိုရပါမည်။ အထူးသဖြင့် ကျန်းမာရေးအရ လူတို့အား တစ်စတစ်စကြွေလွင့်ကြရသော အဖြစ်များကို ဆိုချင်ပါသည်။

တရားတော်တွင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း၊ ကာမဂုဏ်တို့၌မှားယွင်းစွာပြုကျင့်ခြင်း၊ လိမ်ညာပြောဆိုခြင်းတည်းဟူသော ဤလေးမျိုးကို “ပါပ”မကောင်းမှုများဟု ဆိုထားပါသည်။ ထိုကဲ့သို့မကောင်းမှုမမြောက်ဟု ထင်ရသော်လည်း ယင်းနှင့်အလားသဏ္ဍာန်တူသော သူ့အသက်ကို သေစေနိုင်ခြင်း၊ သူ့တစ်ပါးထံမှ မမှန်ကန်သောနည်းဖြင့်ရယူခြင်း၊ ကာမဂုဏ်တပ်မက်မှုဖြင့် မှားယွင်းစွာဆောင်ရွက်ခြင်း၊ လိမ်ညာပြောဆိုခြင်းတို့သည် မကောင်းမှုပင်ဖြစ်ပါသည်။

ထိုသို့သော မကောင်းမှု“ပါပ”မှ ရှောင်ကြဉ်ခြင်းသည် သီလဆောက်တည်ထားခြင်းနှင့်တူသော အာရတီ (ပါပါ)မည်ပါသည်။ ကျူးလွန်ခွင့်ကြုံပါလျက်၊ ကျူးလွန်ခွင့်ရပါလျက် မကျူးလွန်ဘဲ ကိုယ်နှုတ်တို့ဖြင့် ရှောင်ကြဉ်ခြင်းသည် ဝိရတီ(ပါပါ)မည်ပါသည်။ အသက်မွေးဝမ်းကျောင်းအမှုတို့၌လည်း ထိုသို့ပင်အလားသဏ္ဍာန်တူပါသည်။ ထိုရှောင်ကြဉ်ခြင်းနှစ်မျိုးဖြင့် ရှောင်ကြဉ်လုပ်ကိုင်ကြလျှင် မင်္ဂလာရှိသောအလုပ်မည်ပါသည်။

သို့သော် သမ္မာအာဇီဝမပြုသောလူတို့သည် တရားနှင့် မယှဉ်သဖြင့် မိမိအကျိုးစီးပွားအတွက် ကျူးလွန်မြဲ ကျူးလွန်တတ်ကြသည်။ သူ့အသက်ခန္ဓာထိခိုက်ပျက်စီးစေနိုင်သည်ကိုလည်းမကြည့်၊ ခိုးယူခြင်းမည်သော အလေး၊ တင်းတောင်းမပြည့်ခြင်းကိုလည်းမကြည့်၊ ရလိုမှုအတွက် လိမ်ညာပြောဆိုခြင်းကိုလည်းမကြည့်၊ မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာကြည့်၍ ဆက်လက်လုပ်ကိုင်မြဲလုပ်ကိုင်တတ်ကြသည်။

အမှန်တွင် အကုန်နှင့်အရ မျှတသောအသက်မွေးမှုရှိအောင် အားထုတ်လျှင်ပင် ကြီးပွားချမ်းသာနိုင်ပါသည်။ တရားသဖြင့် မိမိရှာဖွေထားသော ပစ္စည်းဥစ္စာတို့၏အရ အကုန်၊ ဝင်ငွေ၊ ထွက်ငွေတို့ကို စနစ်တကျစာရင်းဇယားထားပြီး အကုန်နှင့်အရ မျှတအောင် အသက်မွေးမှုခြင်းဖြင့် “သမ္မာဇီဝိတသမ္ပဒါ” မည်ပေရာ မိမိလည်းအကျိုးရှိ လူအများလည်း ကျန်းမာလန်းဖြာပေလိမ့်မည်။ ။

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများနှင့် ဌာနေပြန်ကြမည့် ပြည်သူများအား ပြည်ထောင်စုဝန်ကြီးဦးလှထွန်း တွေ့ဆုံအားပေး



ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မန်ဆူရှမ်းကျောင်းတိုက်ရှိ လောက်ကိုင် တိုက်ပွဲရှောင်ဒုက္ခသည်များအား တွေ့ဆုံအားပေးနေစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၈**

လားရှိုးမြို့တွင် ရောက်ရှိနေသော ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် မတ် ၇ ရက်နံနက်ပိုင်းတွင် သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်သို့ သွားရောက်ပြီး မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒနှင့်အတူ တိုက်ပွဲရှောင်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး သက်ဆိုင်ရာ နေရပ်အသီးသီးသို့ ပြန်နိုင်ရန်အတွက် လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ပေး၍ လားရှိုးမြို့မှ မန္တလေးမြို့သို့ မော်တော်ယာဉ်များ စီစဉ်ပေးခဲ့ပြီး မန္တလေးမှတစ်ဆင့် ၎င်းတို့နေထိုင်ရာ နေရပ်အသီးသီးသို့ ပြန်နိုင်ရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့မှတစ်ဆင့် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တာဝန်ထမ်းဆောင်နေရာမှ ကိုးကန့်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် နယ်မြေတည်ငြိမ်မှု ပျက်ပြားခဲ့သဖြင့် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိလာကြသည့် နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံ့ဝန်ထမ်းများသည် ကိုးကန့်ဒေသတွင် တာဝန်ထမ်းဆောင်နေစဉ် ကိုးကန့်သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နယ်မြေတည်ငြိမ်မှု ပျက်ပြားခဲ့ရပြီး ပညာရေးဝန်ထမ်းများ အပါအဝင် အခြားဝန်ထမ်းများ၊ ဒေသခံများ ဒုက္ခရောက်ခဲ့ရကြောင်း။

နယ်မြေတည်ငြိမ်အေးချမ်းစေရန်အတွက် တပ်မတော်ကို တာဝန်ပေးအပ်ထားပါကြောင်း၊ နိုင်ငံ့တာဝန်များကို စွန့်စွန့်စားစား တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာ ဆရာမများကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးစားပမ်းစားဖြင့် စေတနာအရင်းခံထားရှိ၍ သင်ကြားပေးခဲ့ကြသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း။

ဒေသတွင်း အုပ်ချုပ်မှုစနစ်တကျဖြစ်စေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိရန်အတွက် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ ပြည်ထောင်စုကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပညာတတ်မှသာ ဆင်ခြင်တုံတရားရှိမည်ဖြစ်၍ ပညာတတ်များဖြစ်အောင် သင်ကြားပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးမှုနှင့် သောင်းကျန်းသူချုပ်ငြိမ်းမှုအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမ ၈၉ ဦးအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၈၉ သိန်းအားလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းနှုန်းဖြင့် ငွေကျပ် ၂၆၇၀၀၀၀ အား ပြည်နယ်ဝန်ကြီး ဒေါက်တာမျိုးထွန်းကလည်းကောင်း ပေးအပ်ရာ ဆရာ ဆရာမများကိုယ်စား ကိုယ်စားလှယ်နှစ်ဦးစီက လက်ခံရယူကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဆရာ ဆရာမများအနေဖြင့် မူလကထားရှိပြီးဖြစ်သည့် စိတ်ကောင်း၊ စေတနာကောင်းဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ဖွဲ့မလျှော့ကြရန်နှင့် ယခုဖြစ်စဉ်သည် ဘဝအတွေ့အကြုံတစ်ခုရရှိသည်ဟု ခံယူကြရန်လိုကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဟူသော မွန်မြတ်သော စိတ်ကောင်းထားရှိ၍ ပညာရေးကဏ္ဍတွင် နောက်ကျကျန်ခဲ့သည့်ဒေသများမကျန်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ မတ် ၆ ရက်တွင် လားရှိုးမြို့သို့ ရောက်ရှိလာသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများမှာ စုစုပေါင်း ၃၁၂ ဦးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**







ဆရာဒွေး အင်္ဂလိပ်စာ သဒ္ဒါ
အရေးသီးသန့် နှင့် Speaking
မတ်လ(၉)ရက်စမည်
Guide များအိမ်လိုက်သင်သည်။ ၇၊၈၊၉၊၁၀-တန်း လက်ခံနေပြီ
သုံးဆင့်သင် နိုင်ငံကျော် မူပိုင်နည်းသစ်စာအုပ်နှင့် ကိုယ်တိုင်သင်သည်။
နွေ-၃လနှင့် Essay, Letterကိုယ်တိုင်တွေး/ရေးတတ်ရမည်။ ၄၊၅၊၆-တန်း(သီးသန့်)
၂၂၄၊ ပန်းဆိုးတန်း(ထက်)ခုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

YC ဒွေ
(၃)လမြန်
သင်ရိုးကုန် သင်တန်းကြီး
၈-၉-၁၀တန်းဘာသာစုံ
မြန်မာ ■ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ■ ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် ■ ဦးဝေမင်းအိမ်
သင်္ချာ ■ ဆရာပိုင်(ပိုင်သင်္ချာ)
ဓာတု ■ ဆရာသုတ
ရူပ ■ ဦးကျော်မိုးလတ်
ဇီဝ ■ ဒေါက်တာမြသိန်း
ဘောဂ ■ စိုင်းထွန်းအောင်
၁၆၅၊ ပ-ထပ်(ဆောင့်ခွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ 09-73105201

HIGHWAY STAR
Travels & Tours Co., Ltd
Mar 13, 26
VIP 2+1, 2+2
Discount
09:253235411-22, 253241300, 36220108-162

၂၀၁၅ ခုနှစ် (၉)နှစ်မြောက် နှစ်သစ်ကူးမဟာသင်္ကြန် ခရီးစဉ်
ထားဝယ်ရှင်ကိုးရှင် နှင့် ထီးဒီး (တနင်္သာရီ /မြ ဘုရား)
၁၁ - ၄ - ၂၀၁၅ မှ ၂၀ - ၅ - ၂၀၁၅ ထိ
ဆက်သွယ်ရန်ဖုန်း ၀၁ ၂၄၃၀၇၉ / ၀၉ ၅၁ ၅၅၆၅၄ / ၀၉ ၃၀၁၀၄၁၁၃၇

## ပြည်တွင်းရေးရာ





မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်း အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❖ **ရွှေဖုံးမှ**

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကများနှင့် အသင်းဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် နှစ်စဉ် မတ်လ ၈ ရက်နေ့ရောက်တိုင်း ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသမီးထုကိုကိုယ်စားပြုသည့်နေ့အဖြစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ကျင်းပကြပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်သည့် မိမိတို့နိုင်ငံတွင်လည်း မြန်မာအမျိုးသမီးထု၏အခန်းကဏ္ဍ အရေးပါမှုကို ထင်ဟပ်ပေါ်လွင်စေရန် ယခုကဲ့သို့ နိုင်ငံတော်အခမ်းအနားအဖြစ် တခမ်းတနား ကျင်းပရခြင်းဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အတွက် ကုလသမဂ္ဂက ချမှတ်ပေးသည့် ဦးတည်ချက်ဆောင်ပုဒ်မှာ "လူသားအားလုံးတိုးတက်ဖို့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်လို့ ပုံဖော်ကြပါစို့" ဖြစ်ပါကြောင်း၊ မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်နေသကဲ့သို့ စိန်ခေါ်မှုပေါင်းများစွာနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မြို့ပြတည်ထောင်မှုများ၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများသည် မကြုံစဖူး ထူးထူးကဲကဲဖြစ်ပေါ်တိုးတက်နေပါကြောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာတိုးတက်မှုသည်လည်း ကမ္ဘာမြေကြီးကို ပိုပြီးသေးငယ်သွားသယောင်ထင်ရပါကြောင်း၊ ကမ္ဘာနှင့်အဝန်းတွင် သဘာဝပတ်ဝန်းကျင်၏ ခြိမ်းခြောက်မှုဒဏ်ကို အလူးအလဲရင်ဆိုင်တုံ့ပြန်နေကြရပြီး ကမ္ဘာကြီးတစ်ခုလုံးသည် လျင်မြန်စွာပြောင်းလဲနေပြီဖြစ်ပါကြောင်း၊ ထိုသို့အပြောင်းအလဲကာလတွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နီးပါးရှိသည့် အမျိုးသမီးများ၏ ဖန်တီးနိုင်မှုစွမ်းပကားသည် အင်မတန်အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း။

မြန်မာ့ရာဇဝင်သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်ပါက ကိုလိုနီခေတ် လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက်တွင် လွတ်လပ်ရေးအတွက် အမျိုးသားများနှင့်တန်းတူ လက်နက်စွဲကိုင်တိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသမီးများ၊ အမျိုးသားရေးလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ခဲ့ကြသည့် အမျိုးသမီးခေါင်းဆောင်များအပြင် စာပေ၊ အနုပညာ၊ ဥပဒေရေးရာ၊ ဆေးပညာနှင့် အခြားလူမှုရေးနယ်ပယ်များတွင် အမျိုးသမီးခေါင်းဆောင်များ ပေါ်ထွန်းခဲ့သည်မှာ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး၏ ဂုဏ်ယူမဆုံးဖြစ်ရသည့် သမိုင်းမှတ်ကျောက်များပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့ကို အဓိကအခြေခံသည့် ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းကို ဖော်ဆောင်နေသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို တည်ဆောက်နေရသည့် နိုင်ငံတစ်နိုင်ငံတွင် အမျိုးသား၊ အမျိုးသမီးတန်းတူညီရေးသည်လည်း အလွန်အရေးကြီးပြီး အခြေခံကျသည့် ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ အမျိုးသမီးများ နိုင်ငံရေးတွင် တန်းတူညီမျှပါဝင်နိုင်ရေးအပြင် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အလမ်းများတွင်လည်း တန်းတူညီမျှရရှိရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ယခုအချိန်တွင် မြန်မာအမျိုးသားများ၏ မျှော်မှန်းသက်တမ်းသည် ၆၃ ဒသမ ၅၇ နှစ်ဖြစ်ပြီး မြန်မာအမျိုးသမီးများ၏ မျှော်မှန်းသက်တမ်းသည် ၆၈ ဒသမ ၄၆ နှစ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်ပြုခံသက်ကြီးဝါကြီးများအဖြစ် အသိအမှတ်ပြုထားသည့် အသက်(၁၀၀)နှင့်အထက် ဘိုးဘွား ၆၀၀ ကျော်အနက် ၇၀ ရာခိုင်နှုန်းသည် အဘွားများသာဖြစ်ပါကြောင်း၊ ယင်းအချက်များကို ထောက်ရှုခြင်းဖြင့် နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုနေသည့် မြန်မာအမျိုးသမီးများသည် အမျိုးသားများထက် အသက်ပိုရှည်ပြီး ကျန်းမာကြံ့ခိုင်မှုရှိသည်ဆိုသည့် ဂုဏ်ရည်ကို ပိုင်ဆိုင်ထားကြပါကြောင်း၊ ထို့ကြောင့် ခေတ်အဆက်ဆက်က စွမ်းရည်ထက်မြက်ကြသည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှုကို အတုယူပြီး မျိုးဆက်သစ်မြန်မာအမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် စွမ်းရည်မြှင့်မားရေးကို ဦးတည်ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုပါကြောင်း။

မျက်မှောက်ခေတ်တွင် တစ်နိုင်ငံလုံးတွင်ရှိသည့်အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကျေးလက်ဒေသများပါမကျန် လွှမ်းခြုံဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ယင်းကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း စသည့်အသင်းကြီးများက အားသွန်ခွန်စိုက် လှုပ်ရှားဆောင်ရွက်ကြသကဲ့သို့ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများပါဝင်သည့် ကျား/မရေးရာ တန်းတူညီမျှရေး ကွန်ရက်အဖွဲ့များကလည်း အမျိုးသမီးများ တွေ့ကြုံခံစားနေသည့် အခက်အခဲပြဿနာများကို ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည့်အတွက် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးမိပါကြောင်း။

ယနေ့ လက်ရှိနိုင်ငံရေးအခင်းအကျင်းတွင်လည်း ပြည်ထောင်စုဝန်ကြီးတာဝန်ကို ထမ်းဆောင်နေသည့် အမျိုးသမီးများ၊ ဒုတိယဝန်ကြီးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ အဆင့်မြင့်အရာရှိကြီးများသည် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများတွင် ဦးဆောင်လုပ်ကိုင်နေကြပြီဖြစ်သကဲ့သို့ ဥပဒေပြုရေးဘက်တွင်လည်း အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ တက်တက်ကြွကြွ ပါဝင်ဆွေးနွေးနေကြသည်ကို တွေ့ရပါကြောင်း၊ ထို့ပြင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍအသီးသီးတွင် ပိုမိုထိရောက်သည့် မူဝါဒပိုင်းဆိုင်ရာ အကြံဉာဏ်ပေးနိုင်ရန်အတွက် ဖွဲ့စည်းထားသည့် ကော်မတီများတွင်လည်း အမျိုးသမီးများ ပါဝင်နေပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွင်လည်း ဘွဲ့ရအမျိုးသမီးအရာရှိများ ပါဝင်ထမ်းရွက်နေကြပြီဖြစ်ပါကြောင်း။

ခေတ်အဆက်ဆက် စွမ်းရည်ထက်မြက်ခဲ့သည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှုများကို အားကျအတုယူပြီး အမျိုးသမီးထုတစ်ရပ်လုံး ဘဝလုံခြုံမှုရရှိရန်နှင့် စွမ်းရည်မြှင့်မားတိုးတက်လာအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း၊ ကဏ္ဍစုံတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး ပါဝင်ဆောင်ရွက်နိုင်ရန် အမျိုးသမီးတိုင်း စာတတ်မြောက်ရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေး၊ ကိုယ်ရည်ကိုယ်သွေးပြည့်ဝရေးကိုရှေးရှုပြီး လေ့လာကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုပါကြောင်း၊ စိန်ခေါ်မှုများနှင့် အခက်အခဲများကို ကျော်လွှားပြီး ခေတ်မီဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးတွင် မြန်မာအမျိုးသမီးထု၏ စွမ်းပကားကို ရဲရဲဝံ့ဝံ့ဖော်ထုတ်၍ နိုးကြားတက်ကြွစွာပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ "လူသားအားလုံးတိုးတက်ဖို့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်လို့ ပုံဖော်ကြပါစို့"ဆိုသည့် ဆောင်ပုဒ်အတိုင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကြီးကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ကျား၊ မ မဟူ အားလုံး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၁၀)နှစ်စီမံကိန်းကို သက်ဆိုင်ရာဧရိယာအလိုက် စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေကို အမြန်ဆုံးအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေမှု၊ အမျိုးသမီးအခွင့်အရေးများ၊ လူကုန်ကူးမှုတားဆီးရေးနှင့် ကျား/မ တန်းတူညီမျှဆိုင်ရာအသိပညာပေးမှု၊ အမျိုးသမီးရေးရာကော်မတီများ ကျေးလက်ဒေသအထိတိုးချဲ့ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်နေမှု၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အမျိုးသမီးအခွင့်အရေးများကို ပိုမိုမြှင့်တင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး မြန်မာအမျိုးသမီးများသည် မြန်မာ့လူ့ဘောင်ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးရာတွင်လည်းကောင်း၊ နောင်တစ်ခေတ်၏ ခေါင်းဆောင်ကောင်းများဖြစ်ရန် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးရာတွင်လည်းကောင်း၊ ခေတ်သစ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင်လည်းကောင်း ကျရာတာဝန်များကို ကျေပွန်စွာပါဝင်ဆောင်ရွက်လျက်ရှိကြသည့်အတွက် မြန်မာအမျိုးသမီးထုကြီး၏စွမ်းပကားကို အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းတင်ပြီး ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို UNFPA မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စ ဂျနက်ဂျက်ဆင်က ဖတ်ကြားသည်။

အခမ်းအနားအပြီးတွင် ဂုဏ်ထူးဆောင်နာယကနှင့် ဧည့်သည်တော်များသည် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာကော်မတီ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် အမျိုးသမီးသက်မွေးပညာသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်းများမှ ထုတ်လုပ်သည့်ထွက်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်း အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# သင်္ဘောသား ၄၉ ဦးလိုက်ပါလာသော ထိုင်ဝမ်ငါးဖမ်းသင်္ဘောတစ်စင်း ပျောက်ဆုံးနေ




**ထိုင်ဝမ် မတ် ၈**

ရက်သတ္တနှစ်ပတ်ကြာ ပျောက်ဆုံးနေသည့် သင်္ဘောသား ၄၉ ဦးလိုက်ပါစီးနင်းလာသော ထိုင်ဝမ်ငါးဖမ်းသင်္ဘောတစ်စင်းကိုရှာဖွေရန် အာဂျင်တီးနားနိုင်ငံနှင့်ဗြိတိန်နိုင်ငံတို့ထံ ထိုင်ဝမ်အာဏာပိုင်များက အကူအညီတောင်းခံလိုက်ပြီဖြစ်သည်။

သက်တမ်း ၂၈ နှစ်ရှိပြီဖြစ်သည့် 'ဆောင်းဖူချန်' သင်္ဘောသည် ဇန်နဝါရီလက ထိုင်ဝမ်၏ ကာအိုဆောင်မြို့မှထွက်ခွာခဲ့ပြီး တောင်အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဖော့ကလန်းကျွန်းကမ်းရိုးတန်းမှ ရေမိုင် ၁၇၀၀ (၃၁၄၈ကီလိုမီတာ)ခန့်ကွာဝေးသည့်နေရာတွင် ပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း ဗြိုဟ်တုသတင်းများအရ သိရသည်။

ထိုင်ဝမ်မာလိန်မှူးတစ်ဦး၊အင်ဂျင်နီယာချုပ်တစ်ဦး၊ တရုတ်နိုင်ငံသား ၁၁ဦး၊အင်ဒိုနီးရှားနိုင်ငံသား ၂၁ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၃ဦးနှင့် ဗီယက်နမ်နိုင်ငံသား နှစ်ဦးတို့ သင်္ဘောပေါ်တွင်စီးနင်းလိုက်ပါခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၃ နာရီဝန်းကျင်က သင်္ဘောကုန်းပတ်ပေါ်သို့ ရေများစိမ့်ဝင်လာကြောင်း မာလိန်မှူးကသတင်းပို့ခဲ့ပြီး မကြာမီအချိန်တွင် သင်္ဘောနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း သင်္ဘောပိုင်ရှင်များကဆိုသည်။

ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း ယခုထိတိုင် မည်သည့်သတင်းအချက်အလက်မျှမရရှိသေးပေ။

"သင်္ဘောဘယ်နေရာရောက်နေလဲ၊ဘာတွေဖြစ်ခဲ့သလဲဆိုတာ အခုထိမသိသေးပါဘူး" ဟု ထိုင်ဝမ်ငါးဖမ်းလုပ်ငန်းအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူကဆိုသည်။

"သင်္ဘောနစ်မြုပ်သွားတဲ့ သဲလွန်စမတွေ့ရသေးဘူး။ အကြောင်းတစ်ခုခု ရင်ဆိုင်တွေ့ရင် အာကာသရေဒီယိုလိုင်းနဲ့ သတင်းပို့လို့ရပါတယ်။ ဒါပေမယ့် အခုထိဘာသတင်းမှ မရသေးဘူး" ဟု ၎င်းက ဆက်လက်ပြောသည်။ သို့သော် သင်္ဘောပျောက်ဆုံးမှုနှင့်ပတ်သက်ပြီး အဘယ်ကြောင့် နှစ်ပတ်အကြာမှ ပြည်သူတွေကို အသိပေးနိုင်ခဲ့သည်ကိုမူ ထည့်သွင်းပြောကြားခြင်းမရှိခဲ့ပေ။

အဆိုပါသင်္ဘောသည် ယမန်နှစ်က ပြည်ကြီးငါး တန် ၂ သိန်းခန့်ဖမ်းမိခဲ့ကြောင်း ငါးဖမ်းလုပ်ငန်း အေဂျင်စီကဆိုသည်။ **စကိုင်းနယူးစ်**

# ပါကစ္စတန်တွင် ရေအိမ်သုံးစွဲမှုမရှိခြင်းမှာ အလေးထားရမည့် ပြဿနာဖြစ်ကြောင်း ယူနီဆက်သတိပေး



ပါကစ္စတန်နိုင်ငံသူတစ်ဦး ရေအိမ်ဆောက်နေစဉ်။

**အစ္စလာမ်မာဘတ် မတ် ၈**

ပါကစ္စတန်နိုင်ငံတွင် လူ သန်း ၄၀ ကျော်မှာ ရေအိမ်တစ်လုံးပင်မရှိသည့်အတွက် အကာအရံမဲ့ အညစ်အကြေးစွန့်နေကြရပြီး ယင်းမှာ အဓိကကူညီဖြေရှင်းပေးရမည့် ပြဿနာဖြစ်ကြောင်း ကုလသမဂ္ဂနိုင်ငံတကာကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်) မှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

" ပါကစ္စတန်နိုင်ငံမှာ လူ ၄၁ သန်းအတွက် ရေအိမ်တစ်လုံးတောင်မရှိပါဘူး။ ဒါကြောင့် သူတို့တွေဟာ အကာအရံမဲ့ အညစ်အကြေးစွန့်နေကြရပါတယ်။ အကျိုးဆက်အနေနဲ့ကတော့ ကျန်းမာရေးပြဿနာတွေ သိသိသာသာဖြစ်ပွားစေပါတယ်။ ဒါဟာအဓိက ကူညီဖြေရှင်းပေးရမယ့် ပြဿနာဖြစ်တဲ့အတွက် ကျွန်မတို့တတ်နိုင်သလောက်ကြိုးစားပြီး လုပ်ဆောင်သွားရမှာဖြစ်ပါတယ်" ဟု ယူနီဆက် ဒုတိယအမှုဆောင်ဒါရိုက်တာအမျိုးသမီးဂီးတာရိုဂူပတာက ပြောသည်။

ပါကစ္စတန်နိုင်ငံသည် အကာအရံမဲ့ရေအိမ် သုံးစွဲမှုနှင့် ပတ်သက်လျှင် အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံတို့နောက် တတိယနေရာတွင်ရပ်တည်လျက်ရှိကြောင်း၊ အဆိုပါပြဿနာမှာ ရောဂါပိုးများပြန့်ပွားနိုင်သကဲ့သို့ အူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်ပွားစေနိုင်ကြောင်း ဂူပတာက ပြောကြားသည်။

နောက်ဆက်တွဲပြဿနာများအနေဖြင့် ကလေးငယ်များ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုနိမ့်ကျခြင်းနှင့် အနာရောဂါဖြစ်ပွားမှုများပြားခြင်းတို့ဖြစ်စေသည်။ ယူနီဆက်သည် ပါကစ္စတန်အစိုးရနှင့် ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေးသည့်အနေဖြင့် လက်ဆေးရန် အားပေးဆောင်ရွက်ခြင်းနှင့် ရေအိမ်များဆောက်လုပ်သုံးစွဲရန် တိုက်တွန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **အေပီ။**

# နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း၌ အသေခံပုံးခွဲမှုများဖြစ်ပွား လူ ၅၀ ကျော် သေဆုံးပြီး အများအပြားဒဏ်ရာရ

**ကာနို(နိုင်ဂျီးရီးယား) မတ် ၈**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းတွင် မတ် ၇ ရက်က အသေခံဗုံးဖောက်ခွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ လူ ၅၀ ကျော် သေဆုံးပြီး ဒဏ်ရာရသူ အများအပြားရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် တာဝန်ရှိသူများက စီအင်န်အင်န်သတင်းဌာနသို့ ပြောကြားသည်။

အဆိုပါဗုံးဖောက်ခွဲမှုများမှာ နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ဘိုနိုပြည်နယ်မြို့တော်မိဒိုဂူရီမြို့၏ ဗဟိုဈေးကြီး၊ ငါးရောင်းချသည့်ဈေးနှင့် ဘတ်စ်ကားမှတ်တိုင်တစ်ခုတို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အသေခံဗုံးဖောက်ခွဲသူများမှာ အမျိုးသမီးသုံးဦးနှင့် အမျိုးသားတစ်ဦးတို့ဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အဆိုပါအသေခံဗုံးဖောက်ခွဲမှုနှင့် ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကမျှ ၎င်းတို့တွင် တာဝန်ရှိကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ယင်းအသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူ ၅၄ ဦးထက်မနည်း သေဆုံးပြီး အခြား ၁၃၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဘိုနိုပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**စီအင်န်အင်န်။**



# အီဂျစ်တွင်စစ်သွေးကြွ ၇၀ကို သုတ်သင်

**ကိုင်ရို မတ် ၈**

အီဂျစ်နိုင်ငံတွင် အစိုးရတပ်မတော်ကလွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း စစ်သွေးကြွ ၇၀ ကို သုတ်သင်နိုင်ခဲ့ကြောင်း စစ်ဘက်က ယနေ့ထုတ်ဖော်ကြေညာသည်။

စစ်သွေးကြွတို့၏ စခန်း၂၇ခုကို တိုက်ခိုက်ဖျက်ဆီးစဉ် ဖေဖော်ဝါရီ ၁၇ ရက်မှ ၇ ရက်အတွင်း စစ်သွေးကြွ ၇၀ ကို သတ်ဖြတ်နိုင်သည့်အပြင် အလိုရှိသော စစ်သွေးကြွများဟု မသင်္ကာရသူ ၁၁၈ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် မိုဟာမက်ဆာမိယာက ပြောသည်။

ရဲတပ်ဖွဲ့နှင့် စစ်ဘက်ဝန်ထမ်းများကိုတိုက်ခိုက်ရာတွင် စစ်သွေးကြွများ အသုံးပြုခဲ့သော မော်တော်ယာဉ် ၁၀၈စီးနှင့် မော်တော်ဆိုင်ကယ်များကိုလည်း ဖျက်ဆီးနိုင်ခဲ့သည်ဟု ၎င်းက ထပ်မံပြောကြားသည်။

သမ္မတဟောင်းဟော့စနီမူဘာရက်ကို ပြုတ်ကျစေခဲ့သော ၂၀၁၁ခုနှစ် ဇန်နဝါရီလမှစ၍ အီဂျစ်နိုင်ငံ ဆိုင်းနိုင်းဒေသတွင် စစ်သွေးကြွများက တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့ကြသည်။

၂၀၁၃ခုနှစ်တွင် အစ္စလာမ္မစ်သမ္မတဟောင်း မိုဟာမက်မော်စီဖယ်ရှားခံရပြီးနောက် ရဲတပ်ဖွဲ့နှင့်စစ်ဘက်ကို တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်လာခဲ့ကြသည်။ **ပီတီအိုင်။**

# ကိုလံဘီယာတွင် မြေမြှုပ်မိုင်းရှင်းလင်းဖယ်ရှားရေး အစိုးရနှင့် ဖာ့စ်သူပုန်အဖွဲ့ ပူးပေါင်းလုပ်ဆောင်မည်

**ဟာဗားနား မတ် ၈**

ကိုလံဘီယာအစိုးရနှင့် (အက်ဖ်အေအာရ်စီ) လက်ဝဲသူပုန်တပ်ဖွဲ့များသည် နိုင်ငံ၏ ကျေးလက်ဒေသများ၌ မြေမြှုပ်မိုင်းများ ရှင်းလင်း ဖယ်ရှားရေးအတွက် အတူတကွပူးပေါင်းလုပ်ဆောင်ကြမည်ဟု သဘောတူညီခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ဖာ့စ်သူပုန်များနှင့် အစိုးရတပ်ဖွဲ့များသည် ၁၉၆၀ပြည့်လွန်နှစ်များကတည်းကပင် လက်နက်ကိုင်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြသည်။

အဆိုပါသဘောတူညီချက်ကို ကိုလံဘီယာအစိုးရနှင့် သူပုန်အဖွဲ့အကြား ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နေသည့် ကျူးဘားနိုင်ငံ ဟာဗားနားမြို့မှ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ကိုလံဘီယာအစိုးရအဖွဲ့ကိုယ်စားလှယ်များနှင့် ဖာ့စ်သူပုန်အဖွဲ့ကိုယ်စားလှယ်များသည် ဟာဗားနားမြို့၌ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေသည်မှာ နှစ်နှစ်ကျော်ကြာရှိပြီဖြစ်သည်။

ယင်းသဘောတူညီချက်အရ ဖာ့စ်သူပုန်တပ်ဖွဲ့ဝင်များသည် ကိုလံဘီယာအစိုးရ စစ်ဘက်နှင့်အတူ မြေမြှုပ်မိုင်းများနှင့် အခြားပေါက်ကွဲပစ္စည်းများကို ရှင်းလင်းဖယ်ရှားကြမည်ဖြစ်သည်။

ကိုလံဘီယာနိုင်ငံသည် ကမ္ဘာပေါ်၌ မြေမြှုပ်မိုင်း မြှုပ်နှံချထားမှု အထူထပ်ဆုံးနိုင်ငံများထဲတွင် တစ်နိုင်ငံအဖြစ်ပါဝင်ပြီး လွန်ခဲ့သည့် ၁၅ နှစ်အတွင်းက မြေမြှုပ်မိုင်းထိမှန်မှုကြောင့် လူပေါင်း ၁၁၀၀၀ ကျော်မှာ သေဆုံး(သို့မဟုတ်) ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ **ဘီဘီစီ။**

# မန္တလေးတိုင်းဒေသကြီး၏ ဆက်သွယ်ရေးကဏ္ဍပိုမိုတိုးတက်ကောင်းမွန်စေရန် လာမည့်နှစ်အတွင်း မိုဘိုင်းဆက်သွယ်ရေးစခန်းပေါင်း ၁၇၂၇ ခု တိုးချဲ့တပ်ဆင်မည်

**နေပြည်တော် မတ် ၈**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းသည် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၅ ရက်တွင် ကူမဲမြို့ စာတိုက်နှင့် အော်တိုအိတ်ချိန်းသို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ ကူမဲမြို့ အော်တိုအိတ်ချိန်းအား ခေတ်မီ MSAN (Multi-service Access Node) အော်တိုအိတ်ချိန်းများဖြင့် အစားထိုးလဲလှယ်တပ်ဆင်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်ဝစွာဖြင့် ပြည်သူလူထုသို့ ဝန်ဆောင်မှုပေးနိုင်ရေး မှာကြားသည်။

ထို့နောက်ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်မိုဘိုင်းစခန်းနှင့် ကျောက်ဆည်မြို့ အော်တိုအိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အော်တိုတယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့်အတူ မတ္တရာ အော်တိုအိတ်ချိန်းသို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက နောင်ဆက်လက်ဆောင်ရွက်မည့် အိတ်ချိန်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့ကွက်အနေအထားနှင့် လိုက်လျောညီထွေစွာ ဝန်ဆောင်မှုပေးနိုင်ရေးဆောင်ရွက်သွားရန်နှင့် ယခုလက်ရှိ အော်တိုအိတ်ချိန်း အဆောက်အအုံကို ရေရှည်တည်တံ့ရေးပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ္တရာမြို့ မြို့နယ်ခန်းမ၌ မတ္တရာမြို့နယ်နှင့် စဉ့်ကူးမြို့နယ်များမှ မြို့နယ်အထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး၍ ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကြာမီဖွင့်လှစ်မည့် ညောင်ဝန်းမိုဘိုင်းဆက်သွယ်ရေးစခန်းဆောင်ရွက်ပြီးစီးမှုနှင့် လက်ပန်လှအော်တိုအိတ်ချိန်းနှင့် မိုဘိုင်းဆက်သွယ်ရေးစခန်း၊ အော်ရီဒူးကုမ္ပဏီမှ တည်ဆောက်လျက်ရှိသည့် စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်မိုဘိုင်းစခန်းတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ကျပ်ပြင်မြို့ ဒေါ်နန်းကြည်တောင်မိုက္ကရိုဝေ့ဗ်/မိုဘိုင်းဆက်သွယ်ရေးစခန်းနှင့် ကျပ်ပြင်မြို့ရှိ စာတိုက်၊ ကျပ်ပြင်မြို့ အော်တိုအိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး စာများ၊ ချောထုတ်ပစ္စည်းများ အချိန်မှန်ရောက်ရှိရေး၊ မပျောက်ပျက်စေရေး၊ ပြည်သူလူထုယုံကြည်မှုရှိစေရေး စေတနာထားဆောင်ရွက်ရန်၊ ယခင်ထက်ပို၍ ဝန်ဆောင်မှုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်သွားရန် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် တယ်လီနောကုမ္ပဏီမှ တည်ဆောက်လျက်ရှိသည့် ကျပ်ပြင်မြို့ မိုဘိုင်းဆက်သွယ်ရေးစခန်းကို ကြည့်ရှုစစ်ဆေးကာ တွေ့ကြုံရသည့် အခက်အခဲများနှင့်ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်သည်များ မေးမြန်းဆောင်ရွက်ပေးသည်။

ယင်းနောက် မိုးကုတ်မြို့ ဘီးတောင်မိုဘိုင်းစခန်း၊ အော်တိုအိတ်ချိန်း၊ စာတိုက်နှင့်ကြေးနန်းစခန်းများအား ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းအလိုက်ကျွမ်းကျင်မှုရှိစေရေးနှင့် သုံးစွဲသူမိဘပြည်သူများ စိတ်ချမ်းသာမှုရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၇ ရက်တွင် မိုးကုတ်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မိုးကုတ်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး၍ ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သပိတ်ကျင်းမြို့ အော်တိုအိတ်ချိန်း၊ စာတိုက်နှင့် ကြေးနန်းရုံးနှင့် ကမ္ဘာအေးမြို့သစ် GSM မိုဘိုင်းစခန်းဆောက်လုပ်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး GSM မိုဘိုင်းစခန်းအား အမြန်ဆုံးဖွင့်လှစ်နိုင်ရေး မှာကြားသည်။

သပိတ်ကျင်းမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ သပိတ်ကျင်းမြို့နယ်နှင့်တကောင်းမြို့တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များနှင့်တွေ့ဆုံဆွေးနွေး၍ ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိုးကုတ်မြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် မတ္တရာမြို့နယ်များရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအော်တိုအိတ်ချိန်း၊ မိုဘိုင်းစခန်း၊ စာတိုက်နှင့် ကြေးနန်းစခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လက်ရှိဆောင်ရွက်ပေးနေသည့် ဆက်သွယ်ရေးဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်စေရေးနှင့် နောက်ထပ်တိုးချဲ့ဝန်ဆောင်မှုပေးနိုင်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ မိမိတို့ဝန်ဆောင်မှုအား ပြည်သူလူထုယုံကြည်အားထားမှု ပိုမိုရရှိစေရေး ဆောင်ရွက်သွားကြရန်နှင့် လိုအပ်ချက်များရှိပါက အမြန်ဆုံးတင်ပြဆောင်ရွက်သွားကြရန် မှာကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးလုပ်ငန်းများအနေဖြင့် ယခုအစိုးရသစ် မတိုင်မီအချိန်က မိုဘိုင်းစခန်း စုစုပေါင်း ၁၆၅ ခုဖြင့် ပြည်သူများအား မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးခဲ့ရာမှ ယနေ့အချိန်ကာလတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းစခန်း ၆၀၇ ခု၊ နိုင်ငံတကာဆက်သွယ်ရေး အော်ပရေတာများဖြစ်သည့် အော်ရီဒူးကုမ္ပဏီမှ မိုဘိုင်းစခန်း ၁၇၁ ခု၊ တယ်လီနောကုမ္ပဏီမှ မိုဘိုင်းစခန်း ၂၉၇ ခု မိုဘိုင်းစခန်း စုစုပေါင်း ၁၀၇၅ ခု ဖွင့်လှစ်ဝန်ဆောင်မှုပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ခေတ်မီ MSAN အော်တိုအိတ်ချိန်းများဖြင့် အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းအနေဖြင့် ယခု ဘဏ္ဍာရေးနှစ်အတွင်း အော်တိုအိတ်ချိန်း သုံးခုနှင့် လာမည့်နှစ်များအတွင်း အော်တိုအိတ်ချိန်း ၄၆ ခုအား အစားထိုးလဲလှယ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးအတွင်း မိုဘိုင်းဆက်သွယ်ရေးစခန်း တိုးချဲ့တပ်ဆင်ခြင်းကို လာမည့်နှစ်များအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများမှ ၃၁၈ ခု၊ အော်ရီဒူးကုမ္ပဏီမှ မိုဘိုင်းဆက်သွယ်ရေးစခန်း ၁၂၁ ခု၊ တယ်လီနောကုမ္ပဏီမှ မိုဘိုင်းဆက်သွယ်ရေးစခန်း ၂၁၃ ခု စုစုပေါင်း ၆၅၂ ခု ထပ်မံတိုးချဲ့ဆောင်ရွက်သွားရန် လျာထားဆောင်ရွက်လျက်ရှိရာ စုစုပေါင်းအနေဖြင့် မိုဘိုင်းဆက်သွယ်ရေးစခန်းပေါင်း ၁၇၂၇ ခု ရှိလာမည်ဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီး၏ ဆက်သွယ်ရေးကဏ္ဍပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လမ်းချော်တိမ်းမှောက်ယာဉ် ချောက်ထဲထိုးကျ သုံးဦးဒဏ်ရာရ

**နေပြည်တော် မတ် ၈။** စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကြာပင်တိုက်နယ်ဆေးရုံတွင် မတ် ၆ ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားသဖြင့် ဒဏ်ရာရရှိသူများ ရောက်ရှိနေကြောင်း သတင်းအရ ကြာပင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မုံရွာဘက်မှ တောင်တွင်းဘက်သို့ မင်းကင်းမြို့နယ် မအူရွာနေ ချစ်ကိုလှိုင်(၂၆)နှစ်မောင်းနှင်လာသည့် ၇ခ/--- ဂျစ်အစိမ်းရောင်ယာဉ်သည် မင်းကင်းမြို့နယ် မုံရွာ-ယာကြီး-ကလေးဝကားလမ်း မိုင်တိုင်အမှတ် (၇၂) အနီးအရောက် လမ်းချော်တိမ်းမှောက်ပြီး လမ်းအနောက်ဘက် ပေ ၄၀ ခန့်အနက်ရှိ ချောက်ထဲသို့ ထိုးကျသွားခဲ့ရာ ယာဉ်မောင်း ချစ်ကိုလှိုင်၊ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် မင်းကင်းမြို့နယ် မယ်မဲကျေးရွာနေ မအေးနှင်းသူ(၂၀)နှစ်နှင့် ပျားရွာနေ ဦးသန်းနိုင် (၄၉)နှစ်တို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ချစ်ကိုလှိုင်အား မင်းကင်းမြို့မရဲစခန်းက ယာဉ်(ပ)၃/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ ဖြင့်အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ကား မျိုးစုံ
(Alphard/Crown/MarkII/အနံတဝုံ/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသေသာစွာဖြင့် ငှားရမ်းပေးလျက်ရှိပါသည်။
Ph: 09795549249, 095418126

Always Myanmar
ချောင်းသာ(စရိုက်ငြိမ်း)
(၂ညအိပ်၃ရက်) - ၃၃၀၀၀ကျပ်
(၃ညအိပ်၄ရက်) - ၄၈၀၀၀ကျပ်
0973133488,09795670238

## ရန်ကုန်ပညာရေးတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်ပညာရေးတက္ကသိုလ်ရှိ ဆိုင်ခန်းများနှင့် လေ့ကျင့်ရေးအထက်တန်းကျောင်း ကမာရွတ်နယ်မြေနှင့် လှိုင်နယ်မြေရှိ ဆိုင်ခန်းများအား တစ်နှစ်ငှားရမ်းရောင်းချခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်။ တင်ဒါတင်သွင်းပုံစံများကို ရန်ကုန်ပညာရေးတက္ကသိုလ်၊ အင်ဂျင်နီယာဌာနတွင် ရယူပြီး ၉-၄-၂၀၁၅ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ရန်ကုန်ပညာရေးတက္ကသိုလ် အင်ဂျင်နီယာဌာန ဖုန်း-၅၂၇ ၀၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော အင်ဂျင်ဝိုင်နှင့် ချောဆီ(၄)မျိုးအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာများကို ၁၃-၃-၂၀၁၅ရက်နေ့ ညနေ ၁၆:၃၀ နာရီနောက်ဆုံးထား၍တင်သွင်းရပါမည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့်တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်ဝယ်ယူနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**
**ရုံးအမှတ်(၄၈)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၀၁၁၊ ၀၆၇-၄၃၁၀၀၂**
**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**
**ဖုန်း-၀၆၇-၄၃၁၀၄၂၊ ၄၃၁၀၂၇**

*** ဇလွန်မှ**

ပြည့်စုံစွာဖြင့် ဝန်ထမ်းအင်အား ၄၀၀ ကို လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ပေးပြီး လူမှုရေးကဏ္ဍများ ပေါ်ပေါက်လာပါကလည်း ဝန်ထမ်းများကို ဝန်ဆောင်မှုအပြည့်ပေး၍ ပျော်ရွှင်မှုကို လုပ်ဆောင်ပေးပါသည်။

ထို့အပြင် အဝေးပြေးလမ်းအသုံးပြုယာဉ်များကောင်းမွန်စွာ သွားလာနိုင်စေရန် ယခုလမ်းပိုင်းအတွင်း ဆက်လက်တည်ဆောက်မည့် ကျန်လမ်းများပေါ်တွင် စက်ယန္တရားများဖြင့် မြေညှိပေးခြင်း၊ ရေဖျန်းပေးခြင်းများ နေ့စဉ်လုပ်ဆောင်နေသည်ကို တွေ့ရသည်။

လမ်းလုပ်သားများမှာလည်း ကျေးလက်ဒေသခံပြည်သူများဖြစ်သည်။ သူတို့လုပ်ငန်းအပေါ် စိတ်ဝင်စားစွာ လုပ်ဆောင်ချိန်တွင် လုပ်ငန်းခွင်အတွင်းဖြတ်သန်းသွားသော ခရီးသည်ပို့ဆောင်သည့် မော်တော်ယာဉ်များ လုံး၀(လုံး၀)အရှိန်လျှော့မောင်းသင့်ပေသည်။

လုပ်ငန်းအထိုင်ချမှုနှင့် လုပ်ငန်းစတင်လုပ်ဆောင်ချိန်မှာ ၂၀၁၅ ခုနှစ်စပိုင်းမှ စတင်အကောင်အထည်ဖော်လုပ်ဆောင်ရခြင်းကြောင့် ယခုနှစ်တွင် ခနေဖြူမြို့နယ် သပြုကျေးရွာမှ ဇလွန်မြို့ ဖက်သောင်ကျေးရွာအထိ ခုနစ်မိုင်ခန့်သာ ပြီးစီးနိုင်ကြောင်း သိရသည်။

လာမည့်နှစ်တွင် လုပ်သားအင်အား ပိုမိုလာမည်ဖြစ်ကြောင်း ဒေသခံလုပ်သားများမှ ကြားသိရသည်။ ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိသဖြင့် မြန်မာရွှေသရဖူကုမ္ပဏီအား ဒေသခံများက ကျေးဇူးအထူးတင်ကြသည်။ ယခင်က ဧရာဝတီမြစ်ကိုအသုံးပြုပြီး ရန်ကုန်သို့ သွားရကြောင်း၊ ရွာမှ စောစောထပြီး စိန်ဝင်းကြည်၊ စိန်လှကြည်စသည့် နှစ်ထပ်သင်္ဘောဖြင့် သင်္ဘောပေါ်တွင် တစ်ညအိပ်သွားရကြောင်း၊ အိပ်ရေးပျက်မှု၊ ပင်ပန်းကြီးမှု၊ အချိန်ကုန်မှုနှင့် ရေလမ်းခရီးအတွက် အသက်အန္တရာယ်လည်း စိုးရိမ်ရကြောင်းနှင့် ယခုအခါ ရန်ကုန် အဝေးပြေးလမ်းမကြီးကို အသုံးပြုပြီး နေ့ချင်းပြန်နိုင်၍ ဝမ်းသာရသော်လည်း လမ်းဖုန်မှုန့်များကြောင့် လမ်းဘေးနေသူများ ကျန်းမာရေးလွန်စွာထိခိုက်ရပြီး ဖုန်မှုန့်များပိတ်မှောင်နေသောကြောင့် စက်ဘီး၊ ဆိုင်ကယ်များ၊ မကြာခဏ မတော်တဆဖြစ်ပွားရကြောင်းနှင့် ယခုလိုလမ်းကောင်းလာမည်ဆိုပါက လွန်စွာကျေးဇူးတင် စိတ်ချမ်းမြေ့ရပါကြောင်း ဒေသခံတောင်သူဦးကြီးက ပြောကြားသည်။

**(ဇလွန်အေးခိုင်)**

## သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးပညာပေးဟောပြော အခမဲ့ဆေးကုသမှု ဆောင်ရွက်

**နေပြည်တော် မတ် ၈**

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ (၁၆)နှစ်မြောက် တက္ကသိုလ်နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနားကို အရာထမ်းလောင်း အခြေခံသင်တန်း အမှတ်စဉ် (၁၅)မှ သွားဘက်ဆိုင်ရာ ဆရာဝန် သင်တန်းသား သင်တန်းသူများက မတ် ၄ ရက် နံနက် ၉ နာရီတွင် ပတ္တမြားခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားပြီး သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာကိုကိုဖြိုးက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် အရာထမ်းလောင်း အခြေခံသင်တန်း အမှတ်စဉ်(၁၅) သင်တန်းသား သင်တန်းသူများက "သွားအကြောင်း သိကောင်းစရာ"၊ "သွားပိုးစားရောဂါနှင့် သွားဖုံးရောဂါ"၊ "သွားနှင့်ခံတွင်း ရောဂါကာကွယ်ခြင်း" စသည့် ခေါင်းစဉ်များကို ဟောပြောဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများ၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရှိ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ သင်တန်းသား သင်တန်းသူများအပြင် တက္ကသိုလ်ဝန်းကျင်ရှိ ကျေးရွာများနှင့် ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ ဗဟိုမီးသတ်သင်တန်းကျောင်းတို့မှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးအခမဲ့ဆေးကုသပေးခြင်းကို သင်တန်းခန်းမ(၂)၌ ကျင်းပခဲ့ရာ သွားနှင့်ခံတွင်းဆိုင်ရာ လာရောက်ကုသမှုခံယူသူ ၁၂၈ ဦးအား လိုအပ်သော ဆေးကုသမှုများ ပြုလုပ်ပေးခဲ့သည်။ **(သတင်းစဉ်)**

## မြန်မာ့ရိုးရာ မဟာသင်္ကြန်သီချင်း သံချပ်စာသားများ ကြိုတင် တင်ပြရန်

ရန်ကုန်တိုင်းဒေသကြီး ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် သင်္ကြန်သီချင်းစပ်ဆိုခြင်း၊ သံချပ်ထိုးခြင်း၏ စာသားများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မဟာသင်္ကြန်သီချင်း၊ သံချပ်စိစစ်ရေးကော်မတီသို့ ၂၅-၃-၂၀၁၅ ရက်နေ့ နောက်ဆုံးထားတင်ပြရန်နှင့် ကော်မတီ၏ခွင့်ပြုချက်ဖြင့်သာ သီချင်းစပ်ဆိုခြင်း၊ သံချပ်ထိုးခြင်းများ ဆောင်ရွက်ရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မဟာသင်္ကြန်သီချင်း၊ သံချပ်စိစစ်ရေးဆပ်ကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ ဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# အစွန်းရောက်သည့် ပညာရေးလွတ်လပ်ခွင့်မျိုး မဖြစ်သင့်ပါ

ဒီမိုကရေစီလူ့အဖွဲ့အစည်းဆိုတာ ဥပဒေကို လေးစားလိုက်နာ တန်ဖိုးထားတာ ထိပ်ဆုံးပါ။ အဲဒီထဲမှာ လူ့အခွင့်အရေး ကြေညာစာတမ်းပါအခွင့်အရေးတွေကို နိုင်ငံတော်ရဲ့ တည်ဆဲဥပဒေများနှင့် ချိန်ညှိရင်လည်း အမိနိုင်ငံရဲ့ တည်ဆဲဥပဒေဟာ အဓိကအချက်ဆိုတာကိုပါ မမေ့သင့်ပါ။ လူ့အဖွဲ့အစည်း သာယာငြိမ်းချမ်းဖို့၊ ကောင်းစွာဖွံ့ဖြိုးဖို့အတွက် သူ့အဖွဲ့အစည်းနှင့်လိုက်လျောညီထွေရှိမည့် ဥပဒေဖြင့် အကာအကွယ်တည်ဆောက်ထားတာပါ။ ပြည်သူပြည်သားကောင်းတစ်ယောက် (Good Citizen) ဆိုတာ သူ၏လုပ်ကိုင်၊ ပြောဆိုမှုမှန်သမျှဟာ ဥပဒေကို လေးစားတန်ဖိုးထားပြီး အခြားပြည်သူကို မထိခိုက်စေရပါ။ ပြီးတော့ မိမိရဲ့ ကံသုံးပါးကြောင့် အများကို ဖွံ့ဖြိုးစေရပါမယ်။ နိုင်ငံသားတိုင်းဟာလည်း ကိုယ့်လိုတန်းတူအခွင့်အရေးရှိပါတယ်ဆိုတာ လက်ခံရပါမယ်။ အဲဒီလိုပါပဲ နိုင်ငံမှာ ဘယ်အဖွဲ့အစည်းမှ အခွင့်အရေးပိုယူခွင့်မရှိပါ။ သူ့လုပ်ပိုင်ခွင့်ကို ကိုယ်ကလေးစားရပါမယ်။ ကိုယ့်လုပ်ပိုင်ခွင့်ကိုလည်း ကာကွယ်နိုင်ရပါမယ်။ သူများလုပ်ပိုင်ခွင့်ကို မစွက်ဖက်ရပါ။

ဒီမိုကရေစီ လူ့အဖွဲ့အစည်းဟာ **"မတူကွဲပြားမှုရဲ့ ညီညွတ်စွမ်းအား"** (Diversity and Unity) ကို ယုံတယ်။ လက်ခံတယ်။ အတူတကွ ပူးပေါင်းဆောင်ရွက်တယ်။ ယနေ့ စာရေးသူတို့တစ်တွေဟာ အာဏာရှင်စနစ်ကိုပြင်ချင်ကြလို့ **"ဒီမိုကရေစီ"** လမ်းစဉ်ကို သွားတာပါ။ ပါတီအမျိုးမျိုး၊ အဖွဲ့အစည်းအမျိုးမျိုး (Diversity) ကိုထူထောင်ခွင့်ပေးတာပါ။ ပါတီစုံ၊ အဖွဲ့အစည်းစုံကို တည်ထောင်ခွင့်မှတ်ပုံတင်ခွင့်ပြုပြီး ဥပဒေနှင့်အညီ လှုပ်ရှားခွင့်ပြုနေပါတယ်။ အဲဒီယဉ်ကျေးမှုထွန်းကားအောင် ဦးတည်တာပါ။ မတူကွဲပြားမှုကို လက်ခံနိုင်စွမ်းရှိတဲ့ ယဉ်ကျေးမှုကို ပညာရေးက မဖြစ်မနေလေ့ကျင့်ပေးရပါလိမ့်မယ်။ ပညာရေးခိုင်မာမှုအတွက်တော့ **"သူတက်လာတစ်မျိုး" "ငါတက်လာတစ်ဖုံ"** မဖြစ်ဖို့ အားလုံးရည်ရွယ်လုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့် **"နိုင်ငံနှင့်လူမျိုး၊ ယဉ်ကျေးမှု၊ ဓလေ့၊ စံတွေနှင့် အံဝင်ခွင်ကျပြီး ရေရှည်ဖွံ့ဖြိုးမှုကို အခြေပြုတဲ့ ပညာရေးဥပဒေ"**ရှိကိုရှိရပါမယ်။ အဲဒီဥပဒေဟာ ယနေ့ နိုင်ငံသားတွေကြားချင်နေတဲ့ ဒီမိုကရေစီစကားလုံးတွေကြွယ်ကြွယ်သုံး (Only Words) တဲ့ ဥပဒေမျိုးမဖြစ်သင့်ပါဘူး။ ပြည်သူပြည်သားကောင်းစစ်စစ် (Good Citizen) ကို မွေးထုတ်ပေးနိုင်စွမ်းရှိတဲ့ ဥပဒေမျိုးဖြစ်ရပါမယ်။ နိုင်ငံသားကောင်းစစ်စစ်တစ်ဦးရဲ့ အလေ့အကျင့်နှင့်စိတ်ထားပိုင်ဆိုင်ပြီဆိုရင် ဒီမိုကရေစီအကျင့်နှင့်ဓလေ့ဟာ ကျွဲကူးရေပါဆိုသလို နိုင်ငံသားတိုင်းမှာ ရှိပြီးဖြစ်ပါပြီ။

အများပြည်သူ လေ့လာအကြံပေးရန်ဆိုပြီး သတင်းစာထဲပါလာသည့် **"အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**ကို လေ့လာမိတဲ့အခါမှာ ဒီမိုကရေစီလူ့အဖွဲ့အစည်းရဲ့ ဆန့်ကျင်ဘက်သမဂ္ဂအာဏာရှင်စနစ် ထူထောင်တဲ့လမ်းဆီ ဦးတည်နေတာကို တွေ့နေရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေရာတကာမှာ **"ဆရာများ သမဂ္ဂ"၊ "ကျောင်းသား သမဂ္ဂ"** ဆိုတာတွေ နေရာဝင်ယူထားတာကိုသာ တွေ့နေလို့ပါ။ ဒီမိုကရေစီလူ့အဖွဲ့အစည်းရဲ့ မတူကွဲပြားမှုကို လက်ခံကျင့်သုံးခြင်းဆိုတာနဲ့သွေဖည်ပြီး တစ်ပါတီ၊ တစ်ဖွဲ့တည်းသာ ရှိရမယ်ဆိုတဲ့ ဦးတည်ချက်ဆီ သွားနေလို့ပါ။ အဲဒါဟာ **"အာဏာရှင်"**စနစ်ပဲ မဟုတ်ပါလား။ မဆလခေတ်မှာ တစ်ပါတီတည်းပါ။ အဲဒီတုန်းက မဆလပါတီဝင်တွေ ဟိုနေရာလည်းသူတို့၊ ဒီနေရာလည်းသူတို့ ပါဝင်နေတာ အားလုံးအသိပါ။ သူတို့အာဏာထူထောင်ချင်လို့ပါ။ ယနေ့မှာ ပါတီပေါင်းစုံထူထောင်ခွင့်ပြုနေတဲ့ခေတ်ပါ။ ကျောင်းတွေမှာ ဆရာသမဂ္ဂတစ်ခုတည်း၊ ကျောင်းသားသမဂ္ဂတစ်ဖွဲ့တည်းသာ ဥပဒေဖြင့်ဖွဲ့စည်းခွင့်ရှိပြီး စိုးမိုးခြယ်လှယ်ရမည့်ခေတ် မဟုတ်တော့ဘူးဆိုတာ ဥပဒေရေးဆွဲသူတွေက အရင်ဆုံးသိရမှာပါ။ အုပ်စုဖွဲ့ ဗိုလ်ကျမှု၊ စိုးမိုးမှုတွေကင်းရပါမယ်။ **"ဆရာများရဲ့ တခြားအဖွဲ့အစည်း"**တွေ၊ **"ကျောင်းသားများရဲ့ အဖွဲ့အစည်းအစုံစုံ"**ကို ထူထောင်ခွင့်ရှိပြီး လေးစားအသိအမှတ်ပြုရမယ့်ခေတ်ပါ။ ငါ့လို ဥပဒေနှင့်အညီ သူတို့လည်း လွတ်လပ်စွာ ဖွံ့ဖြိုးခွင့်ရှိပါတယ်။ အဲဒါကို ကြည်ဖြူစွာ လက်ခံနိုင်ရပါမယ်။ လက်ခံနိုင်စွမ်းမရှိခဲ့သူအားလုံးဟာ ဒီမိုကရေစီဘက်တော်သားမဟုတ်ဘဲ အာဏာရှင်စနစ်ကို ထူထောင်လိုတဲ့သူတွေပါ။

ပြင်ဆင်သည့်ဥပဒေကြမ်းမှာ ဆရာနဲ့ကျောင်းသားသမဂ္ဂများ ပါဝင်နေရာယူလွှမ်းမိုးထားသလဲဆိုတာကို ကြည့်ရင် သိနိုင်ပါတယ်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းတွင် သမဂ္ဂက စုစုပေါင်း ၁၄ နေရာ အာဏာယူထားပါတယ်။ ယင်းတို့မှာ ပုဒ်မ ၉၊ ၁၀၊ ပုဒ်မ ၁၃(ဂ)(ဃ)၊ ပုဒ်မ ၂၂ (က)(ကက)(ငင)၊ ပုဒ်မ ၂၂(ခ)(ခခ)၊ ပုဒ်မ ၂၂(ဂ)(ကက)၊ ပုဒ်မ ၂၂(ဆ)(ခခ)(ငင)၊ ပုဒ်မ ၄၃(က)(ကက)၊ ပုဒ်မ ၅၈(က)၊ ပုဒ်မ ၆၂(ခ) နှင့် ပုဒ်မ ၇၂ တို့ဖြစ်ပါတယ်။ ယင်း ၁၄ နေရာအနက်မှ တချို့ကိုဖော်ပြရလျှင် ပုဒ်မ ၁၃ **"(ဂ) ပညာရေးမူဝါဒများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲအတည်မပြုမီ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂ ကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သော ပညာရှင်များ၊ ပညာရေးဆိုင်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူထည့်သွင်းရေး"** အစိုးရဆိုတာ ပညာရှင်နဲ့ပြည်သူဆီက အကြံယူကောင်းယူမယ်။ ဒါပေမယ့် အစိုးရဟာ ငါတို့ဆီက အကြံယူရမယ်ဆိုတဲ့ ဥပဒေမျိုးဟာ အာဏာရှင်လေသံပေါက်နေ၍ မဖြစ်သင့်ပါ။ ယင်းအပိုဒ်(ဃ)တွင် **"ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ၊ လွတ်လပ်စွာဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်ရှိရေး"**ဆိုထားပါတယ်။ ဒီအချက်ဟာ လွတ်လပ်စွာဆိုသော်လည်း ဥပဒေနဲ့အညီသာဖြစ်ရပါမယ်။ ဥပဒေနဲ့မညီရင် လွတ်လပ်လွန်းခြင်းဆိုတဲ့ စည်းမဲ့ကမ်းမဲ့ဖြစ်မှာမို့ တက္ကသိုလ်ပဋိညာဉ်အရသာ ဖွဲ့စည်းခွင့်ပြုသင့်ပါတယ်။ ပြီးတော့ ယနေ့ပြောနေတဲ့ မြေလတ်ကျောင်းသားသမဂ္ဂ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂတို့ကျတော့ **"အသင်းအဖွဲ့"** နှင့်ဆိုင်သော ဥပဒေများအရသာ ဖြစ်သင့်ပါတယ်။ ပြီးတော့လည်း ကျောင်းသား၊ ဆရာများ၏ အခြားအဖွဲ့အစည်းများ ထူထောင်ခွင့်ဥပဒေမှာ မပါလို့ဆိုပြီး အမျိုးမျိုးသောသမဂ္ဂနှင့် အဆင့်အတန်းတူသော ဆရာ၊ ကျောင်းသားအဖွဲ့များ ဖွဲ့စည်းရာမှာ ငြင်းပယ်ခံရနိုင်ပါတယ်။ ပုဒ်မ ၂၂(ခ)ဆရာ ဆရာမများသည် **"(ခခ) တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များတွင် ဆရာသမဂ္ဂမှ ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည်"**ဟု ဖော်ပြချက်ပါဝင်ပါတယ်။ စာရေးသူ နားလည်သလောက် လက်ရှိတက်နေတဲ့ ကျောင်းသားနဲ့ တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာကိုယ်စားလှယ် ပါဝင်ခွင့်မရှိကြောင်း ၁၉၂၀ ခုနှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေနဲ့ ၁၉၅၈ ခုနှစ် မန္တလေးတက္ကသိုလ်အက်ဥပဒေများတွင် ဆိုထားတော့ ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂကိုယ်စားလှယ်ဆိုတော့ သာတောင်ဝေးပါသေးတယ်။ ပါဝင်ခွင့်မရှိပါ။ (၈)ပုဒ်မ ၂၂(ဂ) **"(ကက) အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီသည် ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ လက်ခံသည့် လွတ်လပ်သော ပညာရှင်အနည်းဆုံး ပညာရှင်ငါးဦး၊ လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သော ပညာရှင်နှစ်ဦး၊ ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်သော ပညာရှင်နှစ်ဦး ပါဝင်ဖွဲ့စည်းမည်"** သတဲ့။ အာဏာရှင်စနစ် ထူထောင်မှုကို ထင်ထင်ရှားရှားပြထားတဲ့ ပုဒ်မပါ။ ပညာရေးဝန်ကြီးဌာန (အစိုးရအဖွဲ့အစည်း) ထက် သူတို့အဆိုပြုသူအရေအတွက်က ပိုများနေလို့ပါ။ နိုင်ငံတကာမှာ အစိုးရကသာ ဦးစီးရေးဆွဲကြတာပါ။ ပုဒ်မ ၄၃(က) **"(ကက) ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ အဆိုပြုထောက်ခံတင်ပြသည့် လွတ်လပ်သော ပညာရှင်အနည်းဆုံး ငါးဦး၊"** ပုဒ်မ ၅၈ **"၅၅။ (က)ပုဒ်မ ၅၄ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကို အောက်ပါအတိုင်း အနည်းဆုံး ကိုးဦးဖြင့် လွတ်လပ်သော အဖွဲ့အဖြစ် ဖွဲ့စည်းရမည်။ (ကက) ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများမှ အသိအမှတ်ပြုသော လွတ်လပ်သည့် ပညာရှင်များ အနည်းဆုံး ငါးဦး"**ဟု ပါရှိပါတယ်။ ယခုပုဒ်မက သမဂ္ဂအာဏာထူထောင်ရေးကို ထပ်မံအတည်ပြုထားတာပါ။ ပုဒ်မ ၇၂ တွင် **"ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ရာတွင် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သော ပညာရှင်များ၊ ပညာရေးဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူထည့်သွင်းရမည်"**ဆိုပြီး အစိုးရရဲ့လုပ်ပိုင်ခွင့်ကို တစ်တိုင်းပြည်လုံးနှင့် သက်ဆိုင်မှုမရှိသော တတိယပါတီက ဝင်ရောက်စွက်ဖက်မှုကို ခွင့်ပြုထားသည့် ပညာရေးဥပဒေမျိုး နိုင်ငံတကာမှာရှိလျှင် ရှာပေးကြပါဟုသာ မေးပါရစေ။ သမဂ္ဂအဖွဲ့အစည်းတစ်ခုတည်းက နေရာ ၁၄ နေရာမှာ လုပ်ပိုင်ခွင့်အပ်နှင်းထားတာကို ပြည်သူတွေမြင်ပါလိမ့်မယ်။ ဒါကြောင့်မို့ သမဂ္ဂအာဏာရှင်စနစ်ထူထောင်ဖို့လားလို့ မေးရတာပါ။

**လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား မိဘပြည်သူများ၊ ဥပဒေပညာရှင်များ၊ ဆရာများ၊ ကျောင်းသားများနှင့် မြန်မာ့ပညာရေးဖွံ့ဖြိုးမှုကို လိုလားသူများခင်ဗျာ ပြင်ဆင်သည့်ဥပဒေမူကြမ်းတွင် ထည့်သွင်းပြင်ဆင်ထားမှုများကြောင့် "အစွန်းရောက်သည့် လွတ်လပ်မှုမျိုးမဖြစ်စေရန်" အတွက် နိုင်ငံနှင့်မြန်မာ့လူ့အဖွဲ့အစည်း၏ ရေရှည်အကျိုးစီးပွားကို ထောက်ပြီး ဝိုင်းဝန်းကာကွယ်ပေးကြပါ . . .**

ကျော်မျိုးသိန်း-သပြေကုန်း

ပြင်ဆင်သည့် ဥပဒေကြမ်းမှာဖော်ပြထားသည့် အထက်ပါအချက်များကို ခြုံလျှင် (က) ကျောင်းသားထုအတွင်း (သို့) ဆရာထုအတွင်းတွင် သမဂ္ဂတစ်ဖွဲ့တည်းသာ ထူထောင်ခွင့်ရှိခြင်း၊ (ခ) အဲဒီလို ဆရာတစ်ဖွဲ့တည်းနှင့် ကျောင်းသားတစ်ဖွဲ့တည်းတို့မှ ကိုယ်စားလှယ်များသာ ပညာရေးဆောင်ရွက်တဲ့ အဖွဲ့အစည်းများမှာ ဆောင်ရွက်ခွင့်ကိုယူခြင်း၊ စွက်ဖက်ခြင်းဆိုတဲ့ သမဂ္ဂသြဇာအာဏာ ထူထောင်လိုခြင်းနှင့် (ဂ) မူကြိုကျောင်းမှသည် ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၏ လုပ်ပိုင်ခွင့်များကို ဝင်ရောက်စွက်ဖက်ခြင်း (အထူးသဖြင့် ပုဒ်မ ၇၂) ဆိုတဲ့ အချက်သုံးချက်ကို သွားတွေ့မိပါတယ်။ တကယ်ဆို ဒီမိုကရေစီလူ့အဖွဲ့အစည်းမှာ ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂလည်း ဖွဲ့ခွင့်ရှိသလို ကျောင်းသားအရေး၊ ဆရာအရေးကိစ္စများကို ဆောင်ရွက်ရန် သမဂ္ဂအဖွဲ့အစည်းများနှင့်အဆင့်တန်းတူ အခြားဆရာနှင့်ကျောင်းသားအဖွဲ့အစည်းများလည်း ဖွဲ့စည်းပိုင်ခွင့်ရှိရပါမယ်။ အခြေခံပညာနှင့်တက္ကသိုလ်တွေမှာ ဆရာဆရာမ၊ ကျောင်းသူကျောင်းသားတွေအပြင် ဝန်ထမ်းတွေလည်း ရှိသေးတာမို့ ဝန်ထမ်းအဖွဲ့အစည်းတွေလည်း ဖွဲ့စည်းခွင့်ရှိရပါမယ်။ ပြီးတော့ ဘယ်အဖွဲ့ကိုယ်စားလှယ် (ကျောင်းသား၊ ဆရာသမဂ္ဂကိုယ်စားလှယ်)မျှ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်ခွင့်မရှိဘူးဆိုတာ သမိုင်းကို လေ့လာရင်တွေ့နိုင်ပါတယ်။ ပြီးတော့ မူလအမျိုးသားပညာရေးဥပဒေအခန်း(၄)တစ်ခုလုံးကို ဗဟိုထိန်းချုပ်မှုကြီးရှိတဲ့ **"အမျိုးသား ပညာရေးကော်မရှင်"** ဆိုပြီး ကျောင်းသားများ ဆန္ဒပြတောင်းဆိုသည့် တစ်ချိန်လုံး ထောက်ပြပြီးဖြုတ်ခဲ့ပါတယ်။ တကယ်တော့ စာရေးသူအမြင်(သေသေချာချာလေ့လာသူဆိုရင်လည်း စာရေးသူနှင့်အမြင်တူလိမ့်မယ်လို့ ယုံကြည်ပါတယ်) အားဖြင့် **"စည်းလွတ်၊ ဝါးလွတ်"** ဖြစ်မှာစိုးလို့ ထိုင်းနိုင်ငံ အမျိုးသားပညာရေးဥပဒေ (၁၉၉၉)ကို နမူနာယူပြီး ထည့်သွင်းခဲ့တာပါ။ **"မူဝါဒချမှတ်ခြင်း" "ပေါင်းစပ်ညှိနှိုင်းခြင်း" "မူဝါဒ၊ စီမံကိန်းအကောင်အထည်ဖော်မှုကို အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်း၊ အကြံပြုခြင်း"** ကိုသာ ဆောင်ရွက်နိုင်တဲ့ အဖွဲ့အစည်းပါ။ ထိန်းချုပ်တဲ့သဘောတစ်ခုမှမပါတဲ့ အဖွဲ့အစည်းဖြစ်ပြီး ကော်မရှင်၏ လုပ်ငန်းတာဝန်မှာ ရှစ်ခုကိုလေ့လာလျှင် အထက်ပါသုံးချက်သာ တွေ့နိုင်ပါတယ်။ အဲဒီအဖွဲ့အစည်းအစားယခုပြင်ဆင်သည့် ဥပဒေတွင် သမဂ္ဂက ၁၄ နေရာ အာဏာယူထားပါတယ်။ အဲဒီလို **"သမဂ္ဂအဖွဲ့အစည်းတစ်ခုတည်းကိုသာ (အခြားအဖွဲ့အစည်းများ ဥပဒေအရ ထူထောင်ခွင့်နှင့် ပါဝင်ခွင့်မရှိသည့် သဘောရောက်နေသည်) နေရာတကာခြယ်လှယ်ခွင့်ပေးထားသဖြင့် သမဂ္ဂအာဏာရှင်စနစ်ကို ထူထောင်လိုမှုကို အားပေးသည့် ပညာရေးဥပဒေ"** မျိုးတော့ မဖြစ်လည်းမဖြစ်သင့်သလို နိုင်ငံသမိုင်းမှာ အမည်းကြောင်းထင်ရစ်မှာစိုးလို့ မရှိသင့်ပါ။

သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား မိဘပြည်သူများ၊ ဥပဒေပညာရှင်များ၊ ဆရာများ၊ ကျောင်းသားများနှင့် မြန်မာ့ပညာရေးဖွံ့ဖြိုးမှုကို လိုလားသူများခင်ဗျာ ပြင်ဆင်သည့်ဥပဒေမူကြမ်းတွင် ထည့်သွင်းပြင်ဆင်ထားမှုများကြောင့် **"အစွန်းရောက်သည့် လွတ်လပ်မှုမျိုး မဖြစ်စေရန်"**အတွက် နိုင်ငံနှင့်မြန်မာ့လူ့အဖွဲ့အစည်း၏ ရေရှည်အကျိုးစီးပွားကိုထောက်ပြီး ဝိုင်းဝန်းကာကွယ်ပေးကြပါဟု မေတ္တာရပ်ခံတိုက်တွန်းလိုပါသည်။ ။

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြားခရီးသွားလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ ကြော်ငြာနှုန်းထားများ လျှော့ချဝန်ဆောင်မှုပေးမည်

မြန်မာ့အလင်းသတင်းစာနှင့်ကြေးမုံသတင်းစာတို့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ ရောင်စုံသတင်းစာ ၃၂ မျက်နှာအဖြစ် ပြောင်းလဲထုတ်ဝေခဲ့ပြီးနောက် ဖေဖော်ဝါရီ ၁ ရက်နေ့မှစတင်၍ သုတရသဆိုင်ရာ စာအုပ်ကြော်ငြာများ၊ ဌာနဆိုင်ရာကြော်ငြာများ၊ လူမှုရေးကြော်ငြာများ၊ စီးပွားရေးကြော်ငြာများအပေါ် ကြော်ငြာခနှုန်းထားများကို လျှော့ချဝန်ဆောင်မှုပေးခဲ့ပါသည်။

ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာမှုအရလည်းကောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ကုန်အမှတ်တံဆိပ်ကြော်ငြာနှင့် မူပိုင်ခွင့်ကြော်ငြာ၊ ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများကိုလည်း ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ အောက်ပါအတိုင်း ပြောင်းလဲလျှော့ချဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်-

| စဉ် | ကြော်ငြာအမျိုးအစား | ရောင်စုံကြော်ငြာ | | အဖြူ /အမည်း | |
|---|---|---|---|---|---|
| | | လက်ရှိနှုန်းထား ၁"×၁ကော်လံ | လျှော့ချမည့်နှုန်းထား ၁"×၁ကော်လံ | လက်ရှိနှုန်းထား ၁"×၁ကော်လံ | လျှော့ချမည့်နှုန်းထား ၁"×၁ကော်လံ |
| ၁။ | နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ပြည်ပလေကြောင်းလိုင်းကြော်ငြာ၊ ပြည်ပဟိုတယ်ကြော်ငြာ | USD 50 | ၃၀၀၀၀ိ/- | USD 50 | ၃၀၀၀၀ိ/- |
| ၂။ | ကုန်အမှတ်တံဆိပ်/မူပိုင်ခွင့်နှင့် ပတ်သက်သော ကြော်ငြာ | USD 100 | ၅၀၀၀၀ိ/- | USD 100 | ၅၀၀၀၀ိ/- |
| ၃။ | ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများ | ၂၀၀၀၀ိ/- | ၁၅၀၀၀ိ/- | ၁၇၀၀၀ိ/- | ၁၃၀၀၀ိ/- |

(ကြေးမုံ)

## အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ဆက်လက်ကြားနာဆောင်ရွက်

**နေပြည်တော် မတ် ၈**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ကြားနာခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆွေးနွေးပွဲခန်းမ၌ ဆက်လက်ကျင်းပပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၏ အကြံပြုချက်များကို ကြားနာခဲ့သည်။


ဥပဒေကြမ်းကြားနာရာသို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး နိုင်ငံရေးပါတီ(၈)ပါတီမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးများက သက်ဆိုင်ရာပါတီများအလိုက် ကိုယ်စားပြုတက်ရောက် ဆွေးနွေးအကြံပြုခဲ့ကြသည်။**(ယာပုံ)**

ထိုသို့ကြားနာဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက လွှတ်တော်အတွင်းတွင် ဥပဒေကြမ်းတစ်ခုအား ဥပဒေပြုရန် လွှတ်တော်၏ ဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ခြင်းများကို အကျယ်တဝင့် ရှင်းလင်းပြီး နိုင်ငံရေးပါတီအသီးသီးတွင် နိုင်ငံရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ မူဝါဒများရှိပါကြောင်း၊ ထိုသို့ မူဝါဒများရှိသည့် နိုင်ငံရေးပါတီများ၏ အကြံပြုချက်များကို ရယူလို၍ ယခုကဲ့သို့ ဖိတ်ကြားရခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးထွန်းနိုင်၊ ကယားလူမျိုးစု ဒီမိုကရေစီပါတီ အတွင်းရေးမှူး ဦးစိုင်းနိုင်နိုင်ထွေး၊ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီဥက္ကဋ္ဌ ဦးအေးကြိုင်၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးသိမ်းကြည်၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီဥက္ကဋ္ဌ ဦးစိုးမောင်၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေ၊ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးပိုင်ဆော့ခ်နှင့် ညီညွတ်သော ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးလှမြင့်တို့က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် မိမိတို့ပါတီ၏ သဘောထားအမြင်များ၊ အတွေ့အကြုံများအပေါ် အခြေခံ၍ ဆွေးနွေးအကြံပြုကြသည်။

(သတင်းစဉ်)






## လောက်ကိုင်မြို့တွင် မူးယစ်ဆေးဝါးသယ်ဆောင်၊ ရောင်းဝယ်၊ သုံးစွဲသူများအား ထောင်ဒဏ်များအသီးသီးချမှတ်

**နေပြည်တော် မတ် ၈**

မတ် ၂ ရက်က နယ်မြေခံတပ်မှ လောက်ကိုင်မြို့ ရပ်ကွက် (၃)တွင် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လီကွယ်ချောင်နှင့်ရွှယ်ရှင်းလင်တို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆ ပြား သိမ်းဆည်းရမိ၍ လောက်ကိုင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားပြီး မတ် ၅ ရက်တွင် စစ်ခုံရုံးမှ တရားခံလီကွယ်ချောင်နှင့် ရွှယ်ရှင်းလင်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့သည်။

အလားတူ မတ် ၃ ရက်က မူးယစ်တပ်ဖွဲ့ (၂၁) ကွမ်းလုံမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ ရပ်ကွက် (၃)တွင် ကွမ်ချိန်မောင်းနှင်ပြီး ရန်လောက်ဆန်းနှင့် ကျန်းလောက်ကျန်းတို့လိုက်ပါလာသော Mark -II အမျိုးအစားမော်တော်ယာဉ်အား ရှာဖွေရာ ကွမ်ချိန်၏ ဘောင်းဘီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိ၍ လောက်ကိုင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားပြီး မတ် ၅ ရက်တွင် စစ်ခုံရုံးမှ ကွမ်ချိန်၊ ရန်လောက်ဆန်းနှင့် ကျန်းလောက်ကျန်းတို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်းသိရသည်။ **(မူးယစ်)**

ရှောင်လေဝေးဝေး
မူးယစ်ဆေး

# ၂၀၁၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသည့် သာသနာ့အာဇာနည် ဆရာတော်နှစ်ပါးအား ဂုဏဝိသိဋ္ဌ ပူဇာဂုဏ်ပြုပွဲကျင်းပ



**နေပြည်တော် မတ် ၈**

၂၀၁၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ခံရသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဓမ္မောဒယပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဇေယျနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ သာသနဝိပုလခေတ်တော် ပရိယတ္တိစာသင်တိုက်ဆရာတော် နိုင်ငံတော်သံဃနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တပညာနန္ဒတို့အား ဂုဏဝိသိဋ္ဌပူဇာ ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လားရှိုးမြို့ သိရိမင်္ဂလာမန်ဆူ ရှမ်းကျောင်းတိုက်တွင် ကျင်းပရာ လားရှိုးမြို့ ကန်မိန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမွန်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူ၊ ပြည်နယ်၊ခရိုင်၊မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ဘာသာရေးနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ၊အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂုဏ်ပြုပူဇော်ခံသာသနာ့အာဇာနည် ဆရာတော်နှစ်ပါးအား ကနက္ကဒဏ်ထီးဖြူမိုး၍ ပူဇာသနပလ္လင်ပေါ်သို့ ကြွရောက်တော်မူပါရန် အဘိယာခေနိမန္တနဂါထာဖြင့် ဖတ်ကြားလျှောက်ထား၍ ပန်းစိုက်ငွေဖလား၊ သာသနာ့ အောင်လံတော်၊ အောင်လက်မှတ်တော်၊ စာပလွေတော်၊ ဘွဲ့တံဆိပ်တုံး သေတ္တာတို့နှင့်အတူ ပင့်ဆောင်ခဲ့ကြသည်။ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဂုဏ်ပြုပူဇော်ပွဲဆိုင်းဘုတ်အား ပြည်နယ်လူမှုရေးဝန်ကြီးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပြီး ကန်မိန်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တအာဇေယျ၏ ထေရုပ္ပတ္တိဂါထာကို လားရှိုးမြို့ တာပုံကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနာလိန္ဒမှ လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပညာနန္ဒ၏ ထေရုပ္ပတ္တိဂါထာကို လားရှိုးမြို့ သိရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒမှ လည်းကောင်း ဖတ်ကြား ပူဇော်ကြပြီး အလှူငွေ ၇၄၈ သိန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မူဆယ်မြို့ မဟာဝန်ကျောင်းတိုက် ဆရာတော် မဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တသုခမိန္ဒထံမှအနုမောဒနာတရားနာယူကြပြီးလှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် မတ် ၈

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက် ထစ်ချုန်းရွာနိုင်သည်။

# မြန်မာ-တရုတ် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား စည်းဝေး နှစ်နိုင်ငံ နယ်စပ်ဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေး ဆွေးနွေး

**နေပြည်တော် မတ် ၈**

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား အစည်းအဝေးကို ယနေ့နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ရှမ်းပြည်(မြောက်ပိုင်း) မူဆယ်မြို့တွင် ပြုလုပ်ခဲ့သည်။


မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သော်တို့ ပူးတွဲဦးဆောင်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာလျို့ကျန်းမင်က ဦးဆောင်ကာ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များသည် နှစ်နိုင်ငံချစ်ကြည်ရေးကိုအခြေခံကာ နှစ်နိုင်ငံ နယ်စပ်ဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ထိန်းသိမ်းရေး၊ တရားဥပဒေစိုးမိုးမှုတည်ဆောက်ရေးတို့အပေါ် နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားရန်နှင့်ကိုးကန့်ဒေသမှတိုက်ပွဲရှောင်ပြည်သူများမိမိနေရပ်များသို့ဘေးကင်းလုံခြုံစွာအမြန်ဆုံးပြန်နိုင်ရေးတို့ကို ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မူဆယ်မြို့မှ တရုတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း အထူးကိုယ်စားလှယ်အဖွဲ့ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေးခဲ့



**နေပြည်တော် မတ် ၈**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း အထူးကိုယ်စားလှယ်အဖွဲ့သည် အသင်းနာယက ဦးတင်ဦးနှင့် အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်တို့ ခေါင်းဆောင်လျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မတ် ၃ ရက်မှ ၈ ရက်အထိ သွားရောက်ခဲ့ပြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း အတွင်းရေးမှူး ဦးမျိုးအောင်လည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့သည်။

ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့တွင် ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လျို့ကျန်းမင်၊ အာရှရေးရာ အထူးသံတမန် မစ္စတာ ဝမ်ရင်းဖန်နှင့် တရုတ်-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယအမှုဆောင်ဥက္ကဋ္ဌ မစ္စတာ ကမ်းကျိုယွမ်တို့နှင့်သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲများသို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းလည်း တက်ရောက်ခဲ့သည်။

တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။ တရုတ်နိုင်ငံဘက်သို့ ရောက်ရှိလာကြသည့် ကိုးကန့်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများအား လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ခဲ့သည့်အတွက် မြန်မာကိုယ်စားလှယ်အဖွဲ့က တရုတ်အစိုးရအား ကျေးဇူးတင်ရှိကြောင်းလည်း ပြောကြားခဲ့သည်။

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း အထူးကိုယ်စားလှယ်အဖွဲ့သည် ယူနန်ပြည်နယ်သို့ မတ် ၅ ရက်မှ ၈ ရက်အထိ ရောက်ရှိခဲ့သည်။ ယူနန်ပြည်နယ်ခရီးစဉ်အတွင်းမြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း အထူးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ကျော်ဦးလည်းလိုက်ပါခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့သည် ယူနန်ပြည်နယ် ကူမင်းမြို့၌ တရုတ်ကွန်မြူနစ်ပါတီ၊ ယူနန်ပြည်နယ် အမြဲတမ်းကော်မတီဝင် မစ္စတာမန်ဆုထရယ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး လင်စန်းမြို့သို့ မတ် ၇ ရက်တွင် ရောက်ရှိသည်။

လင်စန်းမြို့တွင် လင်စန်းမြူနီစီပယ်ပါတီအတွင်းရေးမှူးလီရှောင်ပင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး လင်စန်းမြို့မှ နယ်နိမိတ်မှတ်တိုင် အမှတ်(၁၃၇)၊ (၁၂၇)နှင့် (၁၂၅)တို့ရှိ တရုတ်နိုင်ငံဘက်သို့ ယာယီခိုလှုံလာကြသူများအတွက် တရုတ်အစိုးရမှတည်ဆောက်ထားသည့် ယာယီစခန်းများသို့ သွားရောက်ကြည့်ရှုခဲ့သည်။ နယ်နိမိတ်မှတ်တိုင်အမှတ်(၁၃၇)ရှိ ယာယီစခန်းတွင် ယာယီရွှေ့ပြောင်းရောက်ရှိနေသူ ၁၁၀၀ အားလည်းကောင်း၊ နယ်နိမိတ်မှတ်တိုင်(၁၂၇)ရှိ ယာယီစခန်းတွင် ၁၅၀၀ ခန့်အား လည်းကောင်း တွေ့ဆုံခဲ့သည်။ နယ်နိမိတ်မှတ်တိုင်အမှတ်(၁၂၅)ရှိ ယာယီစခန်း၌ ခေတ္တခိုလှုံနေသူများမှာ မြန်မာနိုင်ငံဘက်ရှိ မိမိနေရပ်များသို့ ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သော မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း အထူးကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ပြည်တွင်းရေးရာ

☆ **တစ်နှစ်လျှင်မှ**

ဧည့်သည်တော်ကြီးများက မုခ်ဦးဆိုင်းဘုတ်နှင့်ကမ္ပည်းမော်ကွန်းအား အောင်သပြေ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆိပ်ကမ်း Command Centre ရှိ CCTV Control Room အား လှည့်လည်ကြည့်ရှုကြသည်။

၎င်းနောက် မင်္ဂလာမဏ္ဍပ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များကို မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ စီမံကိန်းများညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက အမှတ်(၁)အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတည်ဆောက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့အား အထိမ်းအမှတ်တံဆိပ်များပေးအပ်ပြီး ဆိပ်ကမ်းသို့ဆိုက်ကပ်ထားသည့် MV KOTA TAM PAM သင်္ဘော၊ MV THAI BINH 68 သင်္ဘောနှင့် MV ROYAL 16 သင်္ဘောသုံးစင်းတို့မှ သင်္ဘောကပ္ပတိန်များကို အထိမ်းအမှတ်အလံနှင့် ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်ခလုတ်နှိပ်၍ အချက်ပေးဥသြသံဖြင့် ဆိပ်ခံတံတားအား ဖွင့်လှစ်ပေးသည်။ ထိုသို့ အချက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် MV KOTA TAM PAM သင်္ဘောပေါ်မှ ကုန်သေတ္တာများအား Ship To Shore Crane ဖြင့် မ၍ Yard Tractor အပေါ်သို့ တင်ဆောင်ပြီး ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ စတင်လည်ပတ်ဆောင်ရွက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆိပ်ကမ်းအားလှည့်လည်ကြည့်ရှုကြပြီး X-Ray Machine ဖြင့် ကုန်သေတ္တာများကို လက်တွေ့စစ်ဆေးနေမှုအား ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သော အမှတ်(၁)အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသည် ရန်ကုန်ဆိပ်ကမ်းများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ တိုးချဲ့ဆောက်လုပ်မည့် ဆိပ်ကမ်းခြောက်ခုအနက် ပထမဆုံးတည်ဆောက်ပြီးစီးဖွင့်လှစ်ခဲ့သော ဆိပ်ကမ်းဖြစ်ပြီး မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဖြစ်သည်။ ဆိပ်ကမ်း၏ဆိပ်ခံတံတားမှာ အလျားမီတာ ၆၀၀၊ ကုန်သေတ္တာလွှင်ပြင် ၄၅ ဒသမ ၁၈၃ ဧကတို့ ပူးတွဲပါဝင်တည်ဆောက်ထားသဖြင့် တန်ချိန် ၂၀၀၀၀ ရှိ ပင်လယ်ကူးသင်္ဘောကြီး သုံးစင်း တစ်ပြိုင်တည်းဆိုက်ကပ်နိုင်မည်ဖြစ်ပြီး ကုန်သေတ္တာကိုင်တွယ်မှုအနေဖြင့် တစ်နှစ်လျှင် ကုန်သေတ္တာအလုံးရေ ၂၈၈၀၀၀ အထိ ဝန်ဆောင်မှု ပေးနိုင်စွမ်းရှိသည့်အတွက် ပြည်တွင်း ပြည်ပ သင်္ဘောလိုင်း၊ ကုမ္ပဏီများ၏လိုအပ်ချက်နှင့်အညီ ခေတ်မီ ကုန်တင်/ ကုန်ချ ယန္တရားကြီးများဖြင့် အကောင်းဆုံးဝန်ဆောင်မှု ပေးနိုင်ကာ နိုင်ငံတော်၏ ပင်လယ်ရေကြောင်းကုန်သွယ်မှုကဏ္ဍကို ပိုမိုတိုးတက်လာစေရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**

## ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

☆ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေး။

☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပ အန္တရာယ်များ၊ သဘာဝဘေး အန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကို အသက်ပေး၍ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး။



အမှတ်(၁)အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းကို တွေ့ရစဉ်။

## မြောင်းမြမြို့နယ် လူတော်ကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းဆောင်ရွက်ပေး

**နေပြည်တော် မတ် ၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ မတ် ၂ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် လူတော်ကျေးရွာ ဓမ္မဝေပုလ္လကျောင်းတိုက်၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက ဒေသခံရွာသူ ရွာသားများအား မိုးပွင့်(အထူး) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းဝင်းအတွင်း၌ ရွာသူရွာသားများအားတွေ့ဆုံကာ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ဆန္ဒကို အလေးထားကာ နိုင်ငံတစ်ဝန်း မိုးပွင့်စီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းထုတ်ပေးဆောင်ရွက်မှု၊ ကတ်ပြားမရရှိသေးသူ ပြည်သူများက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ အကြောင်းကြားစာရင်းပေးသွင်းနိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ ရရှိသည့်ကတ်ပြားအမှတ်အား မှတ်သားထားရန်နှင့် စနစ်တကျကိုင်တွယ်ထိန်းသိမ်းကြရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာတာဝန်ခံများအား ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် ဒေသခံရွာသူရွာသားများအား မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

◆



စတ္တုထုတ်သုံးဆခန့် ပိုမိုပေါ့ပါးသော ကာဗွန်အမျှင်ပြားများနှင့် လူ့ဆံချည်မျှင်မျှရှိသော ဆိုလာဆဲလ်မျှင်များဖြင့် တီထွင်ထားသော ဆွစ်ဇာလန်နိုင်ငံမှ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar Impulse - 2 မန္တလေးမြို့သို့ ၂၀၁၅ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ရောက်ရှိမည်

❋ **ရန်ကုန်အသင်းမှ**

ဖိကစားနိုင်ခဲ့သည်။ ဇေယျာရွှေမြေအသင်းမှာ ပွဲစကတည်းက ခံစစ်အသားပေးပုံစံဖြင့် ကစားခဲ့ရာ ရန်ကုန်အသင်း စိတ်ကြိုက်ဖိကစားနိုင်ခဲ့သည်။ ၂၃ မိနစ်တွင် ဆီဇာက ရန်ကုန်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၃၄ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဆေးလ်ဗားက ဇေယျာရွှေမြေအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ချေပဂိုးပြန်ပေးခဲ့ရသော်လည်း ရန်ကုန်အသင်းကသာ ပွဲကိုစိုးမိုးခဲ့ပြီး ၃၉ မိနစ်တွင် ခင်မောင်လွင်နှင့် ၄၃ မိနစ်တွင် ဆီဇာတို့က အနိုင်ဂိုးများသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန်အသင်းကသာ ဆက်လက်ဖိကစားသွားခဲ့ပြီး အနိုင်ဂိုးများကို ၅၉ မိနစ်တွင် အီမာဆင်း၊ ၆၈ မိနစ်တွင် ဆီဇာတို့က သွင်းယူပေးခဲ့သည်။ ဇေယျာရွှေမြေအတွက် ဒုတိယချေပဂိုးကို ၇၃ မိနစ်တွင် ဆေးလ်ဗားကပင် သွင်းယူခဲ့သည်။ ယခုပွဲတွင် ဟက်ထရစ်သွင်းယူခဲ့သည့် ဆီဇာမှာ ယခုရာသီ၌ ၁၄ ဂိုးမြောက် သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်အသင်းမှာလည်း ကိုးပွဲတွင် သွင်းဂိုးမှာ ဂိုး ၃၀ ရှိသွားခဲ့သည်။

(အောင်ဆန်းကွင်း)

ရခိုင် -တစ်ဂိုး

(ပြည်မိုး)

ဟံသာဝတီ-တစ်ဂိုး

(ကျော်ဂျီ)

ပွဲစဉ်(၉)အပြီးတွင် ရန်ကုန်အသင်းက ကိုးပွဲကစား ၂၇ မှတ်ဖြင့် ပထမ၊ ဧရာဝတီအသင်းက ရှစ်ပွဲကစား ၂၂ မှတ်ဖြင့် ဒုတိယ၊ မကွေးအသင်းက ကိုးပွဲကစား ၁၈ မှတ်ဖြင့် တတိယ၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ရှစ်ပွဲကစား ၁၆ မှတ်ဖြင့် စတုတ္ထ၊ ကမ္ဘောဇအသင်းက ကိုးပွဲကစား ၁၅ မှတ်ဖြင့် ပဉ္စမနေရာတွင် ရပ်တည်နေသည်။ ပြိုင်ပွဲကို ယခုပွဲစဉ်များအပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၂၂ ရက်တွင် ပြန်လည်စတင်မည်ဖြစ်သည်။

❑

# ရန်အောင်မြင်ရွှေလက်လှစေတီတော် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

**နေပြည်တော် မတ် ၈**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရွှေဟောင်းသမိုင်းဝင် ရန်အောင်မြင်ရွှေလက်လှစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၈၃) ကြိမ်မြောက် သံဃာ့ဒါနဆွမ်းဆန်တော် လောင်းလှူပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါ ရန်အောင်မြင်ရွှေလက်လှစေတီတော်အဝင်လမ်းနှင့် ပတ်လမ်း တစ်လျှောက်၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင်တို့ တက်ရောက်လှူဒါန်းပူဇော်ကြသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ ဌာနမှူးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမိသားစုများ၊အမှတ်(၆) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဌာနချုပ်၊ နေပြည်တော်သီရိဟိုတယ်ဇုန်ရှိ ဟိုတယ်များ၊ ဆောက်လုပ်ရေးကုမ္ပဏီများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းမိသားစုများနှင့် စေတနာရှင်အလှူရှင်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများအား လာရောက်လောင်းလှူခဲ့ကြသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော သံဃာ့ဒါန ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားသို့ ရန်အောင်မြင်ရွှေလက်လှစေတီတော်မြတ်ကြီးဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်အရှင်သူမြတ်များ အမှူးပြုသော ဩဝါဒါစရိယ ဆရာတော် ၁၆ ပါး အပါအဝင် နေပြည်တော်ရှိ မြို့နယ်များမှ စာသင်တိုက်နှင့် ကျောင်းတိုက် ၈၈ ကျောင်းတို့မှ ရဟန်းသာမဏေ ၅၀၆ ပါးနှင့် သီလရှင်ကျောင်းတိုက် ခုနစ်ကျောင်းမှ သီလရှင် ၇၈ ပါးတို့ ကြွရောက်တော်မူကြရာ ပဒေသာပင် ၁၂ ခုအပါအဝင် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(ဇော်မင်းအောင်)

◆◆◆



**သွေးသည် အသက်**

# ဓာတ်တိုင်ကို ကားဝင်တိုက် ဓာတ်လိုက်သေဆုံး

**နေပြည်တော် မတ် ၈**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် (၄၁) လမ်း အမှတ် (၁၂) အခြေခံပညာအလယ်တန်းကျောင်းရှေ့၌ မတ် ၇ ရက် မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်နေ အောင်ထွန်းလင်း (၂၃)နှစ် မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေသူများဖြစ်သည့် ရဲကိုနောင် (၁၇)နှစ်၊ မင်းလေပြေ (၂၀)နှစ်နှင့် ကောင်းကျော်(ခ)သက်မင်းစိန် (၁၇) နှစ်တို့ လိုက်ပါလာသည့် DD/--AD Van ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိဓာတ်တိုင်အား ဝင်တိုက်မိသဖြင့် ဓာတ်တိုင်ကျိုးကျပြီး ဓာတ်တိုင်နှင့်ယာဉ်တို့ ရေမြောင်းအတွင်းထိုးကျခဲ့၍ အောင်ထွန်းလင်းပါ လေးဦးမှာ အခင်းဖြစ်နေရာတွင် ဓာတ်လိုက်သေဆုံးသွားကြောင်း သိရသည်။

(ကြေးမုံ)








**○ ကျောဖုံးမှ**

ထို့အတူ မတ် ၇ ရက် ညနေပိုင်းတွင် တပ်မတော်စစ်ကြောင်းများက လောက်ကိုင်ဒေသရှိ နယ်နိမိတ်မှတ်တိုင် အမှတ်(၁၁၈)အနီး ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ယာယီခြေကုပ်ယူထားသည့် စစ်ဗျူဟာအရ အရေးကြီးသော ပွိုင့်-၂၀၁၄ တောင်ကုန်းအား တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

အထက်ပါ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သော တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက ရှင်းလင်းရာ ကိုးကန့်သောင်းကျန်းသူ ယူနီဖောင်းဝတ် အလောင်းတစ်လောင်း၊ အမ်(၂၂) တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်ရှစ်တောင့်တို့ကို သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ အရာရှိတစ်ဦးတိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကာ အရာရှိ၊ စစ်သည် ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် တပ်မတော်စစ်ကြောင်းများက သတင်းဖော်ထုတ်၍ ကိုးကန့်သောင်းကျန်းသူအဖွဲ့များနှင့် ဆက်စပ်မှုရှိသည့် မသင်္ကာဖွယ်နေရာများအား ဆက်လက်ရှင်းလင်းရာအမ်(၂၂ ) ပြောင်းရှည် တစ်လက်၊ အမ် (၂၂) ပြောင်းတို တစ်လက်၊တစ်လုံးထိုး သေနတ်တစ်လက်၊အမ်(၂၂) ကျည်အိမ်နှစ်ခု၊ ကျည်မျိုးစုံ ၅၀၉ တောင့်၊ ကျည်ကာဦးထုပ် သုံးလုံး၊ တပ်မတော်သုံး အရာရှိကြီးဆောင်းဦးထုပ် တစ်လုံး၊ တပ်မတော်အရာရှိသုံး တောဆောင်းဦးထုပ်တစ်လုံး၊ တပ်မတော်သုံး ကြယ်ယာဉ်နံပါတ်ပြားနှစ်ခုတို့အား သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်အနေဖြင့် လောက်ကိုင်ဒေသအတွင်း ဆက်သွယ်ရေးလမ်းကြောင်းများအား ဒေသခံပြည်သူများ လုံခြုံစိတ်ချစွာ သွားလာနိုင်စေရေးအတွက် အဆိုပါလမ်းကြောင်းများကို နှောင့်ယှက်တိုက်ခိုက်နေသော ကိုးကန့်သောင်းကျန်းသူများအား ဆက်လက်တိုက်ခိုက်ချေမှုန်းလျက် ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

# အလုပ်သမားတန်းလျားမှ စတင်မီးလောင်ကျွမ်း

**ဖြူး မတ် ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ညောင်ပင်သာယာကျေးရွာအုပ်စု ရွာသာယာကျေးရွာ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ကြံသီးနှံပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဦးစီးဌာနခွဲ ကြံသုတေသန မျိုးပွားခြံအတွင်းရှိ အလုပ်သမားတန်းလျား မြေစိုက်နေအိမ်အမိုးကြားတွင် သွယ်တန်းထားသော လျှပ်စစ်မီးကြိုး ဝါယာရှော့ခ်ဖြစ်ပြီး မတ် ၈ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

မီးစတင်လောင်ကျွမ်းရာသို့ ဖြူးမြို့မီးသတ်ဦးစီးဌာန၊ တပ်မတော်သားများနှင့် ဇဟားကျေးရွာအုပ်စုရှိ အရန်မီးသတ်နှင့် ကျေးရွာနေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မီးလုံးဝငြိမ်းသွားခဲ့ပြီး လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

(ဖြူး-မြင့်ဦး)



# လယ်ဝေးမြို့နယ်၌ ရွှေထီးတော်တင်လှူပွဲကျင်းပ



**နေပြည်တော် မတ် ၈**

လယ်ယာလုပ်ငန်းတို့ တလင်းသိမ်းချိန်နှင့် နွေရာသီကျောင်းပိတ်ရက်လည်းဖြစ်သော တပေါင်းလတွင် မြန်မာနိုင်ငံအရပ်ရပ်၌ ဗုဒ္ဓဘာသာဝင်တို့ ရဟန်းခံရှင်ပြုပွဲများ၊ တပေါင်းလသဲပုံစေတီပွဲများ၊ အလှူမင်္ဂလာပွဲများ ကျင်းပကြသည်။

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ချောင်းကျိုးကျေးရွာအုပ်စု ဒါးမကျကျေးရွာတွင် ယနေ့နံနက်ပိုင်းက ညဏ်တော် ၁၃ တောင်ပြည့် မင်္ဂလာအောင်စေတီတော် ထီးတော်တင်လှူပွဲ**(ယာပုံ)**နှင့် ရှင် ၁၀၈ ပါး ရဟန်းခံရှင်ပြုပွဲကျင်းပခဲ့ရာ ချောင်းကျိုးကျေးရွာအုပ်စုဝင် ဒေသခံ ရွာသူရွာသားများ စည်ကားစွာဖူးမြော်သာဓုခေါ် ဆိုခဲ့ကြသည်။ ထီးတော်တင်ပွဲတွင် သာမဏေ ၁၀၈ ပါးနှင့် ပင့်သံဃာ ၇၄ ပါးတို့ကို လှူဖွယ်ဝတ္ထုအစုစု ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချအမျှပေးဝေခဲ့သည်။ စေတီတော် ထီးတော်တင်ပွဲနှင့် သာမဏေ ၁၀၈ ပါး ရဟန်းခံရှင်ပြုပွဲ အထိမ်းအမှတ်အဖြစ် ညဘက်တွင်လည်း အငြိမ့်ပွဲ၊ ဇာတ်ပွဲများ ထည့်သွင်းထားခြင်းကြောင့် စည်ကားပြီး ကျေးရွာသူ ကျေးရွာသားများ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**(နန္ဒ)**



# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကျင်းပ

**ပဲခူး မတ် ၈**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပဲခူးမြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးစောဝင်းက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပြခန်းအတွင်း ပြသထားသော မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်/မြို့နယ်များမှ အမျိုးသမီးရေးရာကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာများရှိ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

**ရွှေဘုန်းအောင်(ပဲခူး)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကျင်းပ

**နေပြည်တော် မတ် ၈**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနရှိဝန်ထမ်းများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်နှင့် မီးဘေးအန္တရာယ်ကျရောက်လာပါက လျင်မြန်စွာမီးငြိမ်းသတ်နိုင်ရန်၊ ပျက်စီးဆုံးရှုံးမှုလျော့နည်းစေရန်ရည်ရွယ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို မတ် ၆ ရက် မွန်းလွဲ ၁ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၂)၌လည်းကောင်း၊ ညနေ ၃ နာရီတွင် ရုံးအမှတ်(၁)၌လည်းကောင်း ကျင်းပသည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက်ရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲသင့်သည့်အချက် များ၊ မီး၏အခြေခံသဘောသဘာဝနှင့် အခြေခံမီးငြိမ်းသတ်နည်းများ၊ မီးလောင် ကျွမ်းရသည့်အကြောင်းရင်းများ၊ မီးလောင်ကျွမ်းတတ်သည့် ပစ္စည်းများနှင့် နေရာများ၊ မီးအတန်းအစားခွဲခြားနည်းများ၊ မီးအတန်းအစားအလိုက် မီးငြိမ်းသတ်နည်းများ၊ မီးလောင်မှုကြောင့် လူ့အသက်အန္တရာယ်ဖြစ်ခဲ့သော သာဓကများ၊ မော်တော်ယာဉ်များတွင် မီးလောင်စေသော အကြောင်းအရင်းများ၊ လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် မီးဘေးအန္တရာယ်ကင်းရှင်းအောင် သတိပြု ဆောင်ရွက်သင့်သည့်အချက်များ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများ၊ မီးငြိမ်းသတ်ရာတွင် အလေးထားလုပ်ဆောင်ရမည့်အချက်များကို မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ပညာပေးရှင်းလင်းပြောကြားပြီး မီးငြိမ်းသတ်ရေး သရုပ်ပြကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၉-၃-၂၀၁၅ (တနင်္လာနေ့)

- ၆း၀၀ အဖွင့် -ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ ဂီတရိပ်သာ (အပိုင်း-၇)
- ၆း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၇၁)
- ၆း၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၇၂)
- ၇း၂၀ ရွှေ့တန်းရောက်တပ်မတော်သားများကို ဂုဏ်ပြုတင်ဆက်သည့် အနုပညာပဒေသာကပွဲ (အပိုင်း-၁)
- ၈း၀၀ "မဟော်သဓာ" (အပိုင်း-၁၄) (ပထမပိုင်း)
- ၈း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ညသူ့ရဲကောင်း" (အပိုင်း-၉)
- ၉း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီပန်းတစ်ပွင့်" (အပိုင်း-၁၀)
- ၉း၅၅ တေးဂီတအစီအစဉ်
- ၁၀း၀၅ မြန်မာဗီဒီယိုဇာတ်လမ်း "The Messages" (သူထူးစံ၊ ခွန်းဆင့်နေခြည်၊ မေပန်းချီ) (ဒါရိုက်တာ-နေမင်းမြတ်)

## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

၉-၃-၂၀၁၅ (တနင်္လာနေ့)

- ၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
- ၆း၃၀ ကျန်းမာဖို့အတူကစားစို့ (အပိုင်း-၂၇)
- ၆း၄၀ "သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ"
- ၇း၀၀ နံနက်ခင်းသတင်း၊ မိုးလေဝသအခြေအနေ
- ၇း၃၅ အနုပညာသတင်းအစီအစဉ်
- ၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၀း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
- ၁း၁၀ ဂီတတံခါးလေးဖွင့်ပါဦး
- ၁း၅၀ "နေရယ်၊ လရယ်၊ အမှန်တရားရယ်" (အပိုင်း-၄) (ဒါဒို့မြေ) (မိုးယံဇွန်၊ နေယံ၊ ဘုဏ်းသိုက်၊ ဆုပန်ထွာ) (ဒါရိုက်တာ-အောင်ကိုလတ်)
- ၄း၃၅ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သမိုင်းဘာသာရပ်)
- ၅း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၆း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၇း၃၅ "ခရီးသွားပြည်သူများအတွက် မြို့ပတ်ရထား"
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ -ပြည်သူအတွက် ကြိုးပမ်းမှုပုံရိပ်များ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၃၅)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၉-၃-၂၀၁၅ (တနင်္လာနေ့)

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၉း၃၅ အနုပညာမိုးကောင်းကင်
- ၁၁း၀၅ သွားမယ်၊ စားမယ် (Rangoon Tea House)
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၉၃)
- ၁၂း၃၅ ခလေ့ရိုးရာမမေ့သာ
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၄၃)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၄၅)
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၄၆)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၄၄)
- ၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၉၄)
- ၉း၅၀ အနုပညာမိုးကောင်းကင်
- ၃း၀၀ MRTV-4 Stage

ဦးအောင်ဟိန်းကျော်
ဈေးပြောဘာသာစွမ်း စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော
• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
• အင်္ဂလိပ်စကားပြော(Vol:1,2,3,4) • ရေးနည်း(Pre., Vol:1,2,3)
ဆရာဖြစ်အင်္ဂလိပ်စာ(Ceritificate/Diploma)နှင့်ဦး
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်
• 392468
09517184

## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အိန္ဒိယနိုင်ငံ ဒုတိယအကြိမ် ထောက်ပံ့ငွေဖြင့် ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိမြို့နယ်များတွင် အခြေခံပညာမူလတန်းကျောင်းများနှင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၀-၃-၂၀၁၅ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၆-၃-၂၀၁၅ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ရုံးအမှတ်(၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို ဖုန်းနံပါတ်-၀၆၇-၄၀၉၁၈၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးဗဟိုအဖွဲ့**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ရုံးအမှတ်(၄၂)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၈)၊ မြေကွက်အမှတ်(၄၁၉) ဦးခင်မောင်(ကွယ်လွန်) အမည်ပေါက်မြေကွက်၏မြေချပါမစ်မူရင်းနှင့် မြေငှားစာချုပ်မူရင်း လဲလှယ် ထုတ်ယူခွင့်ပြုပါရန် သားသမီးအရင်းသုံးဦးဖြစ်သော ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ချိုသက်၊ ဦးအောင်မိုးဦးတို့မှ ကျမ်းကျိန်လွှာ၊ မြေချပါမစ်၊ ငွေကျေကြောင်း ဘဏ်ထောက်ခံချက် စာရွက်စာတမ်းများတင်ပြ၍ လျှောက်ထားလာပါသည်။ မြေငှားစာချုပ်မူရင်း လဲလှယ်ထုတ်ပေးခြင်းနှင့်ပတ်သတ်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက မြေချပါမစ်မူရင်းအားသိမ်းယူ၍ မြေငှားစာချုပ်မူရင်း လဲလှယ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ပြည်ထောင်စုလွှတ်တော်
## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ
## ပညာရှင်အကြံပေးပုဂ္ဂိုလ်အလိုရှိသည်
## (ပြည်တွင်း၌သာ ခန့်ထားရန်)

၁။ စီးပွားရေးပညာကျွမ်းကျင်ပြီး အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူ ပညာရှင်(၁)ဦး အလိုရှိသည်။

(က) အနိမ့်ဆုံး စီးပွားရေးပညာမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (အလားတူဘွဲ့များကို နိုင်ငံခြားတွင် သင်ကြားအောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်ပါသည်။)

(ခ) ပြည်တွင်း၊ ပြည်ပစီးပွားရေးပညာဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူများ ဦးစားပေးစဉ်းစားမည်။

(ဂ) အင်္ဂလိပ်ဘာသာ Four Skills ကျွမ်းကျင်သူ ဖြစ်ရမည်။

(ဃ) ကွန်ပျူတာနှင့် အင်တာနက် ကျွမ်းကျင်စွာအသုံးပြုနိုင်သူ ဖြစ်ရမည်။

(င) အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ၊ နှစ်စဉ်စာချုပ်ချုပ်ဆို ငှားရမ်းခန့်ထားမည်။

(စ) တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နေပြည်တော်တွင် နေထိုင်ရမည်။

၂။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ မျှော်မှန်းလစာ ဖော်ပြ၍ jointpac.mmp@gmail.comသို့ ၁၅-၃-၂၀၁၅ ရက် နောက်ဆုံးထားပြီး e-mailဖြင့် ပေးပို့လျှောက်ထားနိုင်ပါသည်။

၃။ ကိုယ်ရေးရာဇဝင်အချက်အလက်များအပေါ် မူတည်၍ သင့်တော်မည့်သူများကို လူတွေ့စစ်ဆေးရန် e-mailဖြင့် အကြောင်းကြားပါမည်။

၄။ အသေးစိတ်သိလိုပါက ၀၆၇-၅၉၁၂၈၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# ပြည်တွင်း ပြည်ပခရီးသွားများ စိတ်ဝင်စားနေသည့် ကလေးမြို့၏ ထူးဆန်းအံ့ဖွယ်လက်ဆေးကန်



**ကလေး မတ် ၈**

ကလေးမြို့၏ ထူးဆန်းအံ့ဖွယ် လက်ဆေးကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၃၀၆၉ ပေ မြင့်သောတောင်ပေါ်တွင် တည်ရှိသည့် ရေကန်ဖြစ်ပြီး မော်လိုက်ခရိုင်နှင့် ကလေးခရိုင်နယ်စပ် နေရာတွင် တည်ရှိကာ ကလေး-တမူး မြန်မာ အိန္ဒိယ ချစ်ကြည်ရေးကားလမ်းမကြီးဘေး၊ ကလေးမြို့နယ် ရန်မျိုးအောင်ကျေးရွာအနီးမှ ပြောင်ဘုတ် - မော်လိုက် လမ်းအတိုင်း ၁၄ မိုင်ခန့် တောင်တက်ခရီးသွားကာ မော်လိုက်မြို့မှ ၁၉ မိုင်ဝေးသည့် နေရာတွင် တည်ရှိသည်။

မြတ်ဗုဒ္ဓ ငါးဝါအရတွင် ချင်းတွင်းမြစ်အထက်ပိုင်း မော်လိုက်မြို့အနီး နန်းဇလိန်ရွာ၏အနောက်ဘက်ဆွမ်းဘုဦးတောင်သို့ ကြွရောက်ခဲ့သည့်အတွက် ယခုတိုင်-ဆွမ်းဘုဦးတောင်ဟု အမည်တွင်ပြီး ထိုဆွမ်းဘုဦးတောင်ပေါ်တွင် ညီတော်အာနန္ဒာက ဆွမ်းဘုဦးဘုရားကို ဆွမ်းဘုဦးပေးပြီးနောက် လက်ဆေးရန်ရေခပ်ပေးသည့် ကန်ကို လက်ဆေးကန်ဟု ယနေ့တိုင်ခေါ်တွင်ခဲ့ကာ ဆွမ်းဘုဦးဘုရားကိုလည်း ယနေ့တိုင်ဖူးမြော်နိုင်သည်။

လက်ဆေးကန် ရေပြင်သည် အကျယ် ၁၈ ဧကခန့်ရှိပြီး မြတ်ဗုဒ္ဓ၏ လက်ဆေးကန်ဝန်းကျင်တွင် ဝါးခါးရေစိုတောရှိခြင်း၊ နွေမိုးဆောင်း ရေပြင်အတက်အကျ မရှိခြင်းနှင့် အမြဲတမ်း ကြည်လင်အေးမြခြင်း၊ ရေအမျိုးအစား PH-7 ရှိခြင်းတို့ကြောင့် အလွန်ထူးဆန်းသည့် ရေကန်ဖြစ်သည်။ ထို့အပြင် ကလေးသမိုင်းနှင့်ဆက်စပ်သည့်သမိုင်းတစ်ခုတွင်လည်း အိန္ဒိယနိုင်ငံရာဇဂြိုဟ်မှ ပြေးလာခဲ့ကြသော အဇာတသတ်မင်း၏ ဆွေတော်မျိုးတော်မြေးတော်မြစ်တော်များတွင် ရဟန္တာအရှင်မြတ် ၅၀၀ လိုက်ပါခဲ့ရာ ယခုလက်ဆေးကန်နေရာတောထဲတွင် သီတင်းသုံးခဲ့ကြကြောင်း ကလေးမြို့သမိုင်းကြောင်းစုဆောင်းသူတို့က ဆိုသည်။

ယခုအခါ လက်ဆေးကန်တွင် ဆရာတော်ဦးကုမာရ (ဂန့်ဂေါ) ကျောင်းထိုင် သီတင်းသုံးတော်မူသည့် လက်ဆေးကန်တောင်ထိပ်ပေါ်တွင် ရွှေကံသာမုနိစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုနိုင်ပြီး ဘုရားရင်ပြင်တော်မှ ကလေးမြို့နယ်တစ်ခွင်လုံး၏ အလှရှုခင်းများကို ကြည့်ရှုခံစားနိုင်သည်။

လက်ဆေးကန်သည် ယခုတိုင် တောတောင်ရေမြေမပျက်ယွင်းသေးသည့်နေရာဖြစ်ပြီး ဆွမ်းဘုဦးတောင်တွင် သစ်တော၊ ဝါးတောကြီးများ ကျန်သေးသည့်အပြင် ဆရာတော်ဦးကုမာရ၏ အဆိုအမိန့်အရ သဘာဝတောကောင် သားကောင်များ၊ ကျား၊ ဝက်ဝံ၊ ပြောင် စသည့် အကောင်ကြီးများ ကျန်သေးသည်ဟုဆိုသည်။

ယခုအချိန်တွင် ယခင်နှစ်များမှ အစပြု၍ မော်လိုက်-ပြောင်ဘုတ်-လက်ဆေးကန်လမ်းကို စက်ယန္တရားကြီးများနှင့် လမ်းဖောက်လုပ်ပြုပြင်ခြင်း၊ တံတားများဆောက်လုပ်ခြင်းများ ဆောင်ရွက်နေပြီဖြစ်၍ ဘုရားဖူးသွားရောက်သူ၊ လေ့လာရေးခရီးသွားရောက်သူများအတွက် သွားလာရေးအဆင်ပြေလျက်ရှိသည်။

ယခုအခါလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး ဘုရား၊ ကျောင်းကန်၊ ဇရပ်တို့ဖြင့် ပြည့်စုံလာသည့်အတွက် ဘုရားဖူးခရီး၊ လေ့လာရေးခရီးသွားရောက်သူများပြားလာပြီး အထူးသဖြင့် သီတင်းကျွတ်ချိန်၊ ကထိန်ခင်းချိန်နှင့် သင်္ကြန်ကာလတို့တွင် ဘုရားဖူးသွားရောက်သူ၊ လေ့လာရေးခရီး သွားရောက်သူ အများဆုံးနေရာဖြစ်ကာ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကလည်း စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

**(ဂျိုးနက်)**

# ကျိုင်းတုံ၌ ရင်ချင်းဆက်အမြွှာအောင်မြင်စွာမွေးဖွား



**ကျိုင်းတုံ မတ် ၈**

ကျိုင်းတုံမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် ရင်ချင်းဆက်အမြွှာကို မတ် ၈ ရက် နံနက် ၆ နာရီ ၄၉ မိနစ်က အောင်မြင်စွာမွေးဖွားနိုင်ခဲ့ပြီး မိခင်ရော ကလေးနှစ်ဦးပါ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရင်ချင်းဆက်အမြွှာသားယောကျ်ားလေးနှစ်ဦးကို ဒေါက်တာမိုးသူဇာဆွေနှင့် သူနာပြုဆရာမများက သမားရိုးကျမွေးဖွားပေးခဲ့ခြင်းဖြစ်ပြီး နှစ်ဦးပေါင်း၏ ကိုယ်အလေးချိန်မှာ ၂ ဒသမ ၈ ကီလိုဂရမ်ဖြစ်ကြောင်း သိရသည်။ ကလေးများ၏ မိဘများမှာ ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စုရှိ ဝမ်ဟုတ်ရွာတွင် နေထိုင်ကြသော ရှမ်းတိုင်းရင်းသား ဗုဒ္ဓဘာသာဝင် စိုင်းဆောင်နှင့် နန်းခမ်းနွမ်း အသက်(၁၈)နှစ်တို့ ဖြစ်ကြသည်။

"ကျိုင်းတုံမြို့ရဲ့ ဆေးမှတ်တမ်းသမိုင်းမှာ အခုလို ရင်ချင်းဆက်အမြွှာကို ခွဲစိတ်စရာမလိုဘဲ အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဟာ မိခင်နဲ့မိသားစုတို့ရဲ့ ကျန်းမာရေးအသိသတိရှိခြင်းနဲ့ ပြည်သူ့ဆေးရုံကို အားကိုးတကြီး အချိန်မီရောက်ရှိလာခဲ့ခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်"ဟု တာဝန်ကျ ဆရာဝန်ကြီး ဒေါက်တာရဲကျော်စိုးက ပြောကြားခဲ့သည်။

**(၅၁၃)**

# (၃၂)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၈**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် (၃၂)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမ၌ မတ် ၈ ရက် မွန်းလွဲပိုင်းက ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဗဟိုဝန်ဆောင်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ(အောင်မင်္ဂလာကျောင်းတိုက်၊ အလုံမြို့နယ်)၊ မြို့နယ်ဩဝါဒဆရာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာတော်၊ အဖွဲ့ဝင်ဆရာတော်များ၊ ပင့်သံဃာတော် ဆရာတော်အရှင်သူမြတ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဝတ်အသင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလခံယူ တည်ဆောက်သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးမှ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို လျှောက်ထားပြီး ဩဝါဒဆရာတော်များ၊ ကြီးကြပ် ဆရာတော်များနှင့် ပင့်သံဃာတော်ဆရာတော်များအား လှူဖွယ် ဝတ္ထုပစ္စည်း များကို မြို့နယ်အုပ်ချုပ်ရေးမှူးမှဦးဆောင်၍ တာဝန်ရှိသူများက ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူကြသော စာအောင်သံဃာတော် အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဝတ္ထုငွေကို ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်ဗဟိုဝန်ဆောင် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (အောင်မင်္ဂလာကျောင်းတိုက်၊ အလုံမြို့နယ်)ထံမှ အနုမောဒနာ ရေစက်ချတရားနာယူကာ ဝတ်အသင်းသူများမှ အရပ်ဆယ်မျက်နှာ မေတ္တာပို့၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# တစ်ပိုင်တစ်နိုင် သပြေစိုက်ပျိုးခြင်းကြောင့် ဝင်ငွေတိုး

**နေပြည်တော် မတ် ၈။** ။ဒက္ခိဏသီရိမြို့နယ် ပေါက်တောကျေးရွာတွင် တစ်ပိုင်တစ်နိုင်သပြေပင် စိုက်ပျိုးသူများ ဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သပြေပင်စိုက်ပျိုးမှုတွင် အပင်ပေါက်တစ်ပင်ကို ငွေကျပ် ၁၀၀ ဖြင့် ဝယ်ရသည်။ အညွန့်တစ်ညွန့်ကို ၁၀ ကျပ်ထိရရှိပြီး တစ်ပင်တွင် အညွန့် ၁၀ ညွန့်လောက်ခူးရောင်းရကာ တစ်နေ့လျှင်ငွေကျပ် ၂၀၀၀ဝဖိုး ခန့် ရောင်းရကြောင်း သိရသည်။

သပြေပင်သည် တခြားပန်းပင်များကဲ့သို့ ဂရုစိုက်စရာမလိုသည့်အပြင် အလုပ်မရှုပ်ဘဲ ဝင်ငွေကောင်းသည့်အတွက် အစိုက်များကြောင်းလည်း သိရသည်။ သပြေပင်ကို စနစ်တကျ စိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး မြန်မာလူမျိုးတို့ရဲ့၏ နှစ်သစ်ကူးအတာသင်္ကြန် ရောက်လျှင် ပိုပြီးရောင်းရကြောင်းသိရသည်။ အခင်းဖြတ် ရောင်းပါက ကျပ် ၁၅ သိန်း ဝန်းကျင်ခန့်ရသဖြင့် တစ်နိုင်တစ်ပိုင် သပြေစိုက်ပျိုးခြင်းကြောင့် သပြေပင်စိုက်ကျေးရွာပြည်သူများ ဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

**(ဆုထက်လှိုင်)**

# ရေစကြို၌ စိုက်ပျိုးရေလုံလောက်မှုမရှိ၍ နွေစပါးမစိုက်ပျိုးနိုင်

**ရေစကြို မတ် ၈။** ။ရေစကြိုမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ ဒေသဝမ်းစာစပါးဖူလုံစေရန် ဆင်ကြိုးဆည်၊ ဆင်ချောင်းဆည်၊ ငွေးချိုဆည်၊ ခင်မွန်ဆည်၊ မြေခဲတောင်ဆည်တို့ကို ဆောက်ပေးခဲ့သည့်အတွက် မိုးစပါးနှင့် နွေစပါး တို့ကို စိုက်ပျိုးနိုင်ခဲ့သော်လည်း ၂၀၁၄-၂၀၁၅ နွေစပါးရာသီတွင် ဆင်ချောင်းဆည်မှလွဲ၍ အခြားဆည်များတွင် စိုက်ပျိုးရေလုံလောက်မှုမရှိ၍ နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိကြောင်း သိရသည်။

"၂၀၁၄ ခုနှစ် အောက်တိုဘာလ မုန်တိုင်းမိုးမရွာတဲ့အတွက် ဆည်များအတွင်း ရေဝင်ရောက်မှုနည်းပါးခဲ့ပါတယ်။ ဆင်ချောင်းဆည်ကလွဲပြီး ကျန်တဲ့ဆည်တွေမှာ စိုက်ပျိုးရေမလုံလောက်တဲ့အတွက် နွေစပါးမစိုက်နိုင်ပါဘူး။ ဆင်ချောင်းဆည်မှာတော့ နွေစပါး ၅၂ ဧကစိုက်မှာဖြစ်ပါတယ်။ ငွေးချိုဆည်မှာ မနှစ်က နွေစပါး ဧက ၈၀ စိုက်နိုင်ခဲ့ပေမယ့် ဒီနှစ်ရေနည်းနေတဲ့အတွက် နွေစပါးလုံးဝမစိုက်နိုင်တော့ပါဘူး။ ဒါပေမယ့် နွေစပါးအစား အခြားအစားထိုးသီးနှံဖြစ်တဲ့ နှမ်းနဲ့ ပဲတီစိမ်း ဧက ၅၀ စိုက်မှာဖြစ်ပါတယ်။ ခင်မွန်ဆည်နဲ့ မြေခဲတောင်ဆည်နှစ်ခုမှာတော့ သောက်သုံးရေအတွက်သာ ရေရှိတဲ့အတွက် နွေသီးနှံ အားလုံးမစိုက်နိုင်တော့ပါဘူး။ နွေစပါးစိုက်ဧက လျော့သွားပေမယ့် အခြားနွေစပါးစိုက်ပျိုးနိုင်တဲ့ လျှပ်စစ်မြစ်ရေတင် မြေအောက်ရေ၊ ရေစုပ်စက်ရေ၊ ရေကျနောက်စိုက်ဒေသတွေမှာ တိုးတက်စိုက်ပျိုးနိုင်သလောက် စိုက်ပျိုးသွားမှာဖြစ်သလို အထွက်တိုးစပါးကို အဓိကထားစိုက်ပျိုးသွားမှာဖြစ်လို့ ဒေသဝမ်းစာစိုက်ပျိုးထုတ်လုပ်မှုမှာ အများကြီးကွာဟမှုမရှိအောင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**(ဖေထွန်းဇော်-ရေစကြို)**

# စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ခိုလမ် မတ် ၈။** ။ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ နမ့်စန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ခိုလမ်မြို့ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့သည် မတ် ၇ ရက် နံနက်ပိုင်းက ခိုလမ်မြို့ အုပ်ချုပ်ရေးမှူးရုံး၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသူများ၊ သက်ကြီးဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အစားအစာများ၊ ဆေးဝါးများနှင့် ကျောင်းသူများအတွက် စာရေးကိရိယာများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လွိုင်လင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇင်ဇင်သော်က ထောက်ပံ့ပစ္စည်း၊ ဆေးဝါးများနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသူ ၂၇ ဦး၊ သက်ကြီးဘိုးဘွား ၂၅ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၁၅ ဦးတို့အား ခရိုင်ဥက္ကဋ္ဌ ဒေါ်ဇင်ဇင်သော်၊ နမ့်စန်မြို့နယ်ဥက္ကဋ္ဌ ဒေါ်ချယ်ရီအောင်နှင့် ခိုလမ်မြို့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသန့်တို့ကထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြပြီး ခိုလမ်မြို့ အမှတ်(၂)ရပ်ကွက် ရွှေခိုလမ်စာကြည့်တိုက်သို့ သွားရောက်၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# မြောင်မြို့နယ်၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

**မြောင် မတ် ၈။** ။စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးရွာစာကြည့်တိုက်မှူးများ စာကြည့်တိုက်ပညာ-ဆင့်ပွားသင်တန်းဖွင့်ပွဲကို မတ် ၈ ရက် နံနက်ပိုင်းက နဘက်စံပြကျေးရွာ သမဝါယမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းသို့တက်ရောက်လာကြသည့် စာကြည့်တိုက်မှူးများအနေဖြင့် သင်တန်းမှ ရရှိလာသည့် အတွေ့အကြုံ ပညာရပ်များကို အသုံးပြု၍ ကျေးရွာစာကြည့်တိုက်လေးများကို စနစ်တကျပြုစုစောင့်ရှောက်ပြီး စာကြည့်တိုက်သို့ စာငှားသူ၊ စာဖတ်သူနှင့်စာအုပ်၊ စာစောင်တိုးပွားမှု ရရှိအောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေက ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပြီး အဆိုပါသင်တန်းသို့ သင်တန်းသူ/သင်တန်းသား (၄၁) ဦးတက်ရောက်ခဲ့ကာ သင်တန်းကာလမှာ မတ် ၈ ရက်မှ ၁၀ရက်ထိ ဖြစ်ကြောင်း သိရသည်။

**(တင်ကိုကို)**

# မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ကလပ်အသင်းများ ပထမအကြိမ်စည်းဝေး

**နေပြည်တော် မတ် ၈**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကလပ်အသင်းများ ပထမအကြိမ် အစည်းအဝေးကို မတ် ၈ ရက်နေ့ နံနက် ၈ နာရီခွဲက နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ နန်းဝတီဟော်တယ် ပုဂံခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်အနေဖြင့် တင်းနစ်အားကစားလောက ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နေချိန်တွင် ကလပ်အသင်းများအနေဖြင့် လူငယ်လူရွယ်မျိုးဆက်သစ်များ ပါဝင်လာစေရေး၊ ထူးချွန်ထက်မြက်သည့် လက်ရွေးစင်ကစားသမားများပေါ်ထွက်လာစေရန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ အားကစားလုပ်ငန်းသည် သန့်စင်သောအမျိုးသားရေးလုပ်ငန်းစဉ်တစ်ခုဖြစ်ကာ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာပြီး လူငယ်လူရွယ်များပါ စိတ်ဝင်စားလာအောင် တင်းနစ်ကလပ်အသင်းတာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကြိုးစားပေးစေလိုကြောင်း၊ အားကစားသည် လူငယ်များ၏ ကာယ၊ ဉာဏနှင့် ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးမှုများအတွက် အဓိကရည်ရွယ်ချက်ဖြစ်ကြောင်း၊ ကလပ်အသင်းတာဝန်ရှိသူများက လည်း မိမိတို့ကလပ်များအား စနစ်ကျနစည်းကမ်းရှိပြီး ရေရှည်အောင်မြင်မှုနှင့် တည်တံ့မှုများရရှိရန် သေချာစွာ စီမံခန့်ခွဲကြစေလိုကြောင်း၊ နည်းပြသင်တန်း၊ ဒိုင်သင်တန်းများအား မိမိတို့မြို့နယ်မှ ဝါသနာရှင်ကစားသမားများစေလွှတ် တက်ရောက်စေလိုကြောင်း၊ ကလပ်များအနေဖြင့် အဖွဲ့ချုပ်နှင့်ပူးပေါင်းဆက်သွယ်၍ ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပစေလိုကြောင်း၊ တင်းနစ်အားကစားနည်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားကစားဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဒုဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးအောင်မော်သိန်းမှ ပြောကြားရာတွင် အဖွဲ့ချုပ်အနေဖြင့် တင်းနစ်အားကစားလောက ယခုထက်ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် ကလပ်အသင်းများ တိုးတက်မြင့်မားလာစေရေး၊ ကလပ်အသင်းမှ မျိုးဆက်သစ်ကစားသမားများနှင့် လက်ရွေးစင်အဆင့်သို့ တက်လှမ်းယှဉ်ပြိုင်နိုင်မည့် ကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်ကြောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဆွေက မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းများနှင့် ဖွဲ့စည်းခဲ့သည့်သမိုင်းကြောင်းများအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကလပ်အသင်းတာဝန်ရှိသူများက ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များအား ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ရီးယဲလ်၏ အလွတ်တည်ကန်ဘောများကို စီရိုနယ်ဒိုကိုသာ ဆက်လက်တာဝန်ယူစေမည်ဟုဆို

ခရစ္စတီယာနိုရိုနယ်ဒိုသည် အလွတ်တည်ကန်ဘောများမှ ဂိုးသွင်းယူနိုင်ခြင်းမရှိသည်မှာ ကာလအတန်ကြာပြီဖြစ်သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းရရှိသော အလွတ်တည်ကန်ဘောများကို ကန်သွင်းရန် ရိုနယ်ဒိုကိုသာ ဆက်လက်တာဝန်ယူစေမည်ဟု အန်ဆယ်လော့တီက ဆိုခဲ့သည်။

စီရိုနယ်ဒိုသည် နောက်ဆုံးသွင်းယူခဲ့သော (၅၁)ကြိမ်လုံး ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ဘဲ ဂါရတ်ဘေး၏ အလွတ်တည်ကန်ဘော စွမ်းရည်အောက်ရောက်ရှိနေသည်။ သို့သော် အန်ဆယ်လော့တီကမူ စီရိုနယ်ဒိုသာ ၎င်း၏ဦးစားပေးအလွတ်တည်ကန်ဘောသွင်းယူသည့် ကစားသမားဟု ဆိုခဲ့သည်။ ၎င်းက ဆက်လက်၍ အဆိုပါကစားသမားနှစ်ဦးစလုံးကို မတူညီသောနေရာအလိုက် ရရှိလာသည့် အလွတ်တည်ကန်ဘောများကို သူ့နေရာနှင့်သူ အလှည့်ကျတာဝန်ယူစေမည်ဟု ဆိုခဲ့သည်။

အန်ဆယ်လော့တီက "ဒါက တော်တော်ကိုရိုးရှင်းတဲ့ ကိစ္စပါပဲ။ ညာဘက်က ရလာတဲ့အနေအထားမျိုးဆိုရင် စီရိုနယ်ဒိုကို တာဝန်ယူခိုင်းပြီး တခြားနေရာတွေက ဆိုရင်တော့ ဂါရတ်ဘေးလ် တာဝန်ပါ။ အစွက်ကိုအစား အီလာယာမန်ဒီကို လူစားလဲခဲ့တာ အသင်းကိုပိုပြီး ညီညွတ်မျှတသွားစေချင်တာကြောင့်ပါ။ ဒါမျိုးကိုကျွန်တော်နောက်ထပ်လည်း ထပ်ပြီးပြုလုပ်သွားဦးမှာပါ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အသင်းသားတွေကိုလည်း ကျွန်တော်သေသေချာချာ ရှင်းပြထားပြီးပါပြီ။ ပွဲတစ်ပွဲအနိုင်ရဖို့ဆိုတာ မိနစ်တိုင်း အရေးကြီးပါတယ်။ အသင်းက တခြားအရာတွေထက်ပိုပြီးတော့ အရေးကြီးပါတယ်။ဒါက ပုဂ္ဂိုလ်ရေးတွေလိုက်ပြီး ဆုံးဖြတ်ရမှာ မဟုတ်ပါဘူး။ ဒါကို ကစားသမားတွေ အားလုံးသဘောပေါက်ပါတယ်"ဟု ဆိုခဲ့သည်။

ရီးယဲလ်မက်ဒရစ်သည် ၂၀၁၄ နှစ်ကုန်ပိုင်းမှ စတင်၍ အကောင်းဆုံးခြေစွမ်းမရရှိခဲ့ဘဲ ရလဒ်ပိုင်း အနည်းငယ်ကျဆင်းလာခဲ့သည်။ ရှေ့တန်းတွင် အခွင့်အရေးအချို့ ဖြုန်းတီးခဲ့သလို နောက်တန်းကစားပုံမှာလည်း နှေးကွေးလေးလံလွန်းနေသည်။ ယခုအခါရီးယဲလ်မက်ဒရစ်အသင်းသည် လက်ရှိချန်ပီယံ အက်သလက်တီကိုအထက် ခုနစ်မှတ်အသာ ဒုတိယနေရာမှ ဘာစီလိုနာထက် နှစ်မှတ်အသာဖြင့် လာလီဂါ အမှတ်ပေးဇယားတွင် ထိပ်ဆုံး၌ ရပ်တည်နေသည်။ **(မေလွဲ့သင်း)**



# အက်ဖ်အေဖလားရတာထက် ထိပ်ဆုံးလေးသင်းဝင်ဖို့ ပိုအရေးကြီးကြောင်း ဗန်ဟားလ်ဖွင့်ဟ

မန်ယူအသင်းနည်းပြ ဗန်ဟားလ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဖလားရရှိမည့်အခွင့်အရေးတစ်ခုအဖြစ် မတ် ၉ ရက်တွင် အာဆင်နယ်အသင်းနှင့် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ် ယှဉ်ပြိုင်ကစားရန်ရှိသော်လည်း အက်ဖ်အေဖလား ရရှိမှုထက် အင်္ဂလန်၏ ထိပ်တန်းပြိုင်ပွဲတစ်ခုဖြစ်သည့် ပရီမီယာလိဂ်တွင် ထိပ်ဆုံးလေးသင်းစာရင်းဝင်ရန်မှာ ပိုအရေးကြီးကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြဒေးဗစ်မိုယက်လက်ထက်တွင် ပရီမီယာလိဂ် အမှတ်ပေးဇယား၏ အဆင့်(၇)နေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲခဲ့ရသည်။

ထို့ကြောင့် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြဗန်ဟားလ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက လွဲခဲ့ရသည့် ချန်ပီယံလိဂ်ဝင်ခွင့်ကို ယခုနှစ်ဘောလုံးရာသီတွင် ပြန်လည်ဝင်ခွင့်ရရှိရေးစွမ်းဆောင်ပေးနိုင်မည်ဟု ယုံကြည်ထားသည်နှင့်အညီ မန်ယူအသင်း၏ ဥရောပဝင်ခွင့်ကို ပြန်လည်အသက်သွင်းမည်ဟု ဆိုထားသည်။

မန်ယူအသင်းသည် ၂၀၀၄ ခုနှစ်မှ စတင်ကာ အက်ဖ်အေဖလားကို ရယူနိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း နည်းပြဖာဂူဆန်၏ မန်ယူသမိုင်းတစ်လျှောက်တွင် ဖလားမရခဲ့သည့်နှစ်မရှိလောက်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းသည် ပရီမီယာလိဂ်တွင် ထိပ်တန်းအဆင့်ရှိအသင်းကြီးအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

သို့သော် မန်ယူအသင်းနည်းပြ ဗန်ဟားလ်ကမူ အက်ဖ်အေဖလားကို ရယူလိုမှုထက် ပရီမီယာလိဂ်ဖလားတွင် အဆင့်(၄)နေရာ၌ ရပ်တည်ကာ လာမည့်ရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးကိုသာ အာရုံစိုက်လျက်ရှိသည်။

ထို့ကြောင့် ပွဲစဉ်တိုင်းတွင် အမှတ်ရရှိရေးအတွက် သွင်းဂိုးများလိုအပ်နေကြောင်း နည်းပြဗန်ဟားလ်က ပြောကြားခဲ့သည်။ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးကမူ အက်ဖ်အေဖလားကိုဆွတ်ခူးကာ ပရီမီယာလိဂ်တွင်လည်း အဆင့်(၄)နေရာရောက်ရှိအောင်စွမ်းဆောင်မည်ဟု ဆိုထားသည်။**(ငွေကြယ်)**



# ချင်းတိုင်းရင်းသားရေးရာဝန်ကြီးဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ကလေး မတ် ၈**

၂၀၁၅ ခုနှစ် ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တာဟန်းပြည်သူ့ဘောလုံးကွင်း၌ မတ် ၇ ရက် ညနေပိုင်းက ကျင်းပသည်။

PCM FC နှင့် Tahan FC ဘောလုံးအသင်းတို့က အားကစားစိတ်ဓာတ်ပြည့်ဝစွာ ပွဲဦးထွက်ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါပြိုင်ပွဲတွင် ကလေးမြို့ပေါ်ကလပ်နှင့် ကျေးရွာများအပါ အုပ်စုခြောက်အုပ်စုဖြင့် ဘောလုံးအသင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရှုံးထွက်စနစ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ဂျိုးနက်)**

# ဖောင်းပြင်မြို့နယ် ပိုးစာကုန်းကျေးရွာ၌ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပ

**ဖောင်းပြင် မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ပိုးစာကုန်းအုပ်စု ပိုးစာကုန်းကျေးရွာ၌ ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲဖွင့်ပွဲကို မတ် ၈ ရက် မွန်းလွဲပိုင်းက ၎င်းကျေးရွာ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဝင်းအတွင်း၌ ကျင်းပရာ အခမ်းအနားတွင် ကျေးရွာမမွေစကူးလ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးထွန်းလွင်က အဖွင့်အမှာစကားကို လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအေးငွေက လှေလှော်ပြိုင်ပွဲနှင့် ပတ်သက်၍ သိကောင်းစရာများကိုလည်းကောင်း ပြောကြားခဲ့သည်။

အဆိုပါ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ဗုဒ္ဓပူဇနိယပွဲတော်တွင် ကျေးရွာသူ၊ ကျေးရွာသားများ လွတ်လပ်စွာပျော်ရွှင်နိုင်ကြစေရန် တစ်နှစ်တာ ပင်ပန်းနွမ်းနယ်ခဲ့သမျှကို အပန်းဖြေစေရန်၊ ကျေးရွာ၏စည်းလုံးညီညွတ်မှုကို ပြသနိုင်ပြီး ဇာတိသွေးဇာတိမာန်တက်ကြွလာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကာ အမျိုးသမီးအသင်းလေးသင်း၊ အမျိုးသားအသင်းရှစ်သင်း စုစုပေါင်း ၁၂ သင်းပါဝင်ကာ ခြောက်ရက်တိုင်တိုင် ချင်းတွင်းမြစ်အတွင်း၌ လောင်းလှေနှစ်စင်းဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရန်ထွန်း(ဖောင်းပြင်)**




# ဖီအိုရင်တီးနားဂိုးသမား နက်တိုအား လီဗာပူး အငှားဖြင့် ခေါ်ယူဖွယ်ရှိနေ

အင်္ဂလန်ထိပ်သီးကလပ် လီဗာပူးအသင်းသည် လာမည့်နွေရာသီကာလအတွင်း အရည်အသွေးမြင့် ဂိုးသမားတစ်ဦးကို ခေါ်ယူအားဖြည့်ရန် ပြင်ဆင်နေပြီး ဖီအိုရင်တီးနားအသင်းတွင် လက်စွမ်းပြသနေသည့် ဘရာဇီးဂိုးသမား နက်တိုအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်းသိရသည်။

လီဗာပူး နည်းပြဖြစ်သူ ဘရန်ဒန်ရော်ဂျာမှာ အသင်း၏ အဓိကဂိုးသမားများဖြစ်ကြသည့် မစ်ဂနိုလတ်နှင့် ဘရက်စ်ဂျုံးစ်တို့၏ စွမ်းဆောင်ရည်အပေါ် စိတ်ပျက်လျက်ရှိပြီး နှစ်ဦးစလုံးမှာလည်း ပုံမှန်လက်စွမ်းပြသနိုင်ရန်ရုန်းကန်နေရခြင်းဖြစ်သည်။ ထို့ကြောင့် လီဗာပူးအသင်း၏ တာဝန်ရှိသူများမှာ လာမည့်နွေရာသီတွင် ထိပ်တန်းဂိုးသမားတစ်ဦးကို မဖြစ်မနေခေါ်ယူအားဖြည့်ရန် စီစဉ်နေပြီး ဖီအိုရင်တီးနားအသင်းတွင် မပျော်မရွှင်ဖြစ်နေကြောင်းသတင်းများ ထွက်ပေါ်နေသည့် နက်တိုအား စောင့်ကြည့်လာခဲ့ခြင်းဖြစ်သည်။ နက်တိုမှာ ဖီအိုရင်တီးနားအသင်းနှင့် ၂၀၁၆ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကိုငြင်းဆန်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းသို့ ရောက်ရှိရန် ပိုမိုရေပန်းစားနေကြောင်း ဗြိတိန်သတင်းစာ Mirror က ဖော်ပြခဲ့သည်။

ထို့ကြောင့် လီဗာပူးအသင်းမှာ နက်တိုအတွက် ပြောင်းရွှေ့ကြေးပေါင် ၁၀ သန်းခန့်အသုံးပြုသွားရန် စီစဉ်နေပြီး အပြီးသတ်ခေါ်ယူမှုအဆင်မပြေခဲ့ပါက အငှားဖြင့်သာ ခေါ်ယူရန် ဆန္ဒရှိနေ ခြင်းဖြစ်သည်။ အသက်(၂၅)နှစ်အရွယ်ရှိ ဘရာဇီးဂိုးသမား နက်တိုမှာ ဖီအိုရင်တီးနားအသင်းသို့ ၂၀၁၁ ခုနှစ်က ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ပွဲပေါင်း ၆၀ ကျော်ပါဝင်ကစားပေးခဲ့သလို ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲဝင် ဘရာဇီးအသင်းတွင်လည်း ရွေးချယ်ခြင်းခံခဲ့ရသူဖြစ်ကြောင်း သိရသည်။ **(ကိုရဲ)**

နှစ်ပေါင်း (၇၀) တိုင် Main Stream Media အဖြစ် ရပ်တည်လာခဲ့သော .....

IMAGE DIMENSIONS OF SELECTED CHANNELS

သင့်ရဲ့ တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းကြော်ငြာတွေကို
(၅၁) သန်းလုံးသောပြည်သူတွေထံ အရောက်ပို့ပေးနိုင်သော .....

နိုင်ငံတကာသုတေသနအဖွဲ့များ၏ လေ့လာတွေ့ရှိချက်အရ
သတင်းအချက်အလက် မှန်ကန်တိကျမှုကို ပရိသတ်တွေရဲ့ ယုံကြည်မှု အမြင့်မားဆုံးရရှိထားသော .....

တစ်ခုတည်းသော Nation Wide News Channel

MRTV

နိုင်ငံပိုင်သတင်းစာများမှာ သင့်ရဲ့အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းတွေကို
ထည့်သွင်းကြော်ငြာခြင်းအားဖြင့်
ရုပ်မြင်သံကြားကြော်ငြာများတွင် ရာခိုင်နှုန်းအလိုက် သက်သာခွင့်ရရှိစေမည့်

Cross Package အခွင့်အလမ်း

| သတင်းစာကြော်ငြာ အရွယ်အစား | MRTV တွင် သက်သာမည့်နှုန်းထား |
|---|---|
| မျက်နှာပြည့်ကြော်ငြာ (Full Page) | ၄၀ % |
| မျက်နှာဝက်ကြော်ငြာ (Half Page) | ၂၀ % |
| ၄ လက်မ * ၆ကော်လံ (Quater Page) | ၁၀ % |

မည်သည့်ကြော်ငြာ၊ မည်သည့်စက္ကန့်
အပေါ်တွင်မဆို
တစ်ကြိမ်
လျှော့ပေါ့ပေးသွားမည်

၂၀၁၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဇွန်လ (၃၀) ရက်နေ့ထိသာ

# ဆိုလာဖြင့် ကျေးရွာမီးလင်းရေးနှင့် လမ်းတံတားများ တည်ဆောက်

**သံတောင်ကြီး မတ် ၈**

ကရင်ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဓာတ်အားစနစ် မရောက်ရှိနိုင်သောကျေးရွာများတွင် ဆိုလာစနစ်ဖြင့်မီးလင်းရေးနှင့် လမ်း၊တံတားလုပ်ငန်းများအား ဘားအံခရိုင်၊ သံတောင်ကြီးမြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၇ ဒသမ ၇ သန်းဖြင့် သံတောင်ကြီးမြို့နယ်အတွင်း ကျေးရွာ၂၅ ရွာရှိ အိမ်ခြေ ၁၃၇၁အိမ်အား မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မတ် ၅ရက်က ဘားအံခရိုင် သံတောင်ကြီးမြို့နယ် ရွာကြီးကျေးရွာအုပ်စုရှိ သူဌေးကုန်းကျေးရွာနှင့် ညောင်ပင်စခန်းကျေးရွာများမှ အိမ်ခြေ ၉၆အိမ်၏ ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးနေဦးနှင့် သံတောင်ကြီးမြို့နယ် ဦးစီးမှူးဦးကျော်ဇောအောင်တို့က ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဆိုလာပစ္စည်းများရေရှည်အသုံးပြုနိုင်ရေးနှင့်လိုအပ်သည်များ ရှင်းလင်းဆွေးနွေးခဲ့သည်။

အလားတူ သံတောင်ကြီးမြို့နယ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၇၄၃ ဒသမ ၈၂၆သန်းဖြင့် ကတ္တရာလမ်း နှစ်မိုင်၊ မြေသားလမ်း ၂၇/၄မိုင်၊ တံတား ၁၅စင်း၊ ရေပြွန်၁၀စင်း ဆောက်လုပ်နေမှုတွင် သူဌေးကုန်း-ဆူးပုပ်မြောင်လမ်း ပေါ်ရှိ အရှည်ပေ၈၀ရှိသော ကွန်ကရစ်တံတား တည်ဆောက်နေမှုအား မတ် ၄ ရက်တွင် လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

**မိုင်းဆတ် မတ် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို စာမေးပွဲကောင်းမွန်စွာဖြေဆိုနိုင်ရေးအတွက် နယ်မြေခံအမှတ်(၁၁) တပ်မတော်ဆေးရုံ ခုတင် ၁၀၀နှင့် မြို့ဦးကျောင်းတိုက် မဖွံ့မလူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ ဒုတိယအကြိမ် အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးခြင်း အခမ်းအနားကို မတ် ၆ ရက် နံနက် ၉ နာရီက ယင်း ကျောင်းခန်းမဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် အောင်ဇော်အေး ဦးဆောင်သော တပ်မတော်အရာရှိကြီးများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုဝင်းနှင့် ဆရာ ဆရာမများ၊ အမှတ်(၁၁)တပ်မတော်ဆေးရုံမှ ပါရဂူ ဗိုလ်ကြီးလေးဦး၊ သူနာပြုလေးဦးတို့ ပါဝင်ခဲ့သည်။

၎င်းတို့နှင့်အတူ မြို့ဦးကျောင်းတိုက် မဖွံ့မလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးဆန်းညွန့်အောင် ဦးဆောင်သော အသင်းသူ၊ အသင်းသားတို့တက်ရောက်ခဲ့ကြပြီးကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၈၈ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး လိုအပ်သော ဆေးဝါးများထောက်ပံ့လှူဒါန်းခဲ့ကြောင်းသိရသည်။



**ယဉ်ဝင်း(iprd)**

# သိမ်ဇရပ်တွင် စစ်တောင်းမြစ်ကမ်းပြိုကျမှုအား မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ကျိုက်ထို မတ် ၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တွင် စစ်တောင်းမြစ်ရေတိုက်စားပြီး မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပေါ်နေသဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်က မတ် ၃ ရက်တွင် စစ်ဆေး၍ လုပ်ငန်းအချိန်မီပြီးစီးရေးအတွက် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ သိမ်ဇရပ်ကျေးရွာ ဆိပ်ကမ်းသာရပ်ကွက်တွင် စစ်တောင်းမြစ်ရေတိုက်စားသဖြင့် ကမ်းပြိုမှုများ ဖြစ်ပွားခဲ့သဖြင့် ဆက်လက်မဖြစ်ပေါ်နိုင်စေရေးအတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကျပ်သိန်းပေါင်း ၇၅၀၀ အား မွန်ပြည်နယ်အစိုးရအဖွဲ့က ခွင့်ပြုခဲ့ကြောင်းသိရသည်။

ထိုခွင့်ပြုငွေဖြင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကတာဝန်ယူ၍ လုပ်ငန်းဆောင်ရွက်ရန် နိုင်ငံပိုင်သတင်းစာများ၌ တင်ဒါခေါ်ယူခဲ့သည်။

ယင်းလုပ်ငန်းများကို ကျိုက်ထိုမြို့မှ ရဲထွန်းကုမ္ပဏီက လုပ်ကိုင်ခွင့်ရရှိပြီး အလျားပေ ၂၀၀၀ ရှိ ရေကာတာအား အနက်ပေ ၃၀ ဘိုးပိုင်များ စိုက်ထူ၍ လိပ်သည်းကျောက်ကြီးစီ မြေသားဖြည့်ဆည်းဆောက်လုပ်မည်ဖြစ်သည်။

မွန်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်နှင့်အတူ ကျိုက်ထိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် သိမ်ဇရပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်ဇော်တို့ လိုက်ပါပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး မှာကြားခဲ့သည်။

ထို့အပြင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား ထပ်မံတိုးချဲ့လုပ်ကိုင်ဆောင်ရွက်မည့် အလျားပေ ၆၃၀ ရှိရေကာတာကို ဆက်လက်လုပ်ကိုင်နိုင်ရန် ပြည်နယ်အစိုးရက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းမှာကြားခဲ့သည်ဟု သိရသည်။

**ရဲခေါင်ဦး**

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)
FINANCIAL SERVICES နှင့် BUSINESS MANAGEMENT
အမှတ်စဉ် (၉) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Myanmar University တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ Certificate သင်တန်းအမှတ်စဉ် (၉)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။
(က) Certificate in Financial Services (CFS)
(ခ) Certificate in Business Management (CBM)

၁။ တက္ကသိုလ်ဝင်တန်း **အောင်မြင်** ပြီးသူများနှင့် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူများလျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် ဘဏ်များ၊ ကုမ္ပဏီများမှဝန်ထမ်းများ သီးခြားအတန်းခွဲများတွင် တက်ရောက်ရပါမည်။
၂။ သင်တန်းကာလ (၆)လကြာမြင့်ပြီး ၂၀၁၅ ခုနှစ် ဧပြီလ (၄)ရက်တွင် စတင်ဖွင့်လှစ်ပါမည်။
၃။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများမှတစ်ဆင့် The Open University of Hong Kong နှင့် ချိတ်ဆက်ထားသော Bachelor of Business Administration/ Finance and Banking (BBA) ဘွဲ့ နောက်ဆုံးနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ BBA ဘွဲ့ရရှိရန် သင်တန်းကာလ စုစုပေါင်း (၃)နှစ် (၆)လ ကြာမြင့်ပါမည်။
၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) နှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း နှင့် မိတ္တူ) နှစ်စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)
တက္ကသိုလ်ဝင်ခွင့်စာမေးပွဲရမှတ် (၄၀၀)မှတ်နှင့်အထက် ရရှိသူများအတွက် BBA ဘွဲ့အထိ ပညာသင်ဆု လျှောက်ထားနိုင်သည်။
အသေးစိတ်သိရှိလိုပါက- အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ STI Myanmar University ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း - ၀၉၄၂၀၁၃၁၇၃၀၊ ၀၉၄၂၀၁၈၃၁၅၅၊ ၃၇၇၉၈၈၊ ၅၀၇၁၅၁/၅၂၊ ၀၉၄၂၀၂၅၄၈၇၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၂၅၇)၊ မြေကွက်တည်နေရာအမှတ်(၂၅၇)၊ ပျဉ်းကတိုးလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးမောင်ကြိုင်[၁၂/တမန(နိုင်)၀၅၀၅၂၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်ကြိုင် ကွယ်လွန်သဖြင့် ဒေါ်လှမြင့်[၁၂/တမန(နိုင်)၀၃၃၆၉၆]က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ဤဌာနသို့ ခိုင်လုံသော အထောက်အထားများတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဤဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၃၁၃/က)၊ မြေကွက်တည်နေရာအမှတ်(၃၁၃/က)၊ ကောလိယလမ်း (၃၀)၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမြကြီး၊ ဦးညွန့်စိန် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးညွန့်စိန်(ဇနီး) ဒေါ်ထားရှင် ကွယ်လွန်သဖြင့် ဒေါ်ခင်သန်းဦး [၁၂/ဗတထ(နိုင်)၀၁၅၆၆၃]၊ ဦးခင်မောင်ရင် (S/OKA-၁၁၇၁၇၂)၊ ဦးထွန်းအောင်ကျော် [၁၂/ဥကတ(နိုင်)၀၆၃၁၉၇]နှင့်ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးမြကြီး ကွယ်လွန်သဖြင့် ဒေါ်မစန်း(ခ)ဒေါ်စန်း[၁၄/ညတန(နိုင်)၀၈၈၈၁၃] တို့က သားသမီးများနှင့် ဇနီးတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဒေါ်မစန်း (ခ)ဒေါ်စန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၃၀၇၄၇(၁၈-၁၁-၂၀၁၄)ဖြင့် ဒေါ်ရီရီသန့်[၁၂/ဥကတ(နိုင်)၁၆၂၀၄၅]နှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း
ရန်ကုန်မြို့နေ
ဦးဆန်းဝင်း-ဒေါ်ရီရီဝေတို့၏သားငယ်
မောင်ရဲမြတ်ဝင်း
B.A (Myanmar)
Managing Director(Magway Hotel & Phan Khar Myay Hotel)
နှင့်
ရန်ကုန်မြို့နေ
ဦးထွန်းလွင်ဦး(ညွှန်ကြားရေးမှူးချုပ်၊ ရေအရင်းအမြစ်နှင့်
မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်ဒိုးဒိုးထွန်းတို့၏သမီးငယ်
မမေသူထက်(ခ)ဂူဂူး
B.A (History)
(Golden Petal Dress Making)
တို့သည် ၈-၃-၂၀၁၅(တနင်္ဂနွေနေ့)တပေါင်းလပြည့်ကျော်(၄)ရက်နေ့တွင် Novotel Hotel (Pathein Ballroom)၌ နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်ရဲမြတ်ဝင်း-မမေသူထက်

အခြေခံ
ဆရာဦးသိန်းဝင်း
ပန်းချီသင်တန်း
အခြေခံမှစ၍ တစ်ဦးချင်းသင်သည်
(၁) အမှတ်(၁၆၆/၁၆၈)၊ တ-ထပ်၊ အနော်ရထာလမ်းမကြီး၊ ၃၄ လမ်းထိပ် ဘားလမ်း မှတ်တိုင်အနီး၊ ကျောက်တံတားမြို့နယ်။
(၂) တိုက်(၃)၊ အခန်း(၅၀၅)၊ ၁၅၄ လမ်း(မင်္ဂလာဗေယျုံကျောင်းလမ်း)၊ (နား နာခေါင်း လည်ချောင်း ဆေးရုံနံဘေးလမ်း) ၊ တာမွေ
ဖုန်း ၀၉ ၅၀ ၇၇၅၆၀ ၀၉ ၂၅ ၃၂၆၁၇၁၀

မြန်မာကော်တွန်-ကုမ္ပဏီ
- ခန်းဆီးလိုက်ကာပိတ်နှင့် Blinds မျိုးစုံ ခန်းဆီးလိုက်ကာတန်းမျိုးစုံ
- မင်္ဂလာခန်းဝင်ပစ္စည်းမျိုးစုံ
- ဆိုဖာ၊ ကူရှင်၊ ဒီဇိုင်းမျိုးစုံချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း
- မွေ့ရာဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့်ပြုပြင်ခြင်း
အမှတ်(၁၂၀)၊ မဟာဗန္ဓုလလမ်းနှင့်(၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph:291317/ 202921/ 09-8627489

ပြည်တွင်းရေးရာ

# တောင်ဘက်စွန်းဒေသတံခါးပေါက်နှင့် မြိတ်ကျွန်းစုခရီးသွားလုပ်ငန်း တိုးတက်မှု

**à ခရီးသွား**



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တောင်ဘက်စွန်းဒေသတွင် တည်ရှိပါသည်။ နယ်နိမိတ်အားဖြင့် အရှေ့ဘက်တွင် ပါချန်မြစ်ခြားလျက် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယသမုဒ္ဒရာနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။

မြန်မာတိုင်းရင်းသားမျိုးနွယ်စုရှစ်မျိုးအပြင် ပင်လယ်ပျော်လူမျိုးများဖြစ်သော ဆလုံလူမျိုး (မော်ကင်းလူမျိုး)၊ အိန္ဒိယမျိုးနွယ်စုများ၊ ပသျှူးလူမျိုးများ၊ ကန်တုန်မျိုးနွယ်စု တရုတ်လူမျိုးများ စုပေါင်းနေထိုင်ကြပါသည်။ ကိုးကွယ်မှုအားဖြင့် ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာနှင့် ဟိန္ဒူဘာသာစသည့် ဘာသာကြီးလေးမျိုးအပြင် နတ်ကိုးကွယ်ယုံကြည်မှုများလည်းရှိပါသည်။

၁၈၅၉ ခုနှစ်တွင် မြန်မာလူမျိုးအုပ်စုတစ်စုမှ ကော့သောင်း ဒေသအနီး မလိဝမ်ဒေသတွင် ရွာတည်ခဲ့ကြောင်း၊ ကော့သောင်းမြို့အရှေ့ဘက်ရှိ ဘာဝါးကျွန်းနှင့် မြွေကျွန်း၊ ကျွန်းငယ်နှစ်ကျွန်းကို အမှတ်သညာပြု၍ ထိုင်းဘာသာဖြင့် ကော့စွန်း (-ကော့- ကျွန်း၊ -စွန်း- နှစ်) ဟုခေါ်ဝေါ်ခဲ့ကြပြီး ကာလရွေ့လျားလာသောအခါ ကော့သောင်းဟု အမည်တွင်ခဲ့ကြောင်း၊ မြို့နှင့် မြို့အမည် စတင်ဖြစ်ပေါ်လာပုံကို သိရသည်။

ကော့သောင်းမြို့သို့ ရန်ကုန်မြို့၊ ထားဝယ်မြို့၊ မြိတ်မြို့တို့မှ လေယာဉ်၊ မော်တော်ယာဉ်တို့ဖြင့် သွားရောက်လည်ပတ်နိုင်ပါသည်။ ထားဝယ်နှင့်မြိတ်မြို့တို့မှ အောက်တိုဘာလမှ မေလအတွင်း အမြန်ရေယာဉ်ဖြင့် သွားရောက်နိုင်ပါသည်။ ထို့အပြင် နိုင်ငံတကာမှ ခရီးသွားများအနေဖြင့် ထိုင်းနိုင်ငံ၊ ရနောင်းမြို့မှ ကော့သောင်းမြို့မတံတားသို့ ပွဲချိတ်စက်လှေငယ်များဖြင့် ဝင်ရောက်နိုင်ပြီး ပွဲချိတ်စက်လှေမောင်းနှင်ချိန် မိနစ် ၄၀ခန့်သာ ကြာမြင့်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကော့သောင်းဒေသသည် တနင်္သာရီရိုးမတောင်တန်း၏ တောင်ဘက်အစွန်းပိုင်းတွင် တည်ရှိသောကြောင့် တောင်တန်းငယ်များ၊ ချိုင့်ဝှမ်းများပေါများလှသည့်ဒေသဖြစ်ပါသည်။ လေ့လာသူများ၏ သုတေသနပြုချက်အရ ကုန်းမြေနှင့်ရေစပ်များတွင် အမြဲစိမ်းတောအမျိုးအစား ၁၉၅ မျိုး၊ ဒီရေတောနှင့် သဲခုံတောသဘာဝပေါက်ပင် အမျိုးအစား ၆၃ မျိုး ရှင်သန်ပေါက်ရောက်သည်။

> ၁၈၅၉ ခုနှစ်တွင် မြန်မာလူမျိုးအုပ်စုတစ်စုမှ ကော့သောင်းဒေသအနီး မလိဝမ်ဒေသတွင် ရွာတည်ခဲ့ကြောင်း၊ ကော့သောင်းမြို့ အရှေ့ဘက်ရှိ ဘာဝါးကျွန်း . . .

ထို့အပြင် မြိတ်ကျွန်းစု ရေပေါ်ရေအောက်၌ သန္တာကျောက်တန်းမျိုးစိတ် ၅၁၈ မျိုး၊ ခရုကမာမျိုးစိတ် ကိုးမျိုး၊ ငါးမျိုးစိတ် ၄၂ မျိုး၊ ငှက်မျိုးစိတ် ၂၂၈ မျိုး၊ နို့တိုက်သတ္တဝါ ၁၉ မျိုးတို့အပြင် ကုန်နေရေနေ သွေးအေး၊ သွေးနွေးသတ္တဝါမျိုးစိတ်ပေါင်းမြောက်မြားစွာ နေထိုင်ကျက်စားလျက်ရှိသည့်ဒေသဖြစ်သဖြင့် ယခု မျက်မှောက်ကာလတွင် ကမ္ဘာပေါ်၌ အနည်းအကျဉ်းမျှသော သဘာဝအတိုင်းကျန်ရှိသောကျွန်းများနှင့် တောင်တန်းများတည်ရှိရာ ဒေသတစ်ခုဖြစ်သည်။

ထူးခြားမှုတစ်ခုမှာ မြန်မာနိုင်ငံတွင် ချင်းပြည်နယ် တစ်ခုတည်းသာ အနည်းငယ်တွေ့မြင်နိုင်သည့် အောက်ချင်းငှက်အကောင် ၁၀၀ ကျော်ခန့် ဒေသတွင်း၌ ရှင်သန်ကျက်စားနေသည်ကို လေ့လာသိရှိရပါသည်။ ကော့သောင်းမြို့နှင့် အနီးဆုံး သူဌေးကျွန်းတွင် အောက်ချင်းငှက်များ ကျင်လည်ကျက်စားနေသည်ကို တွေ့ရှိရသည်။ မြိတ်ကျွန်းစုသည် ကျွန်းကြီး၊ ကျွန်းငယ်ပေါင်း ၈၀၀ ကျော်ခန့်ဖြင့် ဖွဲ့စည်းထားပြီး ကျွန်းပေါင်း၂၀ ကျော်ခန့်တွင် အောက်ချင်းငှက်များ ရှင်သန်နေထိုင်လျက်ရှိသည်။

မြိတ်ကျွန်းစုအတွင်းရှိ လန်ပိအမျိုးသားအဏ္ဏဝါဥယျာဉ်သည် ၁၉၉၆ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ကျွန်းအနီးအနားတစ်ဝိုက်တွင် ရေပေါ်ရေအောက် သဘာဝပေါက်ပင်မျိုးစုံ၊ ရေပေါ်ရေအောက်သတ္တဝါမျိုးစုံတို့ကို လေ့လာတွေ့ရှိရသည်။

မြိတ်ကျွန်းစုအတွင်း ကျွန်းအချို့တွင် နေထိုင်မှုဘဝထူးခြားလှသော ဆလုံလူမျိုးများ နေထိုင်ကျက်စားလျက်ရှိသည်။ ရှေးနှစ်ပေါင်းများစွာက မလေးကျွန်းများတွင် နေထိုင်ခဲ့ကြပြီး ယခုအခါ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်အတွင်းရှိကျွန်းများတွင် နေထိုင်လျက်ရှိပါသည်။ ဆလုံလူမျိုးများသည် တည်နေရာတစ်ခုတည်းတွင် အတည်တကျနေထိုင်လေ့မရှိကြဘဲ ပင်လယ်အတွင်းရှိ လှိုင်းဒဏ်၊ လေဒဏ်အကာအကွယ်ရှိပြီး ရေချိုရရှိနိုင်သည့်ကျွန်းများတွင် မိုးရာသီတစ်လျှောက်လုံး နေထိုင်ကြပါသည်။

ဆောင်းရာသီနှင့်နွေရာသီတွင် မိသားစုအလိုက် "ကဗန်း" လှေပေါ်တွင်နေထိုင်ကာ ရေထွက်ပစ္စည်းများကို ရှာဖွေခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ဆလုံလူမျိုးများအား ပင်လယ်အတွင်း၌ နေထိုင်ကျက်စားသောကြောင့် Sea Gipsyဟုလည်း ခေါ်တွင်ကြသည်။ ရိုးသားအေးဆေးစွာ နေထိုင်ကြသူများဖြစ်ပြီး အသက်ရှူကိရိယာမပါဘဲ ရေအောက်တွင် ၁၅ မိနစ်ခန့် နေထိုင်နိုင်သူများဖြစ်ပါသည်။

လောဘ၊ ဒေါသ နည်းပြီး တင်းတိမ်ရောင့်ရဲစွာ အသက်မွေးဝမ်းကျောင်းပြု နေထိုင်သူများဖြစ်သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ စာရင်းအရ မြိတ်ကျွန်းစု၊ ကော့သောင်းခရိုင်အတွင်းရှိ ကျွန်းများပေါ်တွင် ဆလုံလူမျိုး ၇၃၇ ဦး နေထိုင် လျက်ရှိသည်။ ဆလုံလူမျိုးများ၏ အသက်ရှင်နေထိုင်မှုဘဝပုံစံသည် ပြည်တွင်း၊ ပြည်ပခရီးသွားအချို့အတွက် စွဲဆောင်မှုတစ်ရပ်ဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**


## (၅၃)လမ်း/(၆၃)လမ်း အခန်းရောင်းရန်ရှိသည်

(၅၃)လမ်း (အလယ်လမ်း) (15'x60') (မြေညီ)+ကြိုးဖုန်း၊
၆၃လမ်း(အောက်လမ်း) 25'x60'(မြေညီ)+ပါဝါမီတာ၂၀ကောင်+ကြိုးဖုန်း
ပွဲခပေးမည်။ ဖုန်း-၀၉-၈၆၃၈၇၈၆၊ ၀၁-၃၈၂၁၄၄

## ရွှေစည်းစိမ် မှ အင်းတော်ကြီးရွှေဇဋ္ဌူဘုရားသို့

✧ ရွှေစက်တော် နှင့် အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း ✧ တောင်ကြီး (သီးသန့်)
✧ ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထပ်စမ်း၊ မွေတော်ကဏ္ဍ
✧ ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ အလောင်းတော်ကဿပ ✧ အလောင်းတော်ကဿပ (သီးသန့်)
✧ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ
01-248970, 09-73051455, 09-250641705

## အရှေ့တိုင်းရာစုနှစ် ခရီးသွားလုပ်ငန်း

♦ မော်လမြိုင်-ကျိုက္ခမီ-စက်စဲ၊ ဘားအံ(ဆဒ္ဒန်ဂူပါ)(၂ည/၃ရက်) (95000/Ks)
♦ ပုပ္ပား-ပုဂံ-စွယ်တော်လေးဆူ(၃ည/၄ရက်) (190000/Ks)
-(ဟိုတယ်/VIP Bus)
အမှတ်(၄၀)၊ ရေကျော်လမ်း၊ ပထမထပ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၀၂၉၇၇၀၀၊ ၀၉-၇၉၆၈၁၈၃၄၈၊ ၀၉-၇၉၆၈၁၈၃၄၉၊ ၀၉-၇၃၁၀၇၃၂၄

## KMD Education Services


ISO | NCC | SQA | LCCI | City & Guilds | HUAWEI | Microsoft Official Learning Partner



ကမ္ဘာ့အဆင့်ထူးချွန်ကျောင်းသား / သူများ နှင့် နိုင်ငံတကာအသိအမှတ်ပြု IT Professional များကို နှစ်စဉ်မွေးထုတ်ပေးနေတဲ့ KMD မှ ကြိုဆိုလျက်ပါ။
အစိုးရဌာနများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ အလုပ်ရှာဖွေရေး Agency များ၊ လူမှုရေးအသင်းအဖွဲ့များအတွက် သင်တန်းချိန် နှင့် သင်တန်း များကို လိုအပ်ချက်ပေါ်မူတည်၍ ညှိနှိုင်းသင်ကြားပေးပါသည်။

## သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက် Maldives သို့ ခရီးသွားခြင်းဖြင့်

တစ်ခန်းလျှင် USD 120 မှ USD 300 ကြား Discount များရယူလိုက်ကြပါစို့



USD1899 (Air Ticket & Resort Include) မှစ၍သွားနိုင်ပါပြီ

All inclusive package တွင်ပါဝင်သည့်ဝန်ဆောင်မှုများ

ဖုန်းနံပါတ် 09-250093366 နှင့် 09-250638883 တို့အပြင် မိမိကြိုက်နှစ်သက်ရာ Travel Agency များတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်

1. Company Assistant ကျား/မ (၄)ဦး
   - ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အင်္ဂလိပ်စာ ရေး၊ဖတ်၊ပြော ကျွမ်းကျင်ပြီးComputer Typing ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
2. DTP And Photoshop ကျား/မ (၄)ဦး
   - ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ Design ကျွမ်းကျင်စွာဆွဲနိုင်ရမည်။ Internet ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ Website တင်နိုင်ရမည်။
3. IT Assistant ကျား (၃)ဦး
   - ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ Hardware, Networking ကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
4. Account မ (၄)ဦး
   - B.Com/ LCCI I & II အောင်မြင်ရမည်။
5. Audit မ (၄)ဦး
   ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ Audit ပိုင်းတွင် အနည်းဆုံး(၁)နှစ် လုပ်ငန်းအတွေ့အကြုံရှိရမည်။
6. Driver (ရုံး/အိမ်) ကျား (၅)ဦး
7. လုံခြုံရေး ကျား/မ (၅)ဦး
   - လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။
   - ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေ့/ည တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
8. အရောင်းဝန်ထမ်း ကျား/မ (၂၀)ဦး
   - (၁၀)တန်းအောင်မြင်ရမည်။ဖျတ်လတ်တက်ကြွ၍ အရောင်းကိုစိတ်ပါဝင်စားသူဖြစ်ရမည်။ ဆက်ဆံရေးပြေပြစ် ကောင်းမွန်ရမည်။

အမှတ်(၅၂/၅၄) အခန်း(၁၆)၊ (၄)လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## အခန်းဆက်ဝတ္ထု

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် အပတ်စဉ် (တနင်္လာနေ့နှင့် သောကြာနေ့)တိုင်း ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာသိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်



**တက္ကသိုလ်ဘုန်းနိုင်**

*၆-၃-၂၀၁၅ ရက်မှအဆက်*

ခိုင်တို့အိမ်ဝင်းအတွင်း ဤအကြိမ်သည် ကျွန်တော့်အတွက် ပထမဆုံး ခြေချဖူးခြင်းဖြစ်သည်။ အိမ်ဝ၌ ကြိုင့်ကို သွားတွေ့သည်။ ကြိုင်သည် ကျွန်တော့်ကို ပြုံးချိုချိုဖြင့် စိုက်ကြည့်နေပြီး ရွတ်နောက်နောက် စ,သည်။

"အလို . . . လူကြီးလူကောင်းမင်း၊ ဘာကိစ္စကြွလာပါသလဲ . . ."

ကျွန်တော်က သူ့ကို တည်တည်ပြန်ကြည့်၍ ဖြေသည်။

"ကျောင်းသွားမလို့ ခိုင့်ကို လာခေါ်တာ"

ကြိုင်သည် အံ့သြဟန် မျက်လုံးကလေးများပြူး၍ ပြန်မေးသည်။

"ဘာရယ် . . . ခိုင့်ကို လာကြိုတာ"

"ဟုတ်တယ် . . . ခိုင့်ကို လာကြိုတာ"

ကြိုင်သည် ဘာကို သဘောကျသည်မသိ၊ ပြုံးရယ်သွားပြီး အိမ်ခန်းတွင်းသို့ လှမ်းခေါ်သည်။

"မြိုင်ရေ၊ ဟောဒီမှာ လာကြည့်စမ်းဟေ့၊ ဟိုဘက်အိမ်က မောင် ခိုင့်ကို ကျောင်းလာကြိုသတဲ့ဟေ့"

ကျွန်တော်သည် ကြိုင့်ကို စိတ်ဆိုးသွားသည်။ ခိုင့်ကို ကျောင်းလာကြိုသည်အား ဘာကြောင့် ကြိုင်သည် ရေးကြီးခွင်ကျယ်လုပ်၍ မြိုင့်အား အော်ပြောနေရသနည်း။ ထို့ကြောင့် ရှုတည်တည်ဖြင့်ဘုပြောသည်။

"ခိုင့်ကို ကျောင်းလာကြိုတာ ဆန်းသလားဗျ "

"ဘာပြောတယ် . ."

"ခိုင့်ကို ကျောင်းလာကြိုတာ ဆန်းသလားလို့ မေးနေတာ"

ကြိုင်သည် မျက်မှောင်လေးကြုတ်ငေးနေရာမှ လက်ခုပ်တီးကာ ရယ်သည်။ ထိုစဉ် မြိုင်ရောက်လာသည်။

"မမ ဘာတွေသဘောကျနေသလဲ"

"ဟောဒီမှာကွယ်၊ ခိုင့်ကို ကျောင်းလာကြိုသတဲ့ . ."

မြိုင်ကလည်း ကျွန်တော့်ကို စူးစိုက်စွာကြည့်ပြီး သဘောကျစွာ ရယ်ပြန်သည်။ ကျွန်တော်သည် မမျှော်လင့်ဘဲ အပျိုနှစ်ဦးရှေ့တွင် ရောက်နေသည်။ အမှန်ကို ဝန်ခံရလျှင် ကျွန်တော်အနည်းငယ်ရှက်၍ ဒေါသလည်း ထွက်နေသည်။

ကြာလျှင် သူတို့နှစ်ဦးနှင့် ကျွန်တော် ဘာဖြစ်မည်မသိ။ ကံအားလျော်စွာ ခိုင်တို့မေမေ ထွက်လာသည်။

"ဟဲ့ . . . ကြိုင် ဘာတွေသဘောကျနေတာလဲ "

အကြီးမက ပြန်ဖြေသည်။

"ဟောဒီမှာ၊ ခိုင့်ကို ကျောင်းလာကြိုနေတယ် . . ."

အဘွားကြီးက ကျွန်တော့်ကို ပြုံး၍ကြည့်နေခိုက် မြိုင်သည်သူ့အစ်မကဲ့သို့ပင် လက်ခုပ်တီး၍ တအံ့တသြဆိုသည်။

"ခိုင့်ကို ကျောင်းလာကြိုသတဲ့ မေမေရေ့ ဟာဟ့ာ၊ မိခိုင်က သူငယ်ချင်းတွေ ဘာတွေရလို့ပါလား . . ."

ကြိုင်ကလည်း မြိုင့်ကို ထောက်ခံရင်း လိုက်ဆိုသည်။

"ဟာဟ့ာ . . . ဟုတ်တယ်ဟေ့ ခိုင်က သူငယ်ချင်းတွေ ဘာတွေရလို့ . . ."

အဘွားကြီးသည် သမီးများကို မျက်စောင်းထိုး ဟန့်တား၍ ဆို၏။

"ကြိုင်တို့ကလည်း ကလေးကို အလကားရှက်အောင်လာ . . . လာ လူကလေး အိမ်ထဲဝင်ထိုင်။ မိခိုင် ထမင်းစားနေတုန်း "

သူတို့နှစ်ဦးသည် မျက်နှာပိုးသတ်၍ ကျွန်တော့်ကို စိုက်ကြည့်သည်။ ကျွန်တော်ကလည်း သူတို့ကို ပြန်၍ အကဲခတ်ကြည့်နေမိသည်။

ကြိုင်သည် အသားဖြူ၍ မျက်နှာသွယ်သွယ်ဖြင့် ခိုင်နှင့် ရုပ်ချင်းဆင်သည်။ ညာဘက်ပါးတွင် စံပယ်တင်မှဲ့တစ်လုံးရှိကာ ပြုံးလိုက်လျှင် တစ်မျိုးလှ၏။ မျက်တောင်ကော့ကြီးများကို ပုတ်ခတ်ပုတ်ခတ်ဖြင့်ကျွန်တော့်ကို ကြည့်နေခိုက် ပြုံးရယ်သော မျက်လုံးများသည် အရောင်တဖျပ်ဖျပ် လက်နေသည်။

မြိုင့်မျက်နှာကလေးမှာမူ ဝန်းဝန်းပြည့်ပြည့်ဖြစ်သည်။ တန်းနေသောနှာခေါင်းလေးက အလွန်လှသည်။ လူတစ်ယောက်ကို ကြည့်လျှင် ညာဘက်မျက်ခုံးကို မ,တင်၍ ဘယ်ဘက်မျက်လုံးကို စင်းလျက် ကြည့်ပုံမှာ တစ်မျိုးတင့်တယ်သည်။

အတန်ကြာ ငြိမ်နေကြပြီးမှ မြိုင်က မေးသည်။

"မင်းနာမည် ဘယ့်နှယ်ခေါ်လဲ"

"မောင် . ."

ညီအစ်မနှစ်ဦးသည် တစ်ဦးမျက်နှာတစ်ဦး ကြည့်ကြသည်။ ထို့နောက် မြိုင်သည် ပြုံး၍ ကျွန်တော့်ကိုပြောသည်။

"မောင် ကြီးလာတဲ့အခါ ဒီနာမည်ကို အပျိုတွေ ခေါ်ရဲမှာ မဟုတ်ဘူး "

ကျွန်တော်သည် သူ့စကားကို နားမလည်။ ထို့ကြောင့် ပြန်မေးသည်။

"ဘာလို့ မခေါ်ရဲရမလဲ"

ညီအစ်မနှစ်ဦးသည် တစ်ဦးကိုတစ်ဦး ကြည့်ကာ ရယ်ကြပြန်သည်။

"မောင့်နာမည်က ကြောက်စရာကြီး . . . အပျိုတွေ ဘယ်ခေါ်ရဲမလဲ "

"ခင်ဗျားတို့ အပျိုတွေ မဟုတ်ဘူးလား"

ကျွန်တော့်မေးခွန်းကြောင့် ညီအစ်မနှစ်ယောက်စလုံး အရယ်ရပ်ကာ မျက်လုံးပြူးသွားကြသည်။

"ဘာပြောတယ်ကွဲ့"

"ခင်ဗျားတို့ အပျိုတွေ မဟုတ်ဘူးလား"

မြိုင်က ပြန်ဖြေသည်။

"ဟုတ်တယ်လေ၊ မောင်က အပျိုဆိုတာ သိလို့လား"

"သိတာပေါ့၊ အပျိုဆိုတာ အားကြီး စတိုင်များတယ်၊ ပြီးတော့ နောက်ပိုးလည်း အပိုးခံရတယ်"

ဤအကြိမ် ညီအစ်မနှစ်ဦး ရုတ်တရက် ဘာမျှပြန်မဖြေနိုင်။ အတန်ကြီးကြာမှ မြိုင်က ပြန်မေးခွန်းထုတ်သည်။

" အခုနင်က . . . မောင်က မမတို့ကို အပျိုလားလို့ မေးတယ် . . .။ ဘာလို့မေးတာလဲ "

"ကျွန်တော့်နာမည်ကို အပျိုတွေ ခေါ်ရမှာ သိပ် ကြောက်တယ်ဆို၊ ဘာလို့ မမတို့ကတော့ ခေါ်ရဲလဲ "

ညီအစ်မနှစ်ဦးသည် ကြောင်သွားပြီးမှ ပြိုင်တူရယ်မောကြသည်။

ကြိုင်သည် " အာဂသတ္တိဟေ့ . . . ကိုထွန်းအောင်ညီရယ်လို့ မပြောရဘူး "ဟု ဆို၍ ထိုင်ရာမှထကာ ကျွန်တော့်ဘေးတွင် ဝင်ထိုင်လျက် ပခုံးကိုပွေ့ပြီးစကားဆက်ဆိုသည်။

" မမကြိုင်က မောင့်ကိုချစ်လို့ ကျီစားတာပါ . . .။ ပြီးတော့ မောင့်ကိုကိုလို သတ္တိရှိလားလို့ စမ်းကြည့်တာ "

ကျွန်တော်သည် ကျေနပ်သွားသဖြင့် အသံချိုစွာ ပြင်၍ မေးသည်။

"မမကြိုင်က ကိုကို့ကို သိလား "

"သိတာပေါ့ကွ၊ မင်းကိုကိုက သခင်ကျောင်းသားပဲ၊ သူ့ကို မမကြိုင်တို့ ကြောက်တယ်ကွဲ့ "

"ကိုကိုက ကြောက်စရာမကောင်းပါဘူး၊ ကိုကို့အကြောင်းသိရင် . . . ကိုကို့ကို မမကြိုင်တို့ ချစ်သွားမှာပဲ"

ကျွန်တော်က ရိုးသားစွာ ဆိုသော်လည်း ကြိုင်သည် မျက်လုံးလေးများပြူး၊ ပါးစပ်ကလေးပြဲသွား၍ ပါးလေးများလည်း နီရဲသွားသည်။

" မှတ်ကရော . . . မှတ်ကရော "

မြိုင်သည် ထိုသို့အော်ရယ်ရင်း အိမ်တွင်းသို့ ပြေးဝင်သည်။

ကြိုင်သည် အရှက်ပြေပြုံး၍ ကျွန်တော့်အား စိုက်ကြည့်နေခိုက် ခိုင်သည် လွယ်အိတ်လေးလွယ်လျက် ထွက်လာသည်။ ကျွန်တော်သည် ကြာကြာမဆိုင်းတော့ဘဲ နေရာမှ ထကာ ထွက်လာသောအခါ ခိုင်သည် နောက်မှ လိုက်လာ၏။

ခြံဝရောက်မှ ကျွန်တော် လှည့်ကြည့်လိုက်သောအခါ အိမ်တံခါးပေါက်၌ မြိုင်၊ ကြိုင်တို့အပြင် လှိုင်အပါအဝင် တစ်အိမ်သားလုံး ကျွန်တော်တို့ကို ထွက်ကြည့်နေကြသည်။

အနည်းငယ် အနေရ အထိုင်ရခက်၍ စိတ်လည်း မကျေမနပ်ဖြစ်မိသော ကျွန်တော်က ခိုင့်ကို မေးသည်။

" ခိုင့်ကို မောင် ကျောင်းလာကြိုတာ သူတို့ ဘာလို့ ထူးထူးဆန်းဆန်း ဖြစ်ရတာလဲ "

ခိုင်သည် ရုတ်တရက် မဖြေနိုင်ဘဲ စဉ်းစားသယောင်ဝိုင်နေ၏။ ထို့နောက်မှ တိုးတိုးလေး ဖြေသည်။

" ခိုင့်ကို အရင်က ဘယ်သူမှ ကျောင်းလာမကြိုဖူးဘူး "

ကျွန်တော်သည် ခိုင့်ကို သနားသွားသည်။

" ဒါဖြင့် အရင်က ခိုင့်မှာ သူငယ်ချင်း မရှိဘူးလား "

ခိုင်သည် မဖြေဘဲ သူ့မျက်တောင်ကော့လေးများကို စင်းချလျက် မြေပြင်သို့သာ စိုက်ကြည့်ရင်း လျှောက်လာသည်။

ကျွန်တော်သည် ရပ်လိုက်၍ ခိုင်၏လက်လေးများကို ဆွဲယူသည်။

" အခု မောင်က ခိုင့်သူငယ်ချင်းပဲ သိလား။ ခိုင်နဲ့ မောင် ဘယ်တော့မှ ရန်မဖြစ်ဘူးနော် . . . "

ခိုင်သည် မျက်လွှာလေးလှန်၍ ကျွန်တော့်ကို ကြည့်သည်။ဘာကြောင့်ရယ် မသိ၊ ခိုင့်မျက်လုံးလေးများတွင် မျက်ရည်ဝဲနေသည်။ သို့ရာတွင် ခဏအကြာ၌မူ ပါးမို့မို့နီနီလေးများထက် ပါးချိုင့်လေးများ ပေါ်အောင်ပြုံးသည်။

ကျွန်တော်တို့ ရောက်နေရာမှ ကျောင်းဆီသို့ လမ်းသည် နိမ့်လျှောဆင်းလျက်ရှိ၏။

ကျွန်တော်နှင့် ခိုင်သည် ပြိုင်တူရယ်မောလိုက်ပြီး တစ်ဦးလက်တစ်ဦးတွဲ၍ နိမ့်လျှောဆင်းနေသော လမ်းအတိုင်း မြူးမြူးရွှင်ရွှင် ပြေးဆင်းလာခဲ့ကြသည်။

### (၅) ခိုင်နှင့်လည်း ကျောင်းနေစဉ်

ခိုင်နှင့် ကျွန်တော်တို့ ကျောင်းသွားလျှင် သန်လျင်မြို့ ဂါတ်တဲဝင်းကြီး အနောက်ဘက်လမ်းမှသွားလေ့ရှိသည်။ မိုးသည်းသောအခါများတွင် ခိုင်နှင့် ကျွန်တော်တို့ကို ဦးလေးကိုဖိုးခင်က ကားဖြင့် လိုက်ပို့ပေးသည်။ ထိုအခါများတွင် မြိုင်လည်း ကျွန်တော်တို့နှင့်အတူ လိုက်ပါတတ်သည်။

ခိုင်နှင့် ကျွန်တော်ကမူ ကုန်းကြောင်းလျှောက် ကျောင်းတက်ရသည်ကို ပိုသဘောကျသည်။

ကျွန်တော်တို့အိမ်မှ ထွက်ခဲ့၍ ရုံးကြီးကို ကျော်လျက် ကွေ့ကာ ကျောင်းသို့သွားသော လမ်းပေါ် ရောက်သောအခါတွင် လက်ဝဲဘက်၌ စိန်ပန်းပင်များကို တွေ့ရသည်။ ကျောင်းဖွင့်စအချိန်ဆိုလျှင် အရိပ်ကင်းသော စိန်ပန်းပင်တို့ထက် ရဲရဲနီသော ပတ္တမြားပွင့်တို့ ပင်လုံးကျွတ် ဖုံးလွှမ်းနေသည်ကို တွေ့ရသည်။

ကျောင်းဘက်သို့ နီးလာသောအခါ စိမ်းလန်းတောက်ပြောင်သော အရွက်ထူထူတို့ဖြင့် စီစီရီရီ ပေါက်နေသော ရာဘာပင်တို့ကို တွေ့ရသည်။ ရာဘာပင်အောက်တွင် ဝင်ရှာသောအခါ ရာဘာသီးခြောက် တစ်လုံးစ နှစ်လုံးစကို တွေ့ရမြဲဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

PAN THU KHA
Travels & Tours Co., Ltd.
Hot Line: 09 250200212, 09 5095586
March (26)/ April (12)
3Star Hotel & All Included
April (12 & 14)
Hotel at the Rock
Find us on: facebook.
Pan Thu Kha Myanmar

Your Travel
သင်္ကြန်ပြည်တွင်းခရီးစဉ်များ
* ပုဂံဘုရားဖူးခရီးစဉ် ( April 12-16 ) ၁၈၅၀၀၀ ကျပ်
*ရှမ်းပြည်တောင်ပိုင်းခရီးစဉ် ( April 12-16 ) ၁၇၅၀၀၀ ကျပ်
*မန္တလေး-မုံရွာ-ပြင်ဦးလွင်ခရီးစဉ် (April 12-16) ၁၇၅၀၀၀ ကျပ်
*ငွေဆောင်ခရီးစဉ် Sea View အခန်း (April 12-15) ၁၅၅၀၀၀ ကျပ်
*ငွေဆောင်ခရီးစဉ် Sea View အခန်း (April 14-17) ၁၅၅၀၀၀ ကျပ်
01-223180 / 09-31679777 ကိုဆက်သွယ်နိုင်ပါသည်။

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း
ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)အသင်းသူ/သားများသိရှိစေရန်
• ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)အသင်းဝင်များ၏ နှစ်စဉ်ကြေးများကို ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ၊ (၁)ရက်နေ့မှ စတင်ကောက်ခံနေသည်ဖြစ်ပါ၍ နှစ်စဉ်ကြေးပေးသွင်းရန်နောက်ဆုံးရက်ကို ၂၀၁၅ခုနှစ်၊ မတ်လ (၃၁)ရက်နေ့အဖြစ်သတ်မှတ်ထားပါသည်။ ၎င်းသတ်မှတ်ရက်ကျော်လွန်ပါကဒဏ်ကြေးငွေကျပ်၁၀၀၀၀/-ပေးဆောင်ရမည်ဖြစ်ကြောင်းထပ်မံအသိပေး ကြေညာအပ်ပါသည်။
• ၂၀၁၅ခုနှစ်၊ ဧပြီလ၊ (၁)ရက်နေ့မှစ၍အသင်းဝင်ကတ်ပြားဟောင်း(ဝါးတန်း/ဘုရင့်နောင်)ဖြင့် ဆန်စပါး ကုန်စည်ဒိုင် (ဝါးတန်း) အတွင်းသို့ လုံးဝ ဝင်ခွင့်မပြုပါ။
ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ကော်မတီ

MOE THAUK PAN ACADEMIC CENTRE
SUMMER SCHOOL
❖ English 4 Skills
❖ Music
❖ Art
❖ Computer
❖ Trip
နွေရာသီကိုကုန်ဆုံးပို့ မိုးသောက်ပန်းမှာ သုံကြရို့
*Duration - 16th March to 23th May*
*Time - 9:00 am to 3:00 pm (Monday to Friday)*
Junction စခန်းနှင့် သုမင်္ဂလာအိမ်ရာအနီး၊သုမင်္ဂလာလမ်းမကြီးပေါ်၊ဆက်သွယ်ရေးရုံးရှေ့၊Tel - 01- 571545, 09-43122883

# စမတ်ဖုန်းများ၏ ကောင်းကျိုး၊ ဆိုးပြစ်

**à ခင်မောင်ညို(ဘောဂဗေဒ)**

ယခုတပတ်ထုတ် The Economist စာစောင်တွင် စမတ်ဖုန်းတွေအကြောင်းကိုရေးထားသည့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရသည်။ ကိုယ်တိုင်ကလည်း၊ ဖုန်းရောဂါကြီးသူ၊ ဇနီးနှင့် သမီးမျက်နှာထက် ဖုန်းမျက်နှာပြင်ကို၊ ကြည့်နေသည့် အချိန်ကပိုများသူဆိုတော့ ထိုဆောင်းပါးကို စိတ်ဝင်စားသည်မှာ မဆန်း။ ကြည့်လေ "စမတ်ဖုန်းများသည် နေရာတကာ ပျံ့နှံ့နေသည်၊ စွဲလမ်းတတ်သည်၊ ပြောင်းလဲပစ်နိုင်သည်တဲ့။

၂၀၀၇ ခုနှစ် ဇန်နဝါရီလက ပေါ်ပေါက်လာခဲ့သော ပလပ်စတစ်၊ သတ္တုနှင့်၊ဆီလီကွန် ပေါင်းစပ်ထားသော ထိုဖုန်းသည် လောကကြီးကို ပြောင်းလဲပစ်မည်ဟုကြွေးကြော်ခဲ့သလို (၂၁)ရာစုတွင် အရောင်းရဆုံးအသုံးအဆောင်တစ်ခု ဖြစ်လာခဲ့သည်။ ကွန်ပျူတာတွေထက်လေးဆရောင်းကောင်းသည်။ အရွယ်ရောက်လူကြီးတဝက်ခန့်ကစမတ်ဖုန်းကိုင်ကြ၊ ၂၀၂၀ တွင် ၈၀ ရာခိုင်နှုန်း ကိုင်ကြမည်။

အမေရိကန်တွေက တနေ့ နှစ် နာရီကျော်ကြာ သုံးကြသည်။ ဗြိတိသျှဆယ်ကျော်သက်တွေက ရုပ်မြင်သံကြားတွေ ကွန်ပျူတာတွေ၊ ဂိမ်းတွေထက်မိုဘိုင်းဖုန်းတွေကို ပိုသဘောကျကြသည်။ တကယ်လည်း၊ မိုဘိုင်းဖုန်းမှာ က၊ရုပ်သံတွေ၊ ကွန်ပျူတာတွေ၊ ဂိမ်းတွေအားလုံးပါသည်။ စမတ်ဖုန်းကိုင်သူ ၈၀ ရာခိုင်နှုန်းက အိပ်ရာမှထထချင်း ၁၅ မိနစ်အတွင်း တယ်လီဖုန်းကောက်ကိုင်ပြီး စာအဝင်စစ်ကြ၊ သတင်းဖတ်ကြသည်။ ဇနီးမောင်နှံ နှစ်ယောက်ထဲ အတူရှိချိန်၌ပင် မိုဘိုင်းဖုန်းသုံးသည်ဟု ဝန်ခံသူကလည်း ၁၀ရာခိုင်နှုန်းရှိသည်။

အိပ်ခန်းထဲမှာသာမဟုတ်၊ ဘဝတွင် ရှင်သန်ရေး၊ လုပ်ငန်းတွေ ပုံစံသစ်ဖြစ်ပေါ်ရေး၊လူ့အဖွဲ့အစည်းကို ပြောင်းလဲပစ်ရေးတို့အတွက်ပါ အသုံးဝင် အရေးပါသည်။ စမတ်ဖုန်းတွေက၊ အရွယ်ငယ်သော်လည်း ယခင်က ဧရာမကွန်ပျူတာကြီးတွေ လုပ်နိုင်သည့်အလုပ်တွေ၊ ကိန်းဂဏန်းအတွက် အချက်တွေကို နိုင်နင်းသည်။ စရိတ်လည်း သက်သာသည်။ စရိတ်တွေက ထပ်လည်းကျဦးမည်။ လက်ကိုင်ဖုန်းက ကိုယ်သွားလေရာ ပါနေပြီး ဘယ်သူနှင့်ဘယ်လောက်စကားပြောတာ ဘယ်ဝက်ဘ်ဆိုက်ဝင်ကြည့်တာ၊ ဘယ်သွားတာတွေအကုန်သိရှိ မှတ်တမ်းတင်ထားသည့်အပြင် ကိုယ့်ကျန်းမာရေးဘယ်လောက်ကောင်းသည်ကိုပင် သိနေနိုင်သည်။ ထိုသတင်းအချက်အလက်တွေက လူတစ်ဦးတစ်ယောက်အတွက်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းတွေအတွက်လည်းကောင်းအသုံးဝင်သည်။

တယ်လီဖုန်း Application (Apps)တွေက သတင်းအချက်အလက်တွေ စုပေးသည်။ စရိတ်သက်သာစျေးနှုန်းသက်သာတာတွေသာမက တွဲရမည့်သူတွေနှင့် ချိတ်ပေးသည်။ အနာဂတ်တွင်တယ်လီဖုန်းတွေက ကိုယ့်အကြောင်းသိလွန်းနေပြီး၊ အလုပ်အကိုင်ပြောင်းရန်၊ အကြံပြုကောင်း



ပြုမည်။ သို့မဟုတ် ကိုယ့်နှလုံးခုန်သံ မူမမှန်သည်ကို၊ ကိုယ့်အရင် သိထားပြီး၊ ဆရာဝန်နှင့် တွေ့ဆုံပြသခွင့်တောင်းချင်တောင်းပေးထားနိုင်မည်။

တယ်လီဖုန်းကို တချိန်လုံး ငုံ့ကြည့်နေလျှင် ဇက်ကြောတွေ၊ ခါးရိုးတွေပင်ပန်းမည်မှာ ယာယီမျှသာဖြစ်နိုင်သော်လည်း ဖုန်းမရှိလျှင် မနေတတ်၊ မထိုင်တတ်၊ လက်ထဲကိုင်ထားစရာမရှိလျှင် ဟာတာတာဖြစ်လောက်အောင် စွဲလမ်းမှုအားကိုးမှုရောဂါ ဖြစ်နိုင်သည်။ နာရီမပါ ကားမမောင်းရလျှင် မနေတတ်တာမျိုး၊ တယ်လီဖုန်းမပါလျှင် ဘဝပျက်သလောက် ခံစားလာရမည်။ကြောက်စရာအကောင်းဆုံးမှာ တယ်လီဖုန်းတွေက ကိုယ်နှင့်ပတ်သက်သည့်သတင်းအချက်အလက်တွေကို လူတကာလျှောက်ဝေမည် သို့မဟုတ် ရောင်းစားမည့်ကိစ္စဖြစ်သည်။

ယခုအခါ ကိုယ်ပြောသမျှ ကြားဖြတ်နားထောင်နိုင်သူ ဆင်းမ်ကဒ်တွေအားလုံးရှိ အချက်အလက်တွေ အားလုံးရယူနိုင်သူတွေဒီမိုကရေစီနိုင်ငံတွေမှာရော အာဏာရှင်နိုင်ငံတွေမှာပါ ရှိနေပြီ။ ကိုယ့်ရဲ့လျှို့ဝှက်ချက်တွေ ကိုယ်ရေးကိုယ်တာကိစ္စတွေ အရှက်တကွဲ အကျိုးနည်းဖြစ်စရာကိစ္စတွေ ပေါက်ကြားသွားနိုင်သည်။ တဘက်တွင်၊ စိုးရိမ်စရာတွေရှိနေသလို အခြားတဘက်တွင် အကျိုးကျေးဇူးတွေရှိရာ အကျိုးကျေးဇူးတွေက သာလွန်သည်ဟု တွက်ဆကြသည်။

တယ်လီဖုန်းတွေက လူသန်းထောင်ချီပြီး စုပေးနိုင်သည်။ ယခုအခါ စျေးအပေါဆုံး စမတ်ဖုန်းတွေက၊ လေးသောင်းလောက်သာ တန်ရာ ယခုထက်ပို၍စျေးကျဦးမည်ဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာဖွယ်ရှိသည်။ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်တွေကို နိုင်ငံသားတွေကမှတ်တမ်းတင်ကြ၊ ဖြန့်ဝေကြ၊ ကွဲပြားသော သဘောထားတွေ ဖော်ထုတ်ဖို့အတွက်လည်းအသုံးဝင်သည်။

ယခင်ကလို အစိုးရကသာ ပြည်သူတွေကို စုံစမ်းထောက်လှမ်းရန်အတွက်တဖက်သတ် အသုံးချနိုင်တာမျိုးမဟုတ်၊ စိန်ခေါ်စရာ လက်နက်ကိရိယာတစ်ခုလည်း ဖြစ်လာနေသည်။

ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်တွေကို စီးပွားရေးလုပ်ငန်းတွေကစိတ်ဝင်စားသလို သုတေသနလုပ်ငန်းများအတွက်လည်း အထောက်အကူဖြစ်သည်။ လူ့အဖွဲ့အစည်းအကြောင်း သန်းခေါင်စာရင်းကောက်သလို စမတ်ဖုန်းတွေကဆောင်ရွက်ပေးနိုင်သည်။ ပြီးတော့ ရလာဒ်ထွက်ဖို့အရေး နှစ်ရှည်လများ စောင့်ဆိုင်းစရာမလိုချက်ချင်းအဖြေထုတ်ပေးနိုင်သည်။ သင့်တော်သော စည်းမျဉ်းစည်းကမ်းများ ချမှတ်ပြီးဘယ်သူဘယ်ဝါ မဖော်ပြဘဲ ကိန်းဂဏန်းအချက်အလက်များကို ယာဉ်ကြောထိန်းရန်၊ ရာဇဝတ်မှုတွေ တားဆီးရန်၊ ကူးစက်ရောဂါများကို ဟန့်တားရန်တို့အတွက် အသုံးပြုနိုင်သည်။

အကြီးမားဆုံးသော အကျိုးတရားမှာ စီးပွားရေးအရရရှိသော ရလာဒ်ဖြစ်သည်။လူတစ်ရာမှာ၊ တယ်လီဖုန်း ၁၀ လုံး တိုးလာလျှင် တစ်ဦးကျဝင်ငွေ ၁ရာခိုင်နှုန်း ကျော်တိုးစေနိုင်သည်။ ဘဏ်အသုံးပြုမှုများလာစေနိုင်သည်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းတွေကိုလည်း၊ မကြားဘူးသော မြန်နှုန်းများဖြင့် ပြောင်းလဲနိုင်သည်။ Uber ၏သက်တမ်း ငါးနှစ်၊ မပြည့်သေးသော်လည်း ၅၅ နိုင်ငံတွင် သုံးနေပြီ။ WhatsApp သည်၂၀၀၉ က ပေါ်ခဲ့သော်လည်း တနေ့တနေ့ စာတို ကုဋေလောက် ပို့နေနိုင်ပြီ။ တယ်လီဖုန်းတွေကို၊ ပလက်ဖောင်းအပြည့် အသုံးပြုကာ၊ လုပ်ငန်းငယ်တွေက စိတ်ကူးတခုကို စရိတ်သက်သက်သာသာနှင့် စမ်းသပ်အသုံးပြုနိုင်မည်။ လူတွေ သဘောကျ၍ ကမ္ဘာနှင့်ချီ၍ ပျံ့နှံ့သွားနိုင်သည်။ ကမ္ဘာနှင့်ချီ၍ တီထွင်ဖန်တီးနိုင်စွမ်းဖြစ်ပေါ်စေသည်။

နည်းပညာတို့၏ သဘောသဘာဝကပင်လျှင် လူ့အဖွဲ့အစည်းကို မေးခွန်းထုတ်လေ့ရှိသည်။အထူးသဖြင့်၊ လူတွေက နည်းပညာတွေနှင့် လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲလာသည့်အခါ နည်းပညာတွေက ပြဿနာရှာတတ်သည်။ စမတ်ဖုန်းများသည်လည်းထို့အတူပင် ဖြစ်သည်။

နိုင်ငံသားတွေကို စမတ်ဖုန်းတွေမှတဆင့် မျက်လုံးဒေါက်ထောက်ကြည့်နေခြင်းကိုအကာအကွယ် မပေးနိုင်လျှင် အချို့လူတွေ ဒုက္ခရောက်မည်။ ကျောခိုင်းသူတွေလည်းရှိမည်။လူ့အဖွဲ့အစည်းက စီးပွားရေးလုပ်ငန်းများ အနေဖြင့် ကိုယ်ရေးကိုယ်တာကိစ္စနှင့် အကျိုးအမြတ်ကို ချင့်ချိန်တတ်စေရန် တန်ဘိုးတွေ စံချိန်စံညွှန်းတွေသတ်မှတ်ပေးရမည်။ မည်သည့် အတိုင်းအတာအထိ လက်ခံနိုင်သည်ကို အစိုးရတွေကတိတိကျကျ သတ်မှတ်ပေးရမည်။ တဖက်တွင် ရှစ်နှစ်အတွင်း စမတ်ဖုန်းတွေ အပြေးသန်သလောက်ကို လူ့အဖွဲ့အစည်းနှင့်အစိုးရတွေက နောက်ကောက်ကျနေဆဲဖြစ်သည်။

**(ညွှန်း - Plaret of the Phone)**

❑ ❑ ❑

## မိုးကုတ်ဝိပဿနာ (၁၀)ရက်စခန်း အထူးတရားပွဲ ရန်ကုန်မြို့

မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ နိဗ္ဗာန်ရွှေဂူကျောင်းသင်္ကြန်ကာလ ကျင်းပမြဲဖြစ်သော "(၁၀)ရက် အထူးစခန်းပွဲ" ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်၊ အမှတ်(၅)၊ မေခလမ်း၊ နိဗ္ဗာန်ရွှေဂူကျောင်း၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကို ခံယူလျက် (၁၀)ရက်စခန်း တရားပွဲ ကျင်းပမည်ဖြစ်သည်။

- ယင်းတွင် ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ ဘီ-အေ မြန်မာစာ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မူလဥယျာဉ်တိုက် လေသာလေးကျောင်းဆရာတော်ကိုယ်တိုင် ပဋိစ္စသမုပ္ပာဒ် အခြေခံသင်တန်းနှင့် သစ္စာလေးပါးတရားတော်များကို ဘုရားရှင်၏အလိုတော်ကျ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများသည် တရားပွဲကျင်းပရာ နိဗ္ဗာန်ရွှေဂူကျောင်းသို့ (၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက်)၁၀-၄-၂၀၁၅(သောကြာနေ့)ညနေ ၄း၃၀ နာရီ အရောက် ကြွရောက်နိုင်ပါသည်။ ဝင်ကြေးနှင့် ဆွမ်းစရိတ်များပေးရန်မလိုပါ။ ဓမ္မဒါနအလှူဖြစ်ပါသည်။ စခန်းဝင် ယောဂီများသည် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ၈၂-နတ်မောက်လမ်း၊ ဗဟန်း၊ ဒေါ်ငွေငွေထံတွင်လည်းကောင်း၊ ဆရာတော်သီတင်းသုံးနေထိုင်ရာဖြစ်သော လေသာလေးကျောင်း မူလဥယျာဉ်တိုက်၊ လင်း/ တောင်ရပ်၊ စမ်းချောင်းမြို့နယ်၌ လည်းကောင်း စာရင်းကြိုတင် ပေးသွင်းနိုင်ပြီဖြစ်ပါသည်။ အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများကိုလည်း လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းများ - ၀၉ ၇၉၅၁၁၇၇၁၂၊ ၀၉-၅၀၉၅၅၉၀၊ ၀၉-၅၁၃၇၀၈၆ (နိဗ္ဗာန်ရွှေဂူကျောင်း)
- ၀၉- ၄၂၈၁၇၀၈၂၃ (လေသာလေးကျောင်း)
- ၀၁- ၅၄၁၈၆၀ (မိုးကုတ်အဖွဲ့ချုပ်)

မှတ်ချက် - ၁၀-၄-၂၀၁၅ရက် (၂း၀၀)နာရီခန့်တွင် မိုးကုတ်အဖွဲ့ချုပ်မှလည်းကောင်း၊ လေသာလေးကျောင်းမှလည်းကောင်း ကားများကြိုပို့ပေးမည်ဖြစ်ပါသည်။

သင်္ကြန်မှာ ချိုနဲ့အတူ ခရီးသွားရအောင်..ချိုနဲ့ခရီးသွားရတာ အရမ်းအဆင်ပြေတောင်းဆိုတဲ့?
မိတ်ဆောင်း/ထစ် များအတွက် အထူးစေတနာတုလိုက်ထူ၍ *ဗုဒ္ဓဂါယာအခမဲ့လိုက်ပါခွင့်ကံစမ်းမဲ*
Restaurant,Hotel,VIP Tour Express - SCANIA(2+1 (or) 2+2) ကားသစ်ကြီးများဖြင့် Mar-26
သင်္ကြန်ခရီးစဉ်များအားလုံး 50% Discounts အားလုံးစရိတ်ငြိမ်း → Apr-12/13/17
တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–မွေတော်ကက္ကူ–ထမ့်စမ်း
(ကုံလုံဆရာတော်၏ထူးခြားဖြစ်စဉ်ဖူးမျှော်ရန်) ၄ည/၅ရက် ယခင် 320000 ယခု 160000
မန္တလေး–စစ်ကိုင်း–ပြင်ဦးလွင်–ပုဂံ–ပုပ္ပါး(ရွှယ်တော်လေးဆူပြည့်ငါးပြည့်အထူး)
(ညပိုင်း Dinner စားရင်းဖျော်ဖြေမှုပါ။) ၄ည/၅ရက် ယခင် 320000 ယခု 160000
အလောင်းတော်–မန္တလေး–စစ်ကိုင်း–မုံရွာ
**မုံရွာဝင်းယူနတီ ဟိုတယ်တွင် (၂)ညအိပ်** ၄ည/၅ရက် ယခင် 340000 ယခု 180000
ပုဂံ–ညောင်ဦး–ပုပ္ပါး–ပခုက္ကူ (ရွှယ်တော်လေးဆူပြည့်ငါးပြည့်) လမ်းဘုရားစုံ
ရေးဟောင်းပုဂံမြို့ရှိ ရိုးရာဓလေ့များ၊ လေ့လာရင်း Dinner စားရင်း/ဖျော်ဖြေမှုပါ VIP 2+1 Car ၃ည/၄ရက် 120000
၂၀၁၅ သင်္ကြန်အတွက် သီးသန့်အဆင့်မြင့် စရိတ်ငြိမ်း ခရီးစဉ်အားလုံး ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
အမှတ်(၅၄)၊ Orange Center ဘေး၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း။ | အိမ်တိုင်ရာရောက်
Ph: 09-420073607, 09-73211079, 09-31013761 | လက်မှတ်ဝန်ဆောင်မှု

"အမေရိကန်သံတမန်ပညာသင်ဆု US$10000 နှင့်"
အမေရိကန်တွင် ပညာသင်ကြားခြင်းဆိုင်ရာအကြောင်း ဆွေးနွေးပွဲ

CRÖWN EDUCATION
Yangon - Myanmar
Presented By
University of New Hampshire

- အမေရိကန်ပညာရေးစနစ်အကြောင်းနှင့် Top Tier 1 တရင်းဝင် University of New Hampshire မှ ပေးအပ်မည့် ပညာသင်ဆုများအကြောင်း
- ပညာသင်ဆုများ၏ သဘောသဘာဝနှင့် လျှောက်ထားလိုသူများအတွက် သိရှိထားသင့်သည့်အချက်များ
- ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများ နားလည်မှု လွဲမှားလေ့ရှိသည့် အမေရိကန်တက္ကသိုလ်၊ ကောလိပ်ဝင်ခွင့်ဆိုင်ရာများ
- ဆယ်တန်းအမှတ်(သို့) IGCSE အမှတ် ဘယ်လောက်ဆိုရင် အမေရိကန်တက္ကသိုလ်သို့ တိုက်ရိုက် ဝင်ခွင့်လျှောက်ထားနိုင်မလဲ

YANGON
Date : 13 Mar 2015
Time : 10:00 am - 12:00 noon
Venue : CROWN Education Learning Center

MANDALAY
Date : 11 Mar 2015
Time : 3:00 pm - 5:00 pm
Venue : Hotel Mandalay (Sabai Phyu Room)

ထူးချွန်သူများအတွက် မြန်မာကျပ်ငွေသိန်းပေါင်း ၁၀၀ခန့်အထိ ပညာသင်ထောက်ပံ့ကြေးများ

Call Us : 01 527 838
09 730 40 688
09 50 85 185

09-420073607
09-73211079
09-49250637
Car Rental, Sale & Services
ခရီးစဉ် အမျိုးမျိုး၊ အချိန် ပိုင်းနှင့် ပေါ်သယ်အပြင် ကားသစ် မျိုးစုံ ယာဉ်မောင်း/နှစ်ချောင်း ဖြင့် ရောင်း/ဝယ်/ငှားရန် ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

### တိုက်ခန်းကျယ်ရောင်းမည်

အောင်ဇမ္ဗူလမ်း၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ ပေ(၁၈×၅၅)၊ ပထမထပ်၊ BCC ကျပြီး၊ ကြီးပွားရေး အိမ်ရာစီမံကိန်းနှင့် မျက်နှာချင်းဆိုင်၊ အရှေ့ဘက်လှည့်၊ စံပြစျေးအနီး၊ ရေ၊ မီး အစုံပါ။ ရောင်းစျေး(၆၇၀)သိန်း
ဖုန်း-၀၉-၇၃၂၂၄၅၁၇၊ ၀၉-၇၉၈၂၂၄၃၉၂

### စစ်ကိုင်းမြို့မှမြေကွက်ရောင်းမည်

ပေ(၄၀×၉၃)၊ ခြံဝင်းခတ်ပြီး၊ မင်းလမ်းရပ်ကွက်၊ ဘိုးဘွားပိုင်၊ ပွဲဆိပ်၊ စစ်ကိုင်းမြို့၊ ရောင်းစျေး (၅၅၀)သိန်း။
Ph:09-254611771,
09-795444026

# ကလေးပုံပြင်ဇာတ်လမ်းများကိုအဖွဲ့များ ဖွဲ့ခွဲ၍ စာတမ်းပြုစု

**ရန်ကုန် မတ် ၈**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ SVA တို့ ပူးပေါင်း၍ ကျင်းပသော ကလေးများအတွက် စာအုပ်ထုတ်ဝေရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၄ ရက်အထိ ရန်ကုန်မြို့ပန်းဆိုးတန်းလမ်း (လယ်) ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း သင်တန်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

SVA မှ ၁၉၉၇ ခုနှစ်ကတည်းက တိုကျိုမြို့ အာရှနှင့်ပစိဖိတ်ဒေသများတွင် စာအုပ်လုပ်ငန်းဖွံ့ဖြိုးရေး၊ စာတတ်မြောက်ရေး ပါဝင်ကူညီခဲ့သူ Mr. Tajima Shinji နှင့် မြန်မာနိုင်ငံစာရေးဆရာ အသင်းဝင်များ၊ စာပေဗိမာန် ဘာသာပြန်ဌာနမှပါဝင်ကူညီသူများ၊ ကာတွန်းဆရာများက အနုပညာစေတနာဖြင့် ပါဝင်ကူညီကြပြီး ကလေးပုံပြင်ဇာတ်လမ်းများကို အဖွဲ့ (၆)ဖွဲ့ခွဲ၍ စာတမ်းပြုစုကာ ငါးရက်တိုင်တိုင် ဆေးရောင်စုံသရုပ်ဖော်ပြီးနောက် တင်ပြဆွေးနွေး အကြံပြုခဲ့ကြသည်။

အဖွဲ့(၁)မှ စာဖတ်ဖို့ အရေးအမေးတွေးပေးနှင့် အားကစားစိတ်ဓာတ်ညီမျှအပ် ဇာတ်လမ်းပုံပြင်၊ အဖွဲ့(၂)မှ ညီညွတ်ခြင်းသည်အင်အား၊ တုံ့လှည့်မေတ္တာပုံပြင်၊ အဖွဲ့(၃)မှ ရှင်သန်ဖို့ရာ စိမ်းသည့်ကမ္ဘာ၊ ဘီလုံးငှက်မလေးနှင့် ဆင်ဆိုးကြီး၊ အဖွဲ့(၄)မှ သံသရာ၊ ဖားနှစ်ကောင်၊ သာယာလှပသော ကလေးတို့ဝန်းကျင်၊ ရွက်သစ်သတ္တိ၊ အဖွဲ့(၆)မှ ဗာဒံပင်၊ အချင်းချင်းချစ်ကြစို့စသည့် ဇာတ်လမ်းပုံပြင်များကို ဆေးခြယ် သရုပ်ဖော်တင်ပြခဲ့ကြရာ ပါဝင်သူအားလုံး သဘောတူကြကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် အာရှ-ပစိဖိတ်ဒေသများမှ ကလေးစာပေ စာအုပ်များကိုလည်း ခင်းကျင်းပြသခဲ့သည်။

မတ် ၁၊ ၂ ရက်တွင် ရန်ကုန်မြို့ UMFCCI ၌ ကျင်းပခဲ့သည့် မြန်မာနိုင်ငံစာကြည့်မှူးများ ဒုတိယအကြိမ်ညီလာခံတွင် မြန်မာနိုင်ငံအနှံ့မှစာကြည့်တိုက်မှူး ၄၀၀ ကျော်တို့က အဖွဲ့လိုက် ဆွေးနွေးသွားသည့်ထဲမှ ကလေးစာပေများ ပိုမိုထုတ်လုပ်ဖြန့်ချိနိုင်ရန်ဆွေးနွေးချက်များကို မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ ဆရာဟိန်းလတ်နှင့် စာကြည့်တိုက်ပညာရှင်လေးဦးက သဘာပတိအဖြစ် နောက်ဆုံးဆွေးနွေးခဲ့သည်။ **သန့်ဇင်ဝင်း**

## ကော့သောင်းမီးသတ်တပ်ဖွဲ့သို့ အပေါ့စားမီးသတ်စက်နှင့် အရန်မီးသတ်တပ်ဖွဲ့တူညီဝတ်စုံပေးအပ်

**ကော့သောင်း မတ် ၈**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကော့သောင်းမြို့နယ် ရပ်ကွက်နှင့်ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့များအတွက် ထောက်ပံ့ပေးအပ်သည့် အပေါ့စားမီးသတ်စက်နှင့် အရန်မီးသတ်တပ်ဖွဲ့ တူညီဝတ်စုံပေးအပ်ပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမတွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်က အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်ပွဲတွင် အပေါ့စားမီးသတ်စက် ၁၅ လုံး၊ တူညီဝတ်စုံ ၇၃၅ စုံအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများမှ ကော့သောင်းမြို့နယ် ရပ်ကွက်နှင့် ကျေးရွာများမှ အရန်မီးသတ်တပ်ရင်း၊ တပ်ဖွဲ့၊ တပ်စုများမှ တာဝန်ရှိသူများသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ **ကျော်စိုး**(IPRD)



## ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ နတ်တလင်းမြို့နယ်အတွင်း ကွင်းဆင်းကြည့်ရှု

**နတ်တလင်း မတ် ၈**

အမျိုးသား လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များစိ စစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမှတ်ကြီးနှင့် အဖွဲ့ဝင်များသည် မတ် ၄ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆောက်လုပ်လျက်ရှိသော ၁၆ ခုတင်ဆံ့ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာပွန်တိုက်နယ်ဆေးရုံသို့ သွားရောက်ခဲ့ရာ တိုက်နယ်ဆရာဝန်ဒေါက်တာ ဆွေဇင်ဝင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးတို့က ဆေးရုံအခြေအနေများကို တင်ပြသည်။

တိုက်နယ်ဆရာဝန်ကဆေးရုံတွင် လာရောက်ကုသသော လူနာများပြားပြီး နတ်တလင်းမြို့နယ်တွင်သာမကဘဲ မိုးညိုမြို့နယ်ထဲကပါ လာရောက်ကြသဖြင့် လက်ထောက်ဆရာဝန်တစ်ဦး ချထားပေးပါရန်နှင့် တိုက်နယ်ဆေးရုံမှာလည်း ၁၈၅၆ ခုနှစ် ကတည်းက တည်ဆောက်ထားသဖြင့် ကြံ့ခိုင်မှုအားနည်းနေ၍ ပြုပြင်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြခဲ့ကြောင်း သိရသည်။

ထိုအဖွဲ့သည် ဆေးရုံအတွင်း မွေးဖွားဆောင်၊ ဆေးစတိုခန်း၊ ဓာတ်မှန်ဆောင်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက်တာပွန်-ကြို့လေးပင်ချောင်းကူး တံတားနှင့် တာပွန်တူးမြောင်းကို ရေစီးရေလာကောင်းမွန်စေရန်နှင့် လယ်များရေနစ်မြုပ်မှု ကင်းဝေးစေရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး နတ်တလင်းအရှေ့ဘက် တောင်ညိုဆည် ရေလှောင်တမံတူးမြောင်းမကြီးပေတိုင် (၂၄+၉၀၀) ရှိ ရေကျအဆောက်အအုံ အမှတ်(၄)သို့ ရောက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းလတ်က တည်ဆောက်ရေး(၂)က တာဝန်ယူဆောက်လုပ်နေသည့် ရေအားလျှပ်စစ်ကို ဖလံပင်ကျေးရွာအုပ်စု ရွာစေးဖို့ အထက်စုရွာရှိ အိမ်ခြေ ၂၃၉ အိမ်အား လျှပ်စစ်မီးပေးဝေရန် ၂၀ KW တာဘိုင်နှစ်လုံး တပ်ဆင်ပြီးဖြစ်၍ မကြာမီ လျှပ်စစ်မီးပေးနိုင်တော့မည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

ပေတိုင် (၂၇+၂၁၅)ရှိ ရေကျအဆောက်အအုံ(၅)တွင် ၁၅ KW တာဘိုင်တပ်ဆင်၍ ရွာစေးဖို့ အထက်စုရွာအိမ်ခြေ ၂၀၀ အား လျှပ်စစ်မီးပေးဝေရန် စီစဉ်ထားသော်လည်းကျေးရွာ မီးလင်းရေးကော်မတီမှ မြို့နယ်လျှပ်စစ်ရုံးနှင့် ဆက်သွယ်၍ လျှပ်စစ်မီးရရှိရန် ဆောင်ရွက်ထားပြီးဖြစ်သဖြင့် ရိုးရိုး ရေကျ အဆောက်အအုံအဖြစ် ဆောက်လုပ်ထားသည်။

တောင်ညိုဆည်ရေသောက် စနစ်သည် စိုက်ပျိုးရေပေးဝေ ရုံမျှမကဘဲ ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြှင့်တင်ရေးတို့ကိုပါ အထောက်အကူပြု လျက်ရှိကြောင်း ဦးမြင့်ထွန်းလတ်က တင်ပြခဲ့သည်။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌအဖွဲ့နှင့်အတူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မိုးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစပ်ခုံဦး(မြို့ပြ)ဆောက်လုပ်ရေး အင်ဂျင်နီယာ ဦးသန်းနိုင်တို့ လိုက်ပါခဲ့ကြောင်းသိရသည်။ **၀၇၁**


# ဝန်ထမ်းအလိုရှိသည်။

ELECTRONICS

| Position | Sex | Vacancy |
|---|---|---|
| **Senior Accountant**<br>- B.Com (or) LCCI Level III အောင်မြင်ပြီးသူ ဖြစ်ရမည်။<br>- လုပ်ငန်းအတွေ့အကြုံ (၃)နှစ်အထက်ရှိရမည်။<br>- Computer ကျွမ်းကျင်၍ Accounting Software အသုံးပြုနိုင်သူဖြစ်ရမည်။<br>- မိမိ Department နှင့် Junior Accountant များကို စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။ | M/F | 2 |
| **Junior Accountant**<br>- B.Com (or) LCCI Level (III) အောင်မြင်ပြီးသူ ဖြစ်ရမည်။ | F | 3 |
| **Receptionist**<br>- ဘွဲ့ရပြီး အခြေခံအင်္ဂလိပ်စကားပြောအသင့်အတင့်ကျွမ်းကျင်ရမည်။ | F | 1 |
| **Marketing Executive**<br>- တာဝန်အရနယ်များသို့ အချိန်မရွေးသွားရောက်နိုင်ရမည်။<br>- ရုပ်ရည်သန့်ပြန့်၍ ဆက်ဆံရေးကောင်းမွန်ရမည်။<br>- ဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ | M/F | 5 |
| **Sales Promotor**<br>- အခြေခံပညာအထက်တန်းအဆင့်အောင်မြင်ပြီးသူ<br>- ရုပ်ရည်သန့်ပြန့်ပြီး အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။ | M/F | 5 |
| **Driver** (လုပ်သက် (၂)နှစ်နှင့်အထက်)<br>- ၁၄ ပေ Canter မောင်းနိုင်သူ<br>- ကားသေး(Light Truck)နှင့် Saloon ကားမောင်းနိုင်သူ | M<br>M | 2<br>1 |

လိပ်စာ - AA Electronics Ltd. ၄၀၈/၄၁၀၊(ပ)ထပ်၊မဟာဗန္ဓုလလမ်းနှင့်၃၅လမ်းထောင့် လျှောက်လွှာတွင် ကိုယ်ရေးရာဇဝင် (CV)၊ ဖုန်းနံပါတ်၊ စာရိတ္တထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်း ထောက်ခံစာ၊ အိမ်ထောင်စုဇယားမိတ္တူနှင့်အတူ တစ်ပတ်အတွင်း လျှောက်ထားနိုင်သည်။



**Pleasant Times** Travels & Tours
Release Your stress with Pleasant Times
Scania & Man Coach

ထားဝယ်-ရှင်ကိုးရှင် Flight (Mar:27,April:12,17)
တောင်ကြီး(Mar:26,April:12,13,17)
မန္တလေး-ပြင်ဦးလွင်-မင်းကွန်း(Mar:26,April:12)
ပုဂံ (Mar:26,April:12)
မုံရွာ-အလောင်းတော်ကဿပ(Mar:26,April:13)
ငွေဆောင်(Mar:27,April:13)
မှဆယ်-ကြယ်ဂေါင်-ရွှေလီ(Mar:26,April:11)
ရွှေစက်တော်(Mar:13,20,26)
မော်လမြိုင်-စက်စဲ (Mar:13,14,20,21,26,27)
ပြည်(အကောက်တောင်)(Mar:14,21,26)

အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့.
Tel: 01-500993, 09-73158702, 09-73072661, 09-420029003



# Myanmar Music Awards 2014

## ပထမအကြိမ်ကျင်းပပြီးစီးသော မြန်မာဂီတထူးချွန်ဆုပေးပွဲ ကျေးဇူးတင်လွှာ

18-10-2014ရက်တွင် ကျင်းပခဲ့သော **မိုးရာသီမြန်မာဂီတထူးချွန်ဆုပေးပွဲ**နှင့် 20-2-2015ရက် Myanmar Event Park တွင် ကျင်းပပြီးစီးခဲ့သော **2014ခုနှစ် တစ်နှစ်တာ မြန်မာဂီတထူးချွန်ဆုပေးပွဲ**အတွက် **တစ်နှစ်တာပတ်လုံး ထွက်ရှိသမျှ-မြန်မာသံစဉ်သီချင်းများကို အကြံပေး၊ အကဲဖြတ်အမှတ်ပေးခဲ့ကြသော**-စည်သူတင်တင်မြ၊ စည်သူထား၊ စန္ဒရားတင်ဝင်းလှိုင်၊ စန္ဒရားငွေစိုး၊ စန္ဒရားကွန်းဇော်၊ သန်းမြတ်စိုး၊ မောင်သိန်းဝင်း၊ တက္ကသိုလ်လဲ့လဲ့၊ စိမ်းမို့မို့၊ ကိုမြတ်မင်း၊ Leonard မောင်မောင်လွင်

**STEREO သီချင်းများကို အကြံပေး၊ အကဲဖြတ်၊ အမှတ်ပေး-မဲပေးခဲ့ကြသော**-သုခမိန်လှိုင်၊ နွဲ့ယဉ်ဝင်း၊ ယံယံ၊ Lခွန်းရီ၊ မင်းချစ်သူ၊ Jမောင်မောင်၊ စောခူဆဲ၊ နောင်နောင် (SF)၊ ပက်ထရစ်၊ ညီညီသွင်၊ ဦးစောနု၊ အောင်နိုင်စန်း၊ ကိုမြတ်မင်း၊ ကိုစိုင်း(Guitar)၊ ဇော်မျိုးထွဋ်(Emperor)၊ ဇော်ဝင်းထွဋ်၊ Leonard မောင်မောင်လွင်(Emperor)၊ ကျင်ခန်းပုန်း(Plus 3)၊ ဂျွန်အိုဟားရား (Emperor)၊ မြတ်မိုး (Emperor)၊ ခင်မြတ်မွန်၊ မီမီဝင်းဖေ၊ မောင်ဇော်သစ်၊ သော်ဒီဝေ၊ ခင်မောင်သန့်၊ မြင့်မိုးအောင်၊ စည်သူလွင်၊ မျိုးကျော့မြိုင်၊ ဂရေဟမ်၊ နိုင်ဇော်(Lazy Club)၊ ဘိုဖြူ၊ ချောစုခင်၊ ဇဝါ၊ အယ်နောင်း၊ ကိုအောင်၊ လှိုင်ဦးမော်၊ဖိုးကာ၊ မီးမီးခဲ၊ ကျင်ပိ(Lazy Club)၊ ဖိုးဇော်(ROS)၊ ဖိုးလ(The Trees)၊ ဟန်ဇော် (OASIS)၊ မိုးနိုင် (ဂီတမိတ်)၊ ကျားပေါက်(Big Bag)၊ ဂျီလတ်၊ ငယ်ဆူးသစ်၊ ဟဲလေး၊ စိုင်းစိုင်းခမ်းလှိုင်၊ အနဂ္ဂ၊ ရန်ရန်ချမ်း၊ မိချော၊ Rခိုင်၊ ရေဗက္ကာဝင်း၊ ရယ်ဂျီ၊ J Me၊ KGK၊ သားစိုး၊ လင်းလင်း၊ ရေမွန်(Idiot)၊ ကမ္ဘာ(NC-13)၊ အောင်ကိုမြင့်၊ ရဲဇော်မျိုး(Big Bag)၊ ဂျောက်ဂျက်၊ ယုန်လေး၊ ချမ်းအေးဝင်း၊ DJ ဝိုင်း၊ ဖြိုးလေး၊ နေဝင်း၊ ဘိုလေး၊ ဝေလ၊ လွှမ်းပိုင်၊ ရဲရင့်တို့အား Myanmar Music Awards မှ ကျေးဇူးအထူး(အထူး)တင်ရှိပါသည်။

**Beautiful Noises Art Group**



# နေလောင်ကွက်များ ညတွင်းချင်း သက်သာပျောက်ကင်းနည်း

**à ပေါက်ပေါက်**

နေလောင်ကွက်တွေကြောင့် ဘာမှစိတ်ညစ်မနေပါနဲ့။ ဟောဒီမှာ ညတွင်းချင်း သက်သာပျောက်ကင်းစေတဲ့ နည်းလမ်းကောင်းလေးရှိပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့ ချည်သားအဝတ်စ၊ ပန်းသီးရှာလကာရည်(ခေါ်) Apple Cider Veniga (City Mart တွင်ရှိ)၊ အမွှေးရနံ့မပါသော သဘာဝအုန်းဆီစစ်စစ်တို့ လိုအပ်ပါတယ်။

ရှေးဦးစွာ အဝတ်စခြောက်ခြောက်ကို စိုစွတ်သွားအောင် ရေဇလုံတစ်ခုထဲနှစ်စိမ်ပြီး ထိုရေများ ကုန်စင်အောင်ညှစ်ပါ။ ပြီးရင် အဝတ်စကို ပန်းသီးရှာလကာရည် ပက်ဖျန်းပြီး ထိုအဝတ်စဖြင့် နေလောင်ကွက်ပေါ် အသာအယာဖိ၍ ကြပ်ထုပ်ထိုးပေးပါ။ ချက်ချင်းဆိုသလို နာကျင်မှုဝေဒနာများ သက်သာသွားပါလိမ့်မယ်။ ကြပ်ထုပ်ထိုးပြီးနောက် အရေပြား ခြောက်သွေ့သွားအောင် ၁၀ မိနစ်လောက်စောင့်ပြီး အုန်းဆီဖြင့် နေလောင်ကွက်ပေါ် ခပ်သာသာဖိ၍ အသားထဲစိမ့်ဝင်သွားအောင် လိမ်းပေးပါ။ နံနက်အိပ်ရာထတဲ့အခါ နေလောင်ကွက်များ သိသိသာသာ လျော့ပါးသွားတာကို ဒိဋ္ဌမြင်တွေ့ရပါလိမ့်မယ်။ နောက်နေ့တွေမှာလည်း အုန်းဆီဆက်လက် လူးပေးခြင်းဖြင့် နေလောင်အရေပြားများ အလွှာလိုက် ကွာကျသွားစေပါတယ်။

**နေလောင်ကွက်များကို သက်သာစေတဲ့ အခြားအိမ်တွင်းကုထုံးလေးများကတော့**

(၁) ကွေကာအုတ် အခြောက်ကို ချည်သား အဝတ်အိတ်သန့်သန့်ထဲထည့်၍ ရေဇလုံ တစ်ခုထဲနှစ်စိမ်ပါ။ ကွေကာအုတ်အရည်ရစေဖို့ အဝတ်အိတ်ကို အဲဒီဇလုံထဲမှာပင် ညှစ်ယူပါ။ ရလာသော ကွေကာအုတ်အရည်ဖြင့် နေလောင်ကွက်များပေါ် ၂ နာရီခြား တစ်ခါလိမ်းပေးပါ။

(၂) အဆီထုတ်ထားသော နွားနို့တစ်ခွက်ကို၊ ရေလေးခွက်ရော၍ ရေခဲတုံးအနည်းငယ်ထည့်ပါ။ ထိုနို့ရည်အေးအေးဖြင့် နေလောင်ကွက်များပေါ် ၁၅ မိနစ်လျှင် တစ်ကြိမ်စီလိမ်းပေးပါ။

(၃) ပြောင်းဖူးကော်မှုန့်(ခေါ်) Cornstarch ကို ရေနည်းနည်းဖြင့် ပျစ်အောင်လုပ်ပြီး၊ နေလောင်ကွက်ပေါ် လိမ်းပေးနိုင်ပါတယ်။ (ပြောင်းဖူးကော်မှုန့်ကို City Mart တွင် ရရှိနိုင်၏)

(၄) ဆလတ်ရွက်ကိုပြုတ်၍ ရလာသောအရည်ဖြင့် နေလောင်ကွက်များပေါ် လိမ်းပေးပါ။ (ပိုလျှံသော ဆလတ်ရွက်ပြုတ်ရည်များကို ရေခဲသေတ္တာထဲ သိမ်းထားပြီး နောက်နေ့ ဆက်သုံးနိုင်ပါတယ်။)

(၅) နေလောင်ကွက်များပေါ် ဒိန်ချဉ် လိမ်းပေးပြီးနောက် ရေအေးဖြင့် ရေချိုးပါ။

(၆) တစ်ခါသောက် လက်ဖက်ခြောက်ထုပ်တွေကို ရေနွေးစိမ်သောက်ပြီးနောက် စွန့်မပစ်ပါနဲ့။ လက်ဖက်ခြောက်ထဲတွင် ပါရှိသော tannic အက်ဆစ်ဓာတ်များက မျက်ခွံမို့ ရောင်ကိုင်းခြင်းနဲ့ နေလောင်ကွက်များကို ပျောက်ကင်းစေနိုင်လို့ပါပဲ။ ထိုလက်ဖက်ခြောက် အစိုထုပ်ကလေးများကို အအေးခံပြီး သုံးပေးနိုင်ပါတယ်။

အလှအပမြတ်နိုးသူတိုင်း လှသထက် ပို၍လှနိုင်ကြပါစေရှင်။

# တရားမဝင်သယ်ဆောင်လာသော နွားများဖမ်းဆီးရမိ

**နေပြည်တော် မတ် ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၊ ဘုရားကြီးနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် နွားများတရားမဝင်သယ်ဆောင်လာကြောင်း သတင်းအရ မတ်လ ၄ ရက် နံနက် ၃ နာရီခွဲ၌ သက်သေများနှင့်အတူ ဘုရားကြီးမြို့ ဘုရားကြီးလမ်းဆုံ၌ စောင့်ဆိုင်းခဲ့သည်။

ယင်းသို့စောင့်ဆိုင်းနေစဉ် ပဲခူးမြို့ဘက်မှ မွန်ပြည်နယ်ဘက်သို့ နတ်တလင်းမြို့၊ မြို့မရပ်ကွက်နေ တင်ဇော်ထွေး(၃၈)နှစ်မောင်းနှင်ပြီး ဇီးကုန်းကလေးရပ်ကွက်နေ ယာဉ်နောက်လိုက် ထွန်းနေလင်း(၂၅)နှစ်လိုက်ပါလာသော နစ်ဆန်း (၁၂)ဘီးယာဉ်အား ရပ်တန့်စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာ ယာဉ်ပေါ်မှ ခွင့်ပြုချက်တစ်စုံတစ်ရာမပါဘဲ တရားမဝင်သယ်ဆောင်လာသည့် နွားထီး အကောင် ၃၀နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့နေ ကျော်သူ(၃၀)နှစ်နှင့် ခြောက်သဲကျေးရွာနေ ကျော်ဝင်း ၂၈ နှစ်တို့အား တွေ့ရှိရသောကြောင့် တင်ဇော်ထွေးပါလေးဦးအား ဘုရားကြီးနယ်မြေရဲစခန်း(ပ)၁၅/၂၀၁၅၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ကြေးမုံ**

# မွေးမြူရေးဆိုင်ရာအသိပညာပေးဟောပြော

**ဖားကန့် မတ် ၈**

မိုးညှင်းခရိုင် ဖားကန့်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ပြည်သူများ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာအသိပညာဗဟုသုတများတိုးပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲကို မတ် ၃ ရက် နံနက် ၉ နာရီတွင် ဆိပ်မူကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းသည် ကျေးလက်နေပြည်သူများ၏ အဓိကကျသောဝင်ငွေတိုးပွားရေး လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အိမ်ထောင်စုတစ်ခုချင်း၏ မွေးမြူရေးလုပ်ငန်းများ ဆုံးရှုံးမှုမှ ကာကွယ်ပေးပြီး ပိုမိုအကျိုးဖြစ်ထွန်းစေရန် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးနှင့် စနစ်တကျဖြင့် မွေးမြူနိုင်ရေး၊ တိရစ္ဆာန်အာဟာရဗေဒအကြောင်း၊ ကူးစက်ရောဂါများကို ကြိုတင်ကာကွယ်နိုင်ရေး လုပ်ငန်းများအကြောင်းကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသိန်းဆွေဦးက ရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောပွဲသို့ တက်ရောက်လာသည့် ဒေသခံများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများကပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**





သင်္ကြန် အထူးခရီးစဉ်များ Royal Paramount Travels & Tours

| | | | | | |
|---|---|---|---|---|---|
| ဂျပန် | ၉ ရက် | USD 3200 | ဘန်ကောက်-ကမ္ဘောဒီးယား | ၆ ရက် | USD 980 |
| ကိုရီးယား | ၈ ရက် | USD 2200 | ကမ္ဘောဒီးယား-ဗီယက်နမ် | ၈ ရက် | USD 1350 |
| ဝန်ကောက်-ပူးခက် | ၆ ရက် | USD 990 | စင်ကာပူ-မလေးရှား | ၈ ရက် | USD 1350 |
| ဝန်ကောက်-ပတ္တရား | ၆ ရက် | USD 680 | စင်ကာပူ | ၅ ရက် | USD 950 |

Star Cruises

ရောင်းမည်
စက်ရုံလုပ်နေအိမ်၊ ပတ်ဝန်းကျင်သန့် ပေ(၄၀×၆၀)၊ တ/ဒဂုံစက်မှုဇုန်(၂) (၆၃)ရပ်ကွက်၊ သိန်း (၄၀၀၀)ကျပ်၊
Ph: 09 260816167

ယာဉ်မောင်းအလိုရှိသည်
ယာဉ်မောင်းကျွမ်းကျင် ကျား(၂)ဦး
ဆက်သွယ်ရန်-ရုံးချိန်
နံနက် ၉ နာရီမှ ညနေ ၅နာရီ
Ph: 095002156

စက်ကြီးပန်းထိုး Order လက်ခံသည်
ဂျပန်နိုင်ငံထုတ်TAJIMAပန်းထိုးစက်ကြီးများဖြင့် ကျွမ်းကျင်ဝန်ထမ်းများကလူကြီးမင်းတို့၏အပ်နှံမည့် ပစ္စည်းများအားစိတ်တိုင်းကျပန်းထိုးပေးနေပါသည်။ (နိုင်ငံခြား/ပြည်တွင်း)အလုပ်အပ်နှံလိုပါကအောက်ပါ
Phone နံပါတ်များသို့ ဆက်သွယ်ပါရန် -
၀၉-၂၂၀၀၇၉၃၊၀၉-၇၉၇၅၉၉၇၇၇၊
၀၉-၂၅၄၁၁၉၆၁၉၊၀၉-၇၉၇၉၂၂၇၇၇၊
၀၁-၅၉၂၂၃၅၊၀၁-၅၉၂၃၃၁

ကုန်ကျစရိတ်သက်သာစွာဖြင့် အင်ဂျင်နီယာ ပညာသင်ယူလိုသူများအတွက်
City & Guilds
Diploma in Engineering (UK NQF Level 3, 4, 5) သင်တန်းများ
ရွေးချယ်တက်ရောက်နိုင်သော ဘာသာရပ်များ ၀ ၀ ၀ ၀
Electronic Engineering (New)
Electrical Engineering (New)
Mechanical Engineering (New)
(Since 2004) Manufacturing Engineering (New)
ဝထမဦးဆုံးအပ်သူ (၂၀)ဦးအတွက် အထူး Discount + လက်ဆောင်
Electrical Installation
Refrigeration & Air Conditioning
Construction Engineering (Civil)
20.3.2015 စမည်။
ထူးခြားမှုများ
City & Guilds
▶ City & Guilds မှ အသစ်ပြဋ္ဌာန်းလိုက်သော ' New Syllabus ' များဖြင့် သင်ကြားမည်။
▶ အင်ဂျင်နီယာလုပ်ငန်းခွင်အတွက် များစွာအသုံးဝင်သော ' Health and Safety , Environmental Regulation , Working Standard ,Quality Control , Planning and Scheduling , Engineering Design , Personal and Professional Development 'အစရှိသော ဘာသာရပ်များ သင်ကြားရမည်။
▶ GLORYသည် သင်တန်းကျောင်းသက်တမ်း(၁၀)နှစ်အတွင်း သင်တန်းသား (17,210) ကျော် လေ့ကျင့်သင်ကြားပေးခဲ့ပြီး ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုရှင် (၄)ဦး ကို မွေးထုတ်ပေးခဲ့ပါသည်။
GLORY ၁၃၈/ ၁၄၀ ၊ ၃-ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-73121717,09-5197817 www.glory-education.com

# ဝင်ငွေနည်းမိသားစုများ၏လုပ်ငန်းဖွံ့ဖြိုးရေးဆွေးနွေး

**ပခုက္ကူ မတ် ၈**

ပခုက္ကူခရိုင် ပခုက္ကူမြို့၊ အမှတ် (၆) ရပ်ကွက်ရှိ ခေတ်ရှေ့ဆောင်ခန်းမတွင် ADRA (ဖွံ့ဖြိုးရေးနှင့် ကယ်ဆယ်ရေးအေဂျင်စီ) မှ ဦးစီးကျင်းပသော ဝင်ငွေနည်းမိသားစုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (Slim Project) အတွေ့အကြုံနှင့် သင်ခန်းစာများ ပြန်လည်ဝေမျှဆွေးနွေးခြင်း အခမ်းအနားကို မတ် ၅ ရက်နံနက် ၈ နာရီခွဲ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ ADRA Myanmar Country Director ဩစတြေးလျနိုင်ငံသား Mr. Brendon Irvine နှင့် ADRA Myanmar Program Director တောင်အာဖရိကနိုင်ငံသား Mr. Derekstanley ၊ ADRA အဖွဲ့စီမံချက်တာဝန်ခံ ဦးအောင်ဖိုလ်ဖိုလ်ငွေး၊ အကြံပေးကိုယ်စားလှယ် ဒေါ်ဝင်းဝင်းကြည်၊ ဦးခင်မောင်လွင်နှင့် ADRA အဖွဲ့ဝင်များ စုစုပေါင်း ၁၂၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး ဩစတြေးလျနိုင်ငံသား Mr. Brendon Irvine က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဦးအောင်ဖိုလ်ဖိုလ်ငွေးက စီမံချက်လုပ်ငန်းဖော်ဆောင်မှုများအား ရှင်းလင်းပြောကြားပြီး ဒေါ်ဝင်းဝင်းကြည်မှ စားသောက်ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်လေ့လာဆန်းစစ်ချက်များအား ရှင်းလင်းတင်ပြခဲ့ကြသည်။

ဦးခင်မောင်လွင်က စီမံချက်များအပေါ်အကဲဖြတ် သုံးသပ်ချက်များ ရှင်းလင်းတင်ပြပြီး တောင်အာဖရိကနိုင်ငံသား Mr. Derekstanley က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်းသိရသည်။

**ဇေယျာတု(မကွေး)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းပြုလုပ်

**ဘီးလင်း မတ် ၈**

သထုံခရိုင် ဘီးလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနသည် (NRC )အဖွဲ့နှင့်ပူးပေါင်း၍ မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိရာ အနိုင်းပွန်ကျေးရွာအုပ်စုသို့ မတ် ၃ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းတွင် အနိုင်းပွန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငါးရွာမှ အသက် ၁၀နှစ်နှင့် ၁၈နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်သူ ၃၇၆ ဦး၊ ပျောက်ဆုံးပျက်စီးပြုလုပ်သူ ၁၆၂ ဦးနှင့် အိမ်ထောင်စုစာရင်းပျောက်ဆုံးမိတ္တူ ၉၃ ခုတို့ကို မြို့နယ်ဦးစီးမှူး ဦးသိန်းထွဋ်အောင်နှင့် ဝန်ထမ်းများက နေ့ချင်းပြီး အခမဲ့ ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## တပ်မတော်သားများ၊ လုံခြုံရေးအဖွဲ့အစည်းများအတွက်လှူဒါန်း

**သရက် မတ် ၈**

သရက်ခရိုင် သရက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးအစည်းအဝေးခန်းမ၌ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်နေသော တပ်မတော်သားများ၊ ကျဆုံး၊ ဒဏ်ရာရတပ်မတော်သားများ၊ လုံခြုံရေးအဖွဲ့အစည်းများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၅ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ သတင်းမီဒီယာများ၊ ကော်မတီ(၃)ရပ်မှ ကော်မတီဝင်များ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ပေးအပ်သော စုပေါင်းအလှူငွေကျပ် ၁၆၉၀၀၀၀ ကို သရက်မြို့နယ် ကပစ (၁၂) စက်ရုံမှူး ဗိုလ်မှူးကြီးငွေးမြင့်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းရဲတပ်သားသစ် သင်တန်းဆင်း

**ရမည်းသင်း မတ် ၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း ရဲတပ်သားသစ် သင်တန်းအမှတ်စဉ် (၂၀၈/၂၀၁၄) အောင်ဆန်းတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၇ နာရီခွဲက ရမည်းသင်းမြို့ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း(၁)တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဒုတိယရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးကြီးလှမျိုးရှိန်၊ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီး ခင်မောင်သော်၊ ရမည်းသင်းခရိုင်တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဆွေ၊ လေ့ကျင့်ရေးကျောင်းမှ ဒုတိယကျောင်းအုပ်ကြီးနှင့် အရာရှိအရာခံများ၊ ဌာနဆိုင်ရာနှင့် ရပ်မိရပ်ဖများ၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ သင်တန်းသားနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျောင်းဆင်း အောင်ဆန်းတပ်ခွဲမှ နေရာယူပြီး နိုင်ငံတော်အလံအား အလေးပြုပြီးနောက် သစ္စာဆိုကြသည်။

ဆက်လက်၍ ဒုတိယရဲလေ့ကျင့်ရေးအရာရှိချုပ်အား ကျောင်းဆင်းတပ်ခွဲမှ အလေးပြုပြီး၊ တပ်ခွဲစစ်ဆေးခြင်း ခံယူကာ ကတိသစ္စာဆိုကြသည်။ ယင်းနောက် ထူးချွန်ဆုများပေးအပ်ချီးမြှင့်ရာ စံပြကျောင်းသားဆု ကသ ၈၆ ရန်နိုင်ဦး၊ လေ့ကျင့်ရေးထူးချွန်ဆု ကသ ၁၁၀ စည်မွန်သွင်တို့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲလေ့ကျင့်ရေးအရာရှိချုပ်ရဲမှူးကြီးလှမျိုးရှိန်က ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး ကျောင်းဆင်းမိန့်ခွန်းပြောကြားခဲ့သည်။

ယင်းနောက် အမှတ်စဉ် (၂၀၈/၂၀၁၄) အောင်ဆန်းတပ်ခွဲမှ ဒုတိယရဲလေ့ကျင့်ရေးအရာရှိချုပ်အား တပ်စိတ်ပုံ၊ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုရာ တက်ရောက်သူများက ကျောင်းဆင်းတပ်ခွဲအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**







23
မဆလာ
(ဟင်းခတ်အမွှေးအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ငါး၊ ကြက်သား၊ ဝက်သား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၁၀၀၅၆၁၃၈၊ ၀၉၈၆၁၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄င/၇၁၂၇၊ Toyota,Mark II 6x110,SIL(4x2)R၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်မိုးမမကျော်[၁၂/ကမတ(နိုင်)၀၆၂၇၂၁]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ အဖ ဦးခင်စိုး[၁၂/လမန(နိုင်)၁၂၇၄၅၁]နှင့် အမိ ဒေါ်ရီ[၁၂/လမန(နိုင်)၁၂၇၄၅၂]တို့၏သား မောင်ထက်မြတ်စိုး[၁၂/လမန(နိုင်)၁၅၃၄၂၉]သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် ၃-၃-၂၀၁၅ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂Z၊ မြေကွက်အမှတ် V Class ၁၅၀နှင့် ၁၅၀/အေ၊ မြေကွက်တည်နေရာအမှတ်-၁၆၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ဦးလှရွှေ(ခ)ဦးလှဦးအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးလှရွှေ(ခ) ဦးလှဦး[၁၂/သဃက(နိုင်)၀၆၄၀၇၈]ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကိုယ်တိုင်ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတို့၏ထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေ/နိုင်ငံခြားငွေဖြင့် ဝယ်ယူ/ဆောင်ရွက် လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမည်နှင့်လုပ်ငန်းတည်နေရာ | တင်ဒါပိတ်မည့်နေ့ |
|---|---|---|---|
| က | ၀၁/မမ/CE (Kyat) | ကသာ-ဗန်းမော်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းရှိ ကျောက်ကြီး-မြို့ကုန်း ဘူတာကြား တံတားအမှတ် (၁၇၆ အေ) ၆ ပေ အမိုးပိတ်တံတား တိုးချဲ့တည်ဆောက်ခြင်း | ၈.၄.၂၀၁၅ |
| ခ | ၀၁/မမ/CME (MIT)(Kyat) | Propane Gas (1200)Kgs ဝယ်ယူရန် | ၈.၄.၂၀၁၅ |
| ဂ | ၀၂/မမ/CME (MIT)(Kyat) | သုတ်ဆေးရောင်စုံနှင့် ဆက်စပ်ပစ္စည်းများ (1 Lot) ဝယ်ယူရန် | ၈.၄.၂၀၁၅ |
| ဃ | ၀၃/မမ/CME (MIT)(Kyat) | Round Nose Tool (500)Nos ဝယ်ယူရန် | ၈.၄.၂၀၁၅ |
| င | 12(T)1/MR (ML/ISN) (Euro) | Spare Part for Diesel Electric Locomotive (52)Items ဝယ်ယူရန် | ၂၇.၄.၂၀၁၅ |

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၉.၃.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း: 294352,291985,291994

**"မင်္ဂလာဦးဆွမ်းကျွေးနှင့်မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ"**

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊(၁၁)လမ်းအမှတ်(၃၅)နေ
ဦးကျော်အုန်း(ကြက်တူရွေး အကိုက်အခဲပျောက်ဆေး) + ဒေါ်စိန်ယုံ
(TripStar Myanmar Tours & Travel) တို့၏သားထွေး
**မောင်သန့်ဦး(ခ)Mark Tan(CPM,Asia)**
B.C.Sc(UCSY,Yangon)
B.I.T(University of Newcastle,Australia) , MBA(Arcadia University, USA)
BD Manager (Paya Beach Spa & Dive Resort)

**နှင့်**

ရန်ကုန်မြို့၊လသာမြို့နယ်၊မဟာဗန္ဓုလလမ်းအမှတ်(၆၈၇/၆၈၉)နေ
ဦးအောင်ငွေး + ဒေါ်စန်းစန်းလွင်(အောင်သစ္စာ ရတနာရွှေဆိုင်နှင့်
အောင်သစ္စာဦးရတနာရွှေဆိုင်)တို့၏ သမီးကြီး
**မအေးစုနန္ဒာငွေး(ခ)Karen Liu**
B.C.Sc(UCSY,Yangon)
B.I.T(University of Newcastle,Australia)
Certs in Gemology(The Gemological Association of Great Britain)
Solution Consultant(Asterisk Computer(F.E),Singapore)

တို့၏(၂၈.၂.၂၀၁၅)ရက်တွင် Sule Shangri-la Hotel ၌ကျင်းပသောမင်္ဂလာဦးဆွမ်းကျွေးသို့ကြွရောက်ချီးမြှင့်ပေးပါသောနိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌဆရာတော်ဓမ္မဓေဇ်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) နှင့်အဖွဲ့ဝင်ဆရာတော်များအားလည်းကောင်း၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကအဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ(ရေစကြိုဆရာတော်)နှင့်သံဃာတော်များအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသောရန်ကုန်တိုင်းဒေသကြီး တိုင်းဒေသကြီးလွှတ်တော်တရားသူကြီးဒေါ်အေးသန်း B.A(Law),LCB,DBL တို့အားလည်းကောင်း၊ အသိသက်သေအဖြစ်လက်မှတ်ရေးထိုးပေးပါသောအမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓောတရဦးဝိုးဟန်လင်းနှင့်ဇနီးဒေါ်နန္ဒာအောင်တို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသောဦးသွန်းဝေအားလည်းကောင်း၊ (၁.၃.၂၀၁၅)ရက်တွင် Novotel Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့်မင်္ဂလာညစာ စားပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများနှင့်မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသောအမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓောတရဦးဝိုးဟန်လင်းနှင့်ဇနီးဒေါ်နန္ဒာအောင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော မမြရတနာမိုးအားလည်းကောင်း၊ မင်္ဂလာတေးသံသာနှင့်ဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော Forever Studio နှင့် Aroma (Zulu) အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးပါသော December နှင်း နှင့်အဖွဲ့အားလည်းကောင်း၊ ဓါတ်ပုံ/ Video ရိုက်ကူးပေးပါသောဇော်ဇော်နှင့်အဖွဲ့အားလည်းကောင်း၊ မော်တော်ယာဉ်များနှင့်ကူညီပေးပါသောမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ကားအလှဆင်မြန်းပေးပါသော ForeverStudio အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသောမသက်ထားဆွေအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးပါသောမအေးမြတ်လှိုင်အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ချီးမြှင့်ကြပါသောမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ Novotel Hotel နှင့် Sule Shangrila Hotel မှဝန်ထမ်းများအားလည်းကောင်း၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသောလူကြီးမင်းများနှင့်နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးကိုလှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သန့်ဦး + မအေးစုနန္ဒာငွေး**

---

# "မွေးနေ့မင်္ဂလာဆုတောင်း"

သားသမီးတို့ကို လောကအလယ်တင့်တယ်စေရန် ပညာပြည့်ဝ၊ ဉာဏ်စွမ်းအားဖြင့် ရပ်တည်နိုင်အောင် မှန်ကန်စွာ လမ်းညွှန်ပေးခဲ့ပါသော ကျေးဇူးရှင်ချစ်ဒယ်ဒီ.....

**Captain ဦးထွန်းမင်း (တော်ဝင်ရွှေဆိုင်)၏**

(၉-၃-၂၀၁၅)တွင် ကျရောက်သောမွေးနေ့ရက်မြတ်မှသည် နှစ်ပေါင်းရာကျော်သည့်တိုင်အောင် ကျန်းမာသက်ရှည်၊ လိုရာဆန္ဒလွန်ပြည့်ဝလျက် လောကီ လောကုတ္တရာ နှစ်ဖြာအကျိုးဆတိုး ထမ်းရွက်နိုင်ပါစေကြောင်း ဆန္ဒပြုတောင်းဆုခြွေလျက် .....

ချစ်ဇနီး - **ဒေါ်နှင်းနှင်းဝေ (တော်ဝင်ရွှေဆိုင်)**

ချစ်သမီး - **Dr. Sandy Tun Min, MBBS (Sydney)**
**Hunter New England Health, Newcastle**

ချစ်သား - **Dr. Randy Aung, MD (Halifax, Canada)**
**MSc Candidate in Community Health & Epidemiology**

---

**SUN FAR**
**TRAVELS & TOURS CO., LTD.**

| | |
|---|---|
| U.S.A | (17D/16N) |
| Europe | (14D/13N) |
| Japan | (9D/8N) |
| Korea | (8D/7N) |
| Hongkong - China - Shenzhen - Guangzhou - Macau | (7D/6N) |
| Singapore - Kuala Lumpur | (7D/6N) |
| Vietnam | (6D/5N) |
| Bangkok - Phuket | (6D/5N) |
| Bangkok - Pattaya | (6D/5N) |

USA ခရီးစဉ် 13-MAR-2015 တွင် ထွက်ခွာမည်

* 4 Star
* Tour Leader

IATA Accredited Agent

Contacts : 01-376671 , 01-380211 , 01-250866 , 09-73038877 , 09-73038866

---




NOKIA ORIGINAL

Nokia Showroom & Service Center
Showroom (1) : 152A, West Shwe Gone Taing Road, Yae Tar Shay Quarter,Bahan Township, Yangon.
Showroom (2) : No.205, 80th St, Between 30th & 31st Street, Chan Aye Thar Zan Township, Mandalay.

NOKIA Retial Hotline : 09-31873054 (Yangon), 02-34840 (Mandalay)
NOKIA Wholesale Hotline : 09-799902927 (Yangon), 09-971116073 (Mandalay)

UNIQUE STAR TRAVELS & TOURS
ဥရောပ(အင်္ဂလန်) Apr:7,9,12,13 ($ 3900)
အမေရိကား Apr: 8 ($ 4400)
သြစတြေးလျ Apr:11,12 ($ 3400)
ဟောင်ကောင်၊မကာအို Apr:12 ($ 1900)
ဂရိ Apr:11,13 ($ 3900)
ကိုရီးယား Apr:11,12 ($ 2100)
ပေကျင်း+ဟောင်ကောင် Apr:11,12 ($ 1900)
စင်ကာပူ၊မလေးရှား Apr:13 ($ 1300)
ဂျပန် Apr:9,10,11,12,13 ($ 2100)
ကမ္ဘောဒီးယား၊ဗီယက်နမ် Apr:11 ($ 1300)
ဒူဘိုင်း Apr:12 ($ 2700)
အီဂျစ် Apr:11 ($ 2900)
(6)D[ Dream/Safari World, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]Mar:14,21,28/Apr:4,10,11,12,13,14,15,16,18 ($ 1100)
(6)D [ PhiPhi / James Bond Island, Fantasy Show ] Mar : 21,28 / Apr : 10,11,12,13,14,18 ($ 500)
(6)D Mar: 21 / Apr: 11,12 ($ 500)
(8)D Mar: 21 / Apr: 11, 14 ($ 700)
(4)D Mar: 14,28 / Apr: 10,12,14 ($ 300)
(4)D Mar: 14,21,28 / Apr: 13,14 ($ 300)
(6)D Mar:14,28 ($ 400)
ရွှေလီ၊မန္တလေး Apr:12 (320,000)
တောင်ကြီး Apr:12,13 (185,000)
ပုဂံ Apr:12,13 (185,000)
ပုဂံ၊ရွှေစက် Apr:12,13 (185,000)
ပုဂံ၊တောင်ကြီး Apr: 13 (250,000)
ပုဂံ၊မန္တလေး Apr:12,13 (185,000)
ချောင်းသာ Daily (80,000)
ငွေဆောင် Daily (80,000)
ငပလီ Daily (280,000)
(Merciel Hotel & Resort)
(70/A),Kabaaye Pagoda Rd,Bahan Tsp.Ph:8604964, 8604965, 8604966, 708353, 705723, 09 7310 9133,09 7310 9144, 09 7310 9155,09 7310 9166

Holy Land Tour
အစ္စရေး၊ အီဂျစ်၊ ဂျော်ဒန် - (၁၁) ရက်ခရီး
BUSINESSPLUS
BUSINESS PLUS TRAVEL & TOURS
Tel : 01-518 147, 09 731 94 300, 09 7300 3527

တရုတ်
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang
ENGLISH Conversation Practice
ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

ရောင်းမည်
မြေညီ(12½'×50')၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်။
မြေညီ(12½'×50')၊ ဘုရင့်နောင်လမ်းမ
Ph:09-73000038, 09-73000039

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# ကျေးဇူးတင်လွှာ

ဟဲဟိုး၊ ဘော်ဆိုင်း၊ အောင်ပန်း၊ ကလော၊ ပင်းတယမြို့များနှင့် မြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသော ကျေးရွာများတွင် ခေတ်မီရေတူးစက်ကြီး(၅)စီးဖြင့် နေ့/ညမနား အားသွန်ခွန်စိုက် ရေအလုံအလောက်ရရှိအောင် တူးဖော်ပေးခြင်း၊ ရေကိုအလွယ်တကူ သုံးစွဲနိုင်အောင် ရေကန်များတည်ဆောက်ပေးခြင်း၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ တရားစခန်းများနှင့် စာသင်ကျောင်းများအရောက် သန့်ရှင်းသောသောက်သုံးရေကို အဆင်ပြေလုံလောက်အောင် ဆောင်ရွက်ပေးခြင်းတို့အတွက် **ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေးမိသားစု**တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဦးထူးကိုကို (ဥက္ကဋ္ဌ)**
**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်ဒေသခံပြည်သူများ**
**ကျေးလက်နေပြည်သူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)**

# ကျေးဇူးတင်လွှာ

သောက်သုံးရေ အမှန်တကယ် လိုအပ်လျက်ရှိသော ဟိုပုံးမြို့နယ်နှင့် နမ့်စန်မြို့နယ်တို့တွင် သောက်သုံးရေများရရှိအောင် တူးဖော်စီစဉ်ဆောင်ရွက်လှူဒါန်းပေးခဲ့သော **ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဝန်ထမ်းများအား** လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဦးခွန်စံလွင်**
**ဥက္ကဋ္ဌ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့်**
**ဒေသခံရွာသူ/ရွာသားများ ဟိုပုံးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)**

**အမှတ်(၁/၃/၅)ရပ်ကွက်နေ ဒေသခံပြည်သူများ**
**နမ့်စန်မြို့**
**ရှမ်းပြည်နယ်(တောင်ပိုင်း)**

# ကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ သောက်သုံးရေရှားပါးသော တောင်ရိုးလူမျိုးများ၏ ကျေးရွာများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိစေရန် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် စက်ရေတွင်းများ၊ ရေလှောင်ကန်များ တူးဖော်ဆောက်လုပ်လှူဒါန်းပေးပါသော **ကမ္ဘောဇဘဏ်လီမိတက် မိသားစု** အား ကျေးလက်နေ ဒေသခံပြည်သူများက အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ကျေးလက်နေ ဒေသခံတောင်ရိုးလူမျိုးများ**
**ရှမ်းပြည်နယ်(တောင်ပိုင်း)**



















INVITATION FOR OPEN TENDER (2/2015)
[TENDER NO.MPPE/JET A1/T/1(2014-2015)]

1. Open Tender is invited for the Myanma Petroleum Products Enterprise, the Ministry of Energy for the supply of JET A1 (282,000 bbl ± 10%)
2. Tender Closing Date & Time - 16-3-2015,12:00 Hrs
3. Tender Opening Date & Time - 16-3-2015,13:00Hrs
4. Delivery Time - 1st April 2015 to 31st August 2015
5. Tender documents and details information are available at the Department of Finance, the Myanma Petroleum Products Enterprise, Nay Pyi Taw, during office hours commencing 5-3-2015 on payment of Myanmar Kyat One Hundred Thousand (Kyat 100,000)per set.
6. Only bid from tenderer who has purchased tender document officially from the Myanma Petroleum Products Enterprise will be accepted for evaluation.

**Managing Director**
**Myanma Petroleum Products Enterprise**
**Ministry of Energy,No(6)Complex,Nay Pyi Taw**
**Contact Phone No.**
**067-411487/411486/411280**

## Recruitment

## Walk In Interview

1. **Marketing Executive (24)**
2. **Business Advisor(18)**
3. **Manager (6)**

**Requirement:**

- Degree/Diploma (all fields)
- Experience not necessary, training provided
- Good communication skills
- Able speak English is an advantage
- Good salary(bonus+Incentives)
- Age 23 to 35 years.

**Royal Futures Trading**
The Penthouse 12th Floor, MMB Tower, No.166 Upper Pansoden Road
Mingalar Taungnyunt Township, Yangon.
Office (+95-1) 383191, 383192, 383193, 383195

**SUMMER ENGLISH CLASSES**
**FOR YOUNG LEARNERS**
- KET, PET, FCE Short intensive classes
- General English Classes with integrated skills
- (Reading, Writing, Speaking, Listening)
- Essay writing Classes
- English Grammar Classes
- More Information can be obtained from

**Teacher Nilar Htun**
MEd(ELT) (University Plymouth, UK)
BA(English)(Dagon University)
Dip in ELTM, Cert in TESOL,
FCLT (British Council)
**Tel:09-5412643,09-254282397**
nilarhtun2006@gmail.com

### အာရှ ဆောက်လုပ်ရေးကုမ္ပဏီ
ဝန်ထမ်းအလိုရှိသည်

-Sale & Marketing - မ (၃) ဦး
အခြေခံလစာ - ၁ သိန်း ၅ သောင်း
- ရုပ်ရည်ပြေပြစ်ရမည်၊
- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူဖြစ်ရမည်၊
- အသက်(၂၀)နှစ် မှ (၂၇) နှစ်အတွင်းရှိသူဖြစ်ရမည်၊
- အိမ်ထောင်မရှိသူ(အမျိုး)ဖြစ်ရမည်၊
- ကွန်ပျူတာကျွမ်းကျင်ပြီးလုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးခန့်ထားမည်၊
- (၂၅- ၃ - ၂၀၁၅)နေ့နောက်ဆုံးထား၍ CV Form နှင့်တကွလူကိုယ်တိုင်လာရောက်လျှောက်ထားရမည်၊

အမှတ်(၃၅၄-က/ခ၊ ၃၅၅-က)၊ ရတနာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ၊ ( ရာဇာမင်း ဓါတ်ဆီဆိုင်အနီး ၊ Pioneer Car Showroom)
ဖုန်း- 09-251100011, 09-253325263, 09-251100022

### Condo ခန်းများ ရောင်းရန်ရှိသည် (ပွဲစားမလို)

ရွှေတိဂုံဘုရားအနီး၊ အနောက်ရွှေဂုံတိုင်လမ်း၊ lift, swimming pool, Gym 24 hrs generator၊ အခန်းများ ရေ၊ မီး၊ ဆေးသုတ်၊ ကြမ်းခင်း ကွန်ဒို Facility အပြည့်ပါရှိသည်။ အဆင်သင့်နေထိုင်နိုင်သည်။

Ph: 09-31206779, 09-250188137, 09-5153848

### ရောင်းမည်

၁၈ပေ×၅၆ပေ (၈လွှာ)lift ပါ၊ ကြွေပြားခင်း၊ သံပန်းဆန်းရှိတ်၊ Air Con 3လုံး၊ ပြင်ဆင်ပြီး။(သိန်း ၂၀၀၀)

၁၈ပေ×၅၆ပေ (၇လွှာ) lift ပါ၊ Hall (သိန်း ၁၈၀၀)

ဝါယာလက်(၃)လမ်း၊ ဂမုန်းပွင့်ကုန်တိုက်အနီး။

၁၃ပေ×၅၁ပေ၊ ၅လွှာ၊ ထောင့်ခန်း၊ Hall ကုန်းဘောင်(၁၃)လမ်း၊ တ/ဉ။ (သိန်း ၄၅၀)

အကျိုးဆောင်များ ဆက်သွယ်နိုင်ပါသည်။ အကျိုးဆောင် ၂% စျေးနှုန်းအလျှော့အတင်းရှိသည်။

Ph:09-5153529, 09-73034258, 09-255853423

Hot Line No-0930500100

အနာဂတ်မှာ ကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေကို ဖြေရှင်းတဲ့နေရာမှာ လက်တွေ့ကျမှုကို အခြေခံပြီး အပြုသဘောဆောင်တဲ့ ရှုမြင်မှုမျိုး၊ နှစ်ဦးနှစ်ဖက် ညှိနှိုင်းအဖြေထုတ်တဲ့ နိုင်ငံရေးဓလေ့မျိုး၊ အစွန်းမရောက်သည့် အမြင်မျိုးဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းရမှာဖြစ်တယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

# တစ်နှစ်လျှင် ကုန်သေတ္တာအလုံးရေ သုံးသိန်းနီးပါး ဝန်ဆောင်မှုပေးနိုင်မည့် အမှတ်(၁) အလုံအပြည့်ပြည့်ဆိုင်ရာဆိပ်ကမ်း ဖွင့်လှစ်






**နေပြည်တော်　　မတ်　　၈**

ရန်ကုန်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ တိုးချဲ့ဆောက်လုပ်မည့် ဆိပ်ကမ်းများတွင် တစ်ခုအပါအဝင်ဖြစ်သော မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၁) အလုံအပြည့်ပြည့်ဆိုင်ရာဆိပ်ကမ်း ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်တိုးချဲ့ကမ်းနားလမ်းသစ်ပေါ်ရှိ အမှတ်(၁) အလုံအပြည့်ပြည့်ဆိုင်ရာဆိပ်ကမ်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ဦးဟန်စိန်နှင့် မြို့တော်ဝန်ဦးလှမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမှတ်(၁)အလုံအပြည့်ပြည့်ဆိုင်ရာဆိပ်ကမ်း မှတ်တမ်းတင်ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**(ယာပုံ)** ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

# ပွိုင့်-၁၇၅၃ တောင်ကုန်းနှင့် အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်တိုက်ခိုက်ချေမှုန်း

**နေပြည်တော်　　မတ်　　၈**

ကိုးကန့်သောင်းကျန်းသူများသည် လောက်ကိုင်-ချင်းရွှေဟော် ကားလမ်းအား ဒေသခံပြည်သူများ လုံခြုံစိတ်ချစွာသွားလာနိုင်ခြင်းမရှိစေရန်အတွက် မကြာခဏ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက အဆိုပါ ကားလမ်းအရှေ့ဘက်ခြမ်း လုံထန်ကျေးရွာအနီးရှိ ကိုးကန့်သောင်းကျန်းသူအဖွဲ့ ခြေကုပ်ယူထားသော ပွိုင့်-၁၇၅၃ တောင်ကုန်းနှင့်အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းများကို မတ် ၇ ရက် မွန်းလွဲပိုင်းမှစတင်၍ လေကြောင်းပစ်ကူများ၊ အမြောက်ပစ်ကူများရယူ၍ တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများက ပစ်ကူများရယူ၍ ရဲဝံ့စွန့်စားစွာ အဆင့်ဆင့်ခြေကုပ်ယူချီတက်ရှင်းလင်းတိုက်ခိုက်မှုကြောင့် မတ် ၇ ရက် ညနေပိုင်းတွင် စစ်ဗျူဟာအရ အရေးကြီးသော တောင်ကုန်းအချို့ကို သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့တွင် လေကြောင်းပစ်ကူ ခုနစ်ကြိမ်နှင့် အမြောက်ပစ်ကူများရယူ၍ ကိုးကန့်သောင်းကျန်းသူများနှင့် တိုက်ပွဲများ ပြင်းထန်စွာ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

**စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ○**

# ရန်ကုန်အသင်း ဇေယျာရွှေမြေကို ဂိုးပြတ်သွင်း

သတင်းနှင့်ဓာတ်ပုံ
ရှိုင်းထက်ဇော်


ရန်ကုန်နှင့် ဇေယျာရွှေမြေတို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန်　　မတ်　　၈**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

**(YUSC ကွင်း)**

ရန်ကုန်ယူနိုက်တက် - ငါးဂိုး
(ဆီဇာ-သုံးဂိုး၊ ခင်မောင်လွင်နှင့်အီမာဆင်-တစ်ဂိုးစီ)
ဇေယျာရွှေမြေ - နှစ်ဂိုး
(ဆေးလ်ဗား)

ယခုရာသီတွင် ခြေစွမ်းပိုင်းသိသိသာသာကျဆင်းနေသည့် ဇေယျာရွှေမြေအသင်းမှာ ရှုံးပွဲဆက်ခဲ့သလို နှစ်ပွဲဆက် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းမှာ ပုံစံကောင်းကို ဆက်လက်ပြသနိုင်ခဲ့ပြီး စံချိန်တင် ကိုးပွဲဆက်အနိုင်ရလဒ်နှင့်အတူ ထိပ်ဆုံးနေရာကို ဆက်လက်ဆုပ်ကိုင်နိုင်ခဲ့သည်။

ဒဏ်ရာပြဿနာရှိနေသည့် တိုက်စစ်မှူး ကျော်ကိုကို မှလွဲ၍ လူစုံပါဝင်လာသည့် ရန်ကုန်အသင်းမှာ အိမ်ကွင်း၌ ပွဲစကတည်းက

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ❋**

ယနေ့
**မာတိကာ**

သမ္မာအာဇီဝပြုမှ
လူ့ဘဝချမ်းသာ
စာမျက်နှာ - ၂

သဘော်သား ၄၉ ဦး
လိုက်ပါလာသော
ထိုင်ဝမ်ငါးဖမ်းသင်္ဘော
တစ်စင်း ပျောက်ဆုံးနေ
စာမျက်နှာ - ၄

မူးယစ်ဆေးဝါးသယ်ဆောင်၊
ရောင်းဝယ်၊ သုံးစွဲသူများအား
ထောင်ဒဏ်များ ချမှတ်
စာမျက်နှာ - ၇

"“လက်မှုလယ်ယာမှ စက်မှုလယ်ယာ ပြောင်းလဲဖို့ နယူးဟော်လန်ထွန်စက်များကို သုံးကြစို့”"

နယူးဟော်လန်လယ်ထွန်စက်များ၏ကြံ့ခိုင်မှုအတွက် အောက်ပါအစီအစဉ်အတိုင်း လယ်ကွင်းထဲအရောက် အခမဲ့လာရောက် စစ်ဆေးပေးမည်ဖြစ်ပါသဖြင့်ပြုပြင်ရေးဌာနသို့ ဆက်သွယ်ကြပါရန် လေးစားစွာအသိပေးအပ်ပါသည်။



(၁၆.၃.၂၀၁၅) မှ (၈.၅.၂၀၁၅) အထိ၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း နှင့် ရန်ကုန်တိုင်းဒေသကြီး၊
(၂၆.၄.၂၀၁၅) မှ (၅.၅.၂၀၁၅) အထိ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊
(၆.၅.၂၀၁၅) မှ (၂၅.၅.၂၀၁၅) အထိ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊
(၁၅.၆.၂၀၁၅) မှ (၃၀.၆.၂၀၁၅) အထိ၊ ရှမ်းပြည်နယ် (တောင်ပိုင်း / မြောက်ပိုင်း)။



TDD Series (60HP to 98HP)

(၃) နှစ် (၄) ရစ်စနစ်ဖြင့် ရောင်းချပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

တောင်သူကြီးလယ်ထွန်စက်ကုမ္ပဏီ
အမှတ်(၁၁၅၉)၊ ဂိတ်အမှတ်(၂)၊ FMIပဒေသာပင်မြို့တော်၊ ရန်ကုန် - ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
(အရောင်းဌာန) ဖုန်း - (၀၁) ၆၈၇ ၀၀၂၊ ၆၈၇ ၀၀၃၊ ၆၈၇ ၈၈၁၊ (၀၉) ၂၅၀၁ ၇၀၀၈၂၊ ၇၃၀၇ ၀၈၃၀၊ (ပြုပြင်ရေးဌာန) ဖုန်း - (၀၉) ၇၉၉ ၅၂၀ ၃၈၁၊ ၇၉၉ ၅၂၀ ၃၈၂

Email themirror.npt@gmail.com
www.facebook.com/themirrordaily